# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၀) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (14-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၀၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေး



**နေပြည်တော် ဩဂုတ် ၁၃**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘန်ရှောခွန်စံလွင်၊ဦးရွှေကြိမ်းနှင့်ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**



## ရတနာပုံခေတ်နှောင်းပိုင်းလက်ရာ စလေရုပ်စုံကျောင်း

ဆောင်းပါး စာမျက်နှာ- ၄

## ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ် အခမ်းအနားကျင်းပ

စာမျက်နှာ- ၁၉

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်များ လှည့်လည်လေ့လာ

စာမျက်နှာ- ၁၈






ရတနာပုံ
၂၀၁၄ ခုနှစ် ဩဂုတ် ၁၄ ရက်

**အယ်ဒီတာ့အာဘော်**

# ပြည်တွင်းစက်သုံးဆီလုံလောက်မှုရှိစေရေး စီစဉ်ဆောင်ရွက်ပေးနေ

မန္တလေးတိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းရှိ လိုင်စင်ရစက်သုံးဆီအရောင်းဆိုင်များတွင် ယာဉ်တန်းစီမှု၊ စက်သုံးဆီပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ စက်သုံးဆီ ယာယီပြတ်လပ်သွားရသည့် အကြောင်းရင်းမှာ ဇူလိုင်လလယ်ခန့်မှစ၍ နိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ် ရွာသွန်းပြီး ဒေသတချို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေခြင်းကြောင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများဆောင်ရွက်နေသည့် သီလဝါဆိပ်ကမ်းဒေသရှိ Terminal များ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများ အနည်းငယ်နှောင့်နှေးကြန့်ကြာခြင်း၊ သယ်ယူပို့ဆောင်ရာတွင်လည်း လမ်းခရီးအခြေအနေများအရ ဆီတင်ယာဉ်ရောက်ရှိရန် အချိန်အနည်းငယ်ကြန့်ကြာခြင်းကြောင့် အရောင်းဆိုင်တချို့သို့ ဆီတင်ယာဉ်မရောက်မီ စက်သုံးဆီအမျိုးအစားတချို့ ယာယီပြတ်လပ်မှုဖြစ်ပေါ်ခဲ့သည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိပြီး အချို့ဒေသများ၌ ရေကြီးရေလျှံမှုများဖြစ်ပွားမှုကြောင့် လမ်းပန်းဆက်သွယ်မှုများပြတ်တောက်ခဲ့ရာ စက်သုံးဆီတင်ယာဉ်များအပါအဝင် ပို့ဆောင်သွားလာသည့် ယာဉ်များအားလုံး နှောင့်နှေးကြန့်ကြာမှုများဖြစ်ခဲ့ရသည်။ သို့သော် စက်သုံးဆီပြတ်လပ်မှုမရှိစေရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဆိုင် ၉၈ ဆိုင်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဆိုင် ၁၉၆ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးရှိ ဆိုင် ၆၇၂ ဆိုင်အပါအဝင် နိုင်ငံတစ်ဝန်းရှိ ဆိုင် ၃၀၀၀ ကျော်တွင် စက်သုံးဆီများကို နေ့စဉ်ပုံမှန်ဖြန့်ဖြူးပေးလျက်ရှိသည်။

သို့သော် ဝိသမလောဘသားများ၏ စက်သုံးဆီ ပြတ်လပ်တော့မည်ဆိုသည့် ကောလာဟလသတင်းစကားများကြောင့် ပြည်သူများအနေဖြင့် စိုးရိမ်မှုများမြင့်တက်ပြီး အရောင်းဆိုင်ကြီးများ၌ စက်သုံးဆီဝယ်ယူမှု ယခင်ကထက်အဆမတန်များပြားလာသည်။ ထို့ကြောင့် လိုသည်ထက်ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်းများ၊ တချို့က ဈေးနှုန်းမြင့်တင်ပြီး တစ်ဆင့်ပြန်လည်ရောင်းချခြင်းများ မပြုလုပ်မိရန်လိုပါသည်။ ထိုသို့ အရောင်းဆိုင်များ၌ စက်သုံးဆီဝယ်ယူမှု အဆမတန်များပြားလာပြီး ယာဉ်တန်းစီမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက စက်သုံးဆီအမျိုးအစားတချို့ ပြတ်လပ်ရခြင်း၏ဖြစ်စဉ်အမှန်နှင့် ပြည်သူများလိုက်နာရမည့်အချက်အလက်များကို သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် စက်သုံးဆီတချို့ ယာယီပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် စနစ်တကျထိန်းသိမ်းရောင်းချစေလျက်ရှိသည့်အပြင် လိုအပ်ပါက အရေးပေါ်အစီအစဉ်ဖြင့် ဖြည့်တင်းပေးခြင်း၊ ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်သိမ်းထားသော အရောင်းဆိုင်များသို့ ပေးပို့နေသည့် စက်သုံးဆီများကို လိုအပ်သည့် အရောင်းဆိုင်များသို့ ရွှေပြောင်းရောင်းချစေခြင်းတို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးထားသည့်အပြင် အရောင်းဆိုင်များရှိ စက်သုံးဆီအမျိုးအစားအလိုက် လက်ကျန်ရှိပြီး ရောင်းချပေးမှု ရှိ၊ မရှိ၊ သတ်မှတ်ရည်ညွှန်းဈေးထက် ပိုမိုရောင်းချသော စက်သုံးဆီအရောင်းဆိုင်များနှင့် တရားမဝင် စက်သုံးဆီလုပ်ငန်းများ ရှိ၊ မရှိ၊ သီလဝါမှ ထွက်ခွာလာသော ဆီသယ်ယာဉ်များ သက်ဆိုင်ရာအရောင်းဆိုင်များသို့ အချိန်မီရောက်ရှိမှု ရှိ၊ မရှိတို့ကို ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးလျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ ပြည်သူများအနေဖြင့် စက်သုံးဆီများပြတ်လပ်မှုမရှိစေရေးဆောင်ရွက်ပေးနေမှုများကို သိရှိပြီး စက်သုံးဆီများ မလိုအပ်ဘဲ အိမ်တွင်သိုလှောင်ထားရှိပါက မီးဘေးအန္တရာယ်စိုးရိမ်ရသည့်အပြင် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ အရေးယူခံရနိုင်ခြင်းများကို သတိပြုနိုင်စေရေးအတွက် အကြံပြုရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ရှေးဟောင်းသမိုင်းဝင်သိမ်ကျောင်းများကို သွားရောက်ကြည့်ရှု



**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဩဂုတ် ၁၂ ရက် မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် သိမ်ကျောင်းများကို သွားရောက်ကြည့်ရှုခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျောင်းရပ်ရှိ မဟာဓမ္မိကာရာမ ရွှေကျောင်းတိုက်မကြီးသို့ရောက်ရှိပြီး မဟာဓမ္မိကာရာမရွှေကျောင်းတိုက်မကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တ ထုတိဝရ ဆရာတော်ကြီးအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မဟာဓမ္မိကာရာမ ရွှေကျောင်းတိုက်မ သိမ်တော်ကြီးကို ရှေးမူမပျက်ပြန်လည်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဩဝါဒများခံယူခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာဓမ္မိကာရာမ ရွှေကျောင်းတိုက်မ သိမ်တော်ကြီးသို့သွားရောက်ပြီး သိမ်တော်ကြီးတွင် ကိန်းဝပ်အပူဇော်ခံထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကာ ရောင်ခြည်တော်ဖွင့်ပူဇော်၍ ရှေးမူမပျက်ပြန်လည်မွမ်းမံပြင်ဆင်နေမှုများနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ်ဝင်းအတွင်းရှိ စီးတော်မြင်းဝန်သိမ်ကျောင်းနှင့် ဇန်းမော်သိမ်ကျောင်းတို့သို့ ရောက်ရှိပြီး သိမ်ကျောင်းများအတွင်း ကိန်းဝပ်အပူဇော်ခံထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညို၍ ရောင်ခြည်တော်များ ဖွင့်ပူဇော်ပြီး သိမ်ကျောင်းများအတွင်း လှည့်လည်ကြည့်ရှုကြရာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်၊ သမိုင်းပါမောက္ခ(ဌာနမှူး) နှင့် တာဝန်ရှိသူများက လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သိမ်ကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရှေးမူမပျက် တည်ရှိရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ကို ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက မန္တလေးတက္ကသိုလ် သမိုင်းကြောင်းနှင့် နှစ် ၁၀၀ ပြည့်အခမ်းအနားကျင်းပရန် စီစဉ်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၂၉၇၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၂၉၇၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၃၃၃၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၉၇၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း ပဲမျိုးစုံ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိမယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ဧက ၆၅၀၊ ပဲတီစိမ်း ၉၅၆၇ ဧက၊ စွန်တာပြာ ဧက ၄၀၀၊ ပဲစင်းငုံ ၁၂၃၅၅ ဧက စုစုပေါင်း ၂၂၉၇၂ ဧကတို့ဖြစ်ကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မတ်ပဲ ဧက ၈၅၀၊ ပဲတီစိမ်း ဧက ၈၉၅၀၊ စွန်တာပြာ ဧက ၁၁၂၀၀၊ ပဲစင်းငုံ ၁၂၃၅၀ ဧက စုစုပေါင်းဧက ၃၃၃၅၀ တို့ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၉၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၉၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ကွမ်းသီးခြောက် ပိဿာချိန် ၇၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''အရောင်းအဝယ်ဖြစ်နေတဲ့ ကွမ်းသီးခြောက်တွေက နွေရာသီက သိုလှောင်ထားတဲ့ ကွမ်းသီးခြောက်တွေပါ။ ဇူလိုင်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၉၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ လက်ရှိလဲ ဒေသကကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီနှစ် ကွမ်းသီးခြောက်က ပြည်တွင်းမှာကို လိုအပ်ချက် အရမ်းများနေပါတယ်။ ရန်ကုန်ဘက်ကလဲ နေ့စဉ် အမှာကုန်တွေရှိနေပါတယ်"ဟု ဓနုဖြူမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ကွမ်းသီးခြောက်များ ရောင်းအားကောင်းလာသည့်အတွက် ကွမ်းသီးခြောက် သိုလှောင်ထားသူများ၊ ကွမ်းသီးစိုက်ပျိုးရေးလုပ်ကိုင်သူများ၊ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀-၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိတ္ထီလာမြို့နယ် ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

မိတ္ထီလာ ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် တောမကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါကော်မတီ ရွေးချယ်ရာတွင် လိုက်နာရန် အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးရဲအောင်က လက်စွဲစာစောင်နှင့်အညီ ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒဖြင့် မြစိမ်းရောင် ကျေးရွာလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် ဥယျာဉ်ကျေးရွာ၌ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းပံ့ပိုးငွေကျပ်သိန်း ၃၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မျိုးကောင်းမျိုးသန့် နို့စားနွားမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ဆက်လက်ပြောပြ၍ သိရသည်။ **သူသူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ အကွက် (၈၅၂)နေ ဦးမိုးသူ-ဒေါ်မြမြတို့က သမီး မတင်တင်မြင့်အား ရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားတက်ရောက်




မန္တလေး ဩဂုတ် ၁၃

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးမြို့တော်ခန်းမ၌ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ ဆုရရှိသော အားကစားသမားများနှင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တက္ကသိုလ်အဆင့် အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသော မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ်မှ မောင်မြတ်မင်းခန့်၊ ဒုတိယဆုရရှိသော ရတနာပုံတက္ကသိုလ်မှမောင်လမင်းထင်နှင့် တတိယဆုရရှိသော မန္တလေး တက္ကသိုလ်မှ မစုမြတ်ဝတီအောင်တို့အား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်ပြိုင်ပွဲများနှင့် ဟောပြောပွဲများတွင် ထူးချွန်ဆုရ လူငယ်များကိုဂုဏ်ပြုဆုများကိုလည်းကောင်း၊ တက္ကသိုလ်များတွင် လူငယ် စကားဝိုင်းများ၊ ဟောပြောပွဲများပြုလုပ်ပေးခဲ့သည့် တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့အား ဂုဏ်ပြုငွေများကိုလည်းကောင်း အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မျိုးကျော်**

# ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအသိပညာပေးဟောပြော

မန္တလေး ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါရပ်ကွက် အထကခွဲ (၂၅)၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ပြည်ကြီးတံခွန်မြို့နယ် သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ကျော်သူထွန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သွင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၄၀၀ ခန့်တက်ရောက်ကြသည်။

အသိပညာပေးဟောပြောပွဲတွင် ပြည်ကြီးတံခွန်မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများကို အကျယ်တဝင့်ရှင်းလင်းအသိပေး ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သွင်က ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ (၀၃၉)

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ဗိုလ်ကိတ်ပဲအိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ရေကြည် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ဗိုလ်ကိတ်ပဲအိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီထွန်းက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ၂၄ ပြည်ဝင် ဗိုလ်ကိတ်ပဲ အိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ၂၄ ပြည်ဝင် ဗိုလ်ကိတ်ပဲ အိတ်ရေ ၈၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ဗိုလ်ကိတ်ပဲများကို ရေကြည်မြို့နယ်မှလယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပိုင်ရှင်များမှဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

''ရေကြည်မြို့နယ်ကနေ ရန်ကုန်မြို့ကို ဇူလိုင်လထဲမှာ ၂၄ ပြည်ဝင် ဗိုလ်ကိတ်ပဲ အိတ်ရေ ၅၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်ကအဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲ တွေကို ရန်ကုန်ဈေးကွက်က ပြန်လည်ဝယ်ယူမှု အားကောင်းလာပါတယ်။ ဒေသထွက်ပဲတွေ စပါးတွေကို ရေကြည်ဘက်က ကုန်သည်ပွဲရုံလုပ်ငန်းရှင်တွေနဲ့ရန်ကုန်မြို့ကိုပဲ အများစု တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့ကုန်တက်လာတော့ကုန်သည် လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါဝင်ငွေရရှိကာ အဆင်ပြေနေပါတယ်”ဟု ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီထွန်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ဗိုလ်ကိတ်ပဲ တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ရတနာပုံခေတ်နှောင်းပိုင်းလက်ရာ စလေရုပ်စုံကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

သစ်သားဘုန်းကြီးကျောင်းများကို အမရပူရခေတ်နှင့် ရတနာပုံခေတ်တွင် အများဆုံးတည်ဆောက်ခဲ့ကြသည်။ ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးပြီး ကိုလိုနီခေတ်သို့ ရောက်ရှိခဲ့သည့် နောက်ပိုင်းတွင်လည်း သူဌေးသူကြွယ်များက သစ်သားဘုန်းကြီးကျောင်းများကို ဆက်လက်ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

အမရပူရခေတ်နှင့် ရတနာပုံခေတ် သစ်သားဘုန်းကြီးကျောင်းများတွင် အပြောက်အမွမ်းများကို ဦးစားပေးတည်ဆောက်ခဲ့ကြသော်လည်း ကိုလိုနီခေတ် သစ်သားဘုန်းကြီးကျောင်းတချို့တွင် သစ်သားပန်းပုလက်ရာ ရုပ်လုံးရုပ်ကြွများကို ထည့်သွင်းအလှဆင်ခဲ့ကြသည်။ ဗုဒ္ဓဝင်ဇာတ်တော်များတွင်ပါရှိသည့် ဇာတ်ကွက်တစ်ခုခုကို ပုံဖော်ထုလုပ်ထားသည့် ပန်းပုရုပ်များဖြင့် မွမ်းမံတန်ဆာဆင်ထားသည့် ကျောင်းများကို ရုပ်စုံကျောင်းများဟု ခေါ်ဆိုခဲ့ကြသည်။

၎င်းရုပ်စုံကျောင်းများအနက် မန္တလေးတောင်ခြေရှိ မန္တလေးရုပ်စုံကျောင်း၊ စစ်ကိုင်းတောင်ရိုးရှိ အရိယဝံသချောင် ရုပ်စုံကျောင်း၊ မင်းဘူး စလင်းကားလမ်းအနီးရှိ စကုရုပ်စုံကျောင်း၊ စလင်းမြို့ ဝက်သည်းကန်အနီးရှိ စလင်းရုပ်စုံကျောင်း၊ လယ်ကိုင်းရှိ ရုပ်စုံကျောင်းနှင့် စလေမြို့ရှိ ရုပ်စုံကျောင်းတို့သည် အလွန်ထင်ရှားကြသည်။

ထို့အတူ ကျွန်းတိုင်ပေါင်း ၁၀၀ ကျော်ဖြင့် တည်ဆောက်သည့် ဘုန်းကြီးကျောင်းများသည် တိုင်တစ်ရာကျောင်းအမည်ဖြင့်ထင်ရှားခဲ့ရာ တိုင်တစ်ရာကျောင်းများကို မြန်မာနိုင်ငံနေရာအနှံ့၌ မြင်တွေ့ကြရပေသည်။

**စလေမြို့၏ နောက်ခံသမိုင်း**

ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိသည့် စလေမြို့သည် ပုဂံမြို့မှ တောင်ဘက်သို့ ၅၆ ကီလိုမီတာ(၃၄ မိုင်)၊ ချောက်မြို့မှ တောင်ဘက်ယွန်းယွန်းသို့ ၂၃ ကီလိုမီတာ(၁၅ မိုင်) ကွာဝေးသည်။ စလေမြို့တွင် ၁၉၃၀ ပြည့်နှစ်မတိုင်မီထိ မြို့ပိုင်ရုံးစိုက်ခဲ့သော်လည်း ၁၉၃၀ ပြည့်နှစ်တွင် မြို့ပိုင်ရုံးကို ချောက်သို့ ပြောင်းရွှေ့ခဲ့သဖြင့် ချောက်သည် မြို့နယ်အဆင့်ဖြစ်လာကာ စလေသည် ချောက်မြို့နယ်အတွင်းမှ ကျေးရွာကြီးတစ်ခု အဖြစ်ကျန်ရှိခဲ့သည်။

၂၀၁၈ ခုနှစ် မေ ၅ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာနက စလေကျေးရွာအုပ်စုတွင်ပါဝင်သည့် စလေ၊ မန်ကျည်းချောင်း၊ ထန်းပင်ခြံနှင့် သစ်ညိုကုန်းကျေးရွာတို့ကိုပေါင်းကာ စလေမြို့ကို ရပ်ကွက်ငါးကွက်ဖြင့် ဖွဲ့စည်းခဲ့သဖြင့် စလေသည် မြို့အဆင့်ဖြစ်လာခဲ့သည်။ လက်ရှိ ဖွဲ့စည်းထားသည့် စလေမြို့၏ အကျယ်အဝန်းသည် ၁ ဒသမ ၀၂၉ စတုရန်းမိုင်ဖြစ်သည်။

မြန်မာ့စွယ်စုံကျမ်းတွင်ဖော်ပြထားချက်များအရ စလေသည် ယခင်က ပြည်တွင်းသဘော်ဆိပ်မြို့ဖြစ်ပြီး ပဒေသရာဇ်ခေတ်ထွန်းကားခဲ့စဉ်က မြို့ငယ်တစ်ခုအဖြစ် တည်ရှိခဲ့သည်။ စလေသည်ပုဂံခေတ် စလေမင်းခွေးကို အကြောင်းပြု၍လည်းကောင်း၊ ကုန်းဘောင်ခေတ်နှောင်း စာဆိုဦးပုည၏ ဇာတိအဖြစ်လည်းကောင်း၊ အစေ့မပါသော စလေဆီးသီးကြောင့်လည်းကောင်း ထင်ရှားသောမြို့တစ်မြို့ဖြစ်လာခဲ့ကာ စလေ ဦးပုည၊ စလေဆီးသီးနှင့် စလေရုပ်စုံကျောင်းတို့သည် စလေမြို့၏ထင်ရှားသည့်အမှတ်လက္ခဏာများဖြစ်လာခဲ့ကြသည်။

၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ စာရင်းများအရ စလေမြို့တွင် ရုပ်စုံကျောင်းအပါအဝင် ရှေးဟောင်းအဆောက်အအုံ ၁၉ ခု ကို စောင့်ရှောက်ထိန်းသိမ်းပြုပြင်ထားသည်။

**စလေရုပ်စုံကျောင်း**

စလေမြို့တွင် ကုန်းဘောင်ခေတ်လက်ရာ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်းရှိသည့်အနက် ရတနာပုံခေတ်တွင်တည်ဆောက်ခဲ့ပြီး ကိုလိုနီခေတ်တွင် အပြီးသတ်ခဲ့သည့် စလေရုပ်စုံကျောင်းကို ၁၉၉၂ ခုနှစ်တွင် ပြန်လည်မွမ်းမံ၍ ၁၉၉၅ ခုနှစ်တွင် ပြတိုက်အဖြစ် ဖွင့်လှစ်ခဲ့သည်။ စလေမြို့တွင် ယခင်က ရှိခဲ့သည့် ဦးပုညကျောင်းသည် မီးလောင်ပျက်စီးခဲ့ပြီး စာကြည့်တိုက် အုတ်ကျောင်း (ဦးပုညပိဋကတ်တိုက်) မှာမူ ယခုတိုင် တည်ရှိနေဆဲဖြစ်ကာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

စလေရုပ်စုံကျောင်းကို မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စလေမြို့ မြောက်အရပ်မှ ကုန်သည်



ဦးဘိုးကြည်က သုဓမ္မာဂိုဏ်းထောက်ဆရာတော် ဦးဂုဏသီတင်းသုံးရန်တည်ဆောက်ခဲ့ရာ ဆောက်လုပ်ချိန် ၁၀ နှစ်ကြာခဲ့ပြီး ၁၂၅၄ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ရုပ်စုံကျောင်းတည်ဆောက်ခဲ့သည့် မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်ကို "အောင်ကျော်လှဝင်း၊ ရုပ်စုံခင်း"ဟု မှတ်သားခဲ့ကြသည်။

အလှူရှင်ဦးဘိုးကြည်သည် ရုပ်စုံကျောင်း ဆောက်လုပ်၍ ဆရာတော်ဦးဂုဏကို လှူဒါန်းခွင့်ပြုပါရန် ဘုရင့်နန်းတော်သို့ လျှောက်ထားခဲ့ရာ သီပေါမင်းက လိုအပ်မည့်ကျွန်းသစ်များကို နိုင်ငံပိုင်သစ်တောမှ အခွန်အခမဲ့ ခုတ်ယူခွင့်ရှိသည့် စာချွန်တော်ဖြင့် ခွင့်ပြုမိန့်ထုတ်ပြန်ခဲ့သည်။

ကုန်းဘောင်ခေတ်က ရဟန်းတော်များသီတင်းသုံးရန် ကျောင်းများဆောက်လုပ်လှူဒါန်းရာတွင် ကျောင်းထိုင်မည့်ပုဂ္ဂိုလ်နှင့် အလှူရှင်၏ဂုဏ်ကို မူတည်လျက်ကျောင်း၏အရွယ်အစားနှင့် တည်ဆောက်မွမ်းမံပုံ ကန့်သတ်ချက်များရှိခဲ့သည်။ စလေမြို့တွင် ဆောက်လုပ်လှူဒါန်းမည့် ကျောင်းတွင် သီတင်းသုံးမည့် ဦးဂုဏသည် ဂိုဏ်းထောက်ဆရာတော်ဖြစ်၍ အလှူရှင် ဦးဘိုးကြည်ကလည်း သူဌေးတစ်ဦးဖြစ်သဖြင့် ဦးဘိုးကြည်လှူဒါန်းမည့် ကျောင်းကို လှေကားလေးစင်းတပ်ခွင့်နှင့် အိမ်တော်ပုံကျောင်း၏ ပြာသာဒ်ဆောင်နှင့် စနုဆောင်တွင် အပြောက်အမွမ်းများတပ်ဆင်ခွင့်ပြုခဲ့သည်။

ရှေးခေတ်က ဘုရင်များသည် မိမိတို့ မင်းသားဘဝကနေခဲ့သည့် အိမ်များကို ဘုရင်ဖြစ်လာချိန်တွင် သံဃာတော်များကို လှူဒါန်းလေ့ရှိခဲ့သည်။ ၎င်းအိမ်များကို အိမ်တော်ဟုခေါ်ဆိုပြီး အိမ်တော်ပုံကိုအတုယူ၍ ဆောက်လုပ်သောကျောင်းများကို အိမ်တော်ပုံကျောင်းဟုခေါ်ဆိုသည်။

ဦးဘိုးကြည်သည် စလေမြို့အပိုင်၊တညောင်ရွာမှ လက်သမားများကိုခေါ်ယူ၍ ပျမ်းမျှခြောက်ပေလုံးပတ်ရှိသည့်ကျွန်းတိုင် ၁၅၄ လုံးရှိသည့် ကျောင်းကြီးကို ဆောက်လုပ်ခဲ့သည်။ ကျောင်း၏အရွယ်အစားသည် အလျား ၁၅၂ ပေ၊ အနံ ၇၆ ပေဖြစ်သည်။ ကျောင်းကြီးဆောက်လုပ်ရာတွင် အသုံးပြုမည့် ရိက်သံများကို တညောင်ရွာပန်းပဲဖိုတွင်ပြုလုပ်ခဲ့ပြီး အရှည် တစ်လက်မခွဲမှ ၁၃ လက်မထိရှိသည်ဟုဆိုသည်။

**ကျောင်းတည်ဆောက်ပုံ**

စလေရုပ်စုံကျောင်းကို ကျောင်းဦးပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်ပု၊ ဆောင်လှ(ဇေတဝန်ဆောင်)၊ ဆောင်မ(ယွန်းဆောင်)၊ ခုံးဆောင်နှင့်အနောက်ဆောင်(ရေလယ်ဆောင်)တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့သဖြင့် ရှေးမြန်မာဘုန်းတော်ကြီးကျောင်းများ၏ အင်္ဂါအပြည့်အစုံပါရှိသည့် ကျောင်းဖြစ်သည်။

ကျောင်းဦးပြာသာဒ်တွင် မြင့်မိုရ်တောင်ကိုရည်ညွှန်းသည့် ဘုံခုနစ်ဆင့်ပြာသာဒ်ကိုတပ်ဆင်ခဲ့သည်။ လှေကားလေးစင်းတပ်ကျောင်း၏ လှေကားခုံထောင့်ချိုးများတွင် တိရစ္ဆာန်ဦးခေါင်းရုပ်များကို ထုလုပ်တပ်ဆင်ထားရာ အနောက်တောင်ထောင့် လှေကားတွင် ဆင်ခေါင်း၊ အနောက်မြောက်ထောင့်လှေကားတွင် မြင်းခေါင်း၊ အရှေ့တောင်ထောင့် လှေကားတွင် ခြင်္သေ့ခေါင်းနှင့် အရှေ့မြောက်ထောင့် လှေကားတွင် နွားခေါင်းတို့ဖြစ်ကြသည်။ သို့သော် ယခုအချိန်တွင် ၎င်းရုပ်တုများသည် ပီပြင်ထင်ရှားမှု မရှိတော့ချေ။

ထို့အတူ မြောက်ဘက်လှေကားနှစ်စင်းတွင် တပ်ထားသည့် နရားများသည် အမောက်ချွန်၍ ပါးစပ်ဟနေကြပြီး တောင်ဘက် လှေကားနှစ်စင်းတွင် တပ်ဆင်ထားသည့် နရားများသည်အမောက်လုံး၍ ပါးစပ်ပိတ်နေကြသည်။ နရားများ၏ ပါးစပ်အဖွင့်အပိတ်သည် လှေကားအဆင်းနှင့်အတက် ခွဲခြားထားသည့် လက္ခဏာဟုယူဆမှုများရှိခဲ့သည်။ ကျောင်း၏ အနောက်တောင်ဘက်တွင် ယခင်က မီးတင်းကုပ်တစ်ခုရှိခဲ့သည်ဟုဆိုသော်လည်း ယခုအခါ မတွေ့ရှိရတော့ချေ။

ကျောင်းအဆောက်အအုံရှိ အဆောင်များ၏ ပတ်လည်၌ စင်္ကြံပတ်လမ်းနှင့် လသာဆောင်ကို ထုတ်ထားသည်။ စင်္ကြံပတ်လမ်းတွင်စိုက်ထားသည့် တိုင်များကို မိုးရေဝင်၍ ဆွေးမြည့်ခြင်းမှကာကွယ်နိုင်ရန် သဲကျောက်တိုင်ဖုံးများအုပ်ထားပြီး မူလတိုင်ဖုံးများသည် မင်းသား၊ ဇော်ဂျီ စသည့်အရုပ်များကို လက်ရာမြောက်စွာထုဆစ်ထားသည့် သဲကျောက်များဖြစ်သည်။ နောက်ပိုင်းတွင် ပျောက်ဆုံးပျက်စီးသွားသည့်တိုင်ဖုံးများနေရာတွင် ခေါင်းလောင်းပုံတိုင်ဖုံးများဖြင့် အစားထိုးခဲ့သည်။

ကျောင်း၏မြောက်ဘက်မျက်နှာစာ၌ အရှေ့မှ အနောက်ထိ လက်ရန်းတိုင်များနှင့်ခုံးဆောင်အဝင်တံခါးများတွင် ရတနာပုံခေတ်လက်ရာပန်းပုရုပ်များကို မြင်တွေ့ကြရသည်။ ၎င်းအရုပ်များကို ရေစကြိုနယ်မှ ဦးရှမ်း၊ ကိုရွှေပြည့်တို့နှင့်ပန်းပုဆရာများက ထုလုပ်ခဲ့ကြသည်။ သုဓမ္မာဂိုဏ်းထောက်ဆရာတော် ဦးဂုဏသည် ငါးပါးအာရုံ ကာမဂုဏ်၌ နစ်မွန်းနေကြသူများကို ကာမဂုဏ်ကျူးလွန်မှုများကို ရှက်ကြောက်စေရန်နှင့် သံဝေဂရရှိကြစေရန် ပန်းပုရုပ်များကို ထုလုပ်စေခဲ့သည်ဟု ဆိုသည်။

**ဂိုဏ်းထောက်ဆရာတော်ဦးဂုဏ**

ဦးဂုဏကို မင်းတုန်းမင်းနှင့် စိန်တုံးမိဖုရားတို့က ကိုးကွယ်ခဲ့ကြပြီး စလေနှင့်တလုပ်မြို့တို့ကို အပိုင်စားရခဲ့သည့် စိန်တုံးမိဖုရားသည် အပျိုတော်ဘဝကပင် ဦးဂုဏကို ကြည်ညိုစွာကိုးကွယ်ဆည်းကပ်ခဲ့သည်။ စိန်တုံးမင်းသမီးသည် မိဖုရားဖြစ်လာချိန်တွင် ဆရာတော် ဦးဂုဏကို နေပြည်တော်တွင် ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းခွင့်ပြုပါရန် လျှောက်ထားခဲ့သည်။ ဆရာတော်က မိမိမူလသီတင်းသုံးရာ စလေမြို့ရှိ ဒက္ခိဏဝံကျောင်းတိုက်နှင့်ဆင်မကြပ်ကန်တောရကျောင်းတို့၌သာ တစ်လှည့်စီသီတင်းသုံးလိုကြောင်း မိန့်ကြားခဲ့သဖြင့် စိန်တုံးမိဖုရားသည် စလေမြို့ရှိ ဆင်မကြပ်ကန်ရွာတွင် ဇေတဝန်ကျောင်းပုံတောရကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သဖြင့် ဂိုဏ်းထောက်ကန်တောရဟု ထင်ရှားခဲ့သည်။ မင်းတုန်းမင်းကြီးက ဂိုဏ်းထောက်ကန်တောရကျောင်းဝန်းကျင်တာ ၁၀၀၀ နယ်မြေအဝန်းအဝိုင်းကို ဘေးမဲ့နယ်မြေအဖြစ် သတ်မှတ်ခဲ့သည်။

ဆရာတော်ဦးဂုဏသည် စလေမြို့ဒက္ခိဏဝံကျောင်းတွင် ပရိယတ္တိစာပေများကို ခုနစ်ရက်ပို့ချပြီးတိုင်း ဆင်မကြပ်ရွာရှိ ဂိုဏ်းထောက်ကန်တောရသို့ကြွကာ ခုနစ်ရက်တောရဆောက်တည်လေ့ရှိခဲ့သည်။ ထိုသို့သီတင်းသုံးနေစဉ် မြန်မာသက္ကရာဇ် ၁၂၃၁ ခုနှစ်တွင် ကတ္တူလှေပိုင်ရှင် ဦးဝိုက်နှင့်ဇနီးဒေါ်အိမ်ကြွယ်တို့က အဆောင်ကိုးခုပါရှိသည့် ကိုးဆောင်ကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ပြန်ရာ ကျောင်းဆောက်လုပ်သည့် မြန်မာသက္ကရာဇ်ကို "အောင်ကျော်စံအောင်၊ ရွှေကိုးဆောင်"ဟု မှတ်သားခဲ့ကြသည်။

ဂိုဏ်းထောက်ဆရာတော် ဦးဂုဏသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပရေးတာဝန်များကိုထမ်းဆောင်ရကာ ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေသူမည်သူ့ကိုမဆိုခေါ်ယူ၍ ဗုဒ္ဓတရားတော်နှင့်အညီ ဆုံးမရသကဲ့သို့ သာသနာကိုညှိုးနွမ်းစေသည့် ဒုဿီလရဟန်းများကိုလည်း အပြစ်အလျောက်စီရင်ခဲ့ရသည်။

ရပ်ရွာနှင့်သာသနာတာဝန်များကို ထမ်းဆောင်နေရသည့် ဆရာတော်ဦးဂုဏ သီတင်းသုံးရန် ပန်းပုရုပ်စုံကျောင်းကို တည်ဆောက်ခဲ့ချိန်သည် သီပေါမင်းပါတော်မူချိန် (မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်)နှင့် တိုက်ဆိုင်နေသဖြင့် ၁၀ နှစ်ကြာမြင့်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၅၄ ခုနှစ် ဝါဆိုလဆန်း ၅ ရက်တွင် အလှူရှင် ကုန်သည်ဦးဘိုးကြည် ဇနီးမောင်နှံက ဆရာတော်ဦးဂုဏထံ ရေစက်ချလှူဒါန်းခဲ့သည်။

ဆရာတော်သည် ကိုးဆောင်ကျောင်းကို တပည့်ဦးပုညထံ လွှဲအပ်ပေးခဲ့ပြီး ရုပ်စုံကျောင်းတွင် သီတင်းသုံးနေစဉ် အင်္ဂလိပ်အစိုးရက အမှုအခင်းတစ်ခုတွင် သက်သေထွက်ဆိုရန် တရားရုံးသို့ဆင့်ခေါ်ခဲ့သည်။ တရားရုံးက ဦးဂုဏကို ရဟန်းဘွဲ့အမည်မခေါ်ဘဲ ငယ်နာမည်မောင်ထောင်ဟုသာ ခေါ်ဝေါ်သုံးစွဲခဲ့ပြီးနောက် ဆရာတော်သည် အမှုပြီးဆုံးချိန်တွင် ရုပ်စုံကျောင်းမှထွက်ခွာသွားခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နှမ်း ဧက ၂၄၇၂၀ စိုက်ပျိုးပြီးစီး



ပွင့်ဖြူ ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ နှမ်း ဧက ၂၄၇၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက် ပျိုးရာသီ၌ နှမ်း ၁၃၃၉၅ ဧကစိုက်ပျိုးရန်လျာထားပြီး ဇွန်လ ပထမပတ်ကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၄၇၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းစိုက်ပျိုးမှုကို တစ်မြို့နယ်လုံး ၁၃၃၉၅ ဧကစိုက်ပျိုးဖို့လျာထားပြီး ဇွန်လ ပထမပတ်ကစပြီးစိုက်ခဲ့တာ ဒီနေ့ထိ ဧက ၂၄၇၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး ဒေသခံတောင်သူတွေကို ပန်းတိုင်အထွက်နှုန်းများရရှိအောင် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့အတွက် စိုက်ပျိုးနည်းစနစ်တွေကို အသိပညာပေးဆောင်ရွက်ထားပါတယ်။ ဒီနှစ်မှာ နှမ်းဈေးကလဲ ကောင်းမွန်နေတာကြောင့် ဒေသခံတောင်သူတွေက မိုးနှမ်းစိုက်ပျိုးမှုကို ပိုမိုအားထားစိုက်ပျိုးလုပ်ကိုင်ကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိဒေသခံတောင်သူများသည် နှစ်စဉ်မိုးသီးနှံစိုက်ပျိုးရာသီများတွင် ပြည်တွင်းစားသုံးဆီဖူလုံစေရန်၊ သီးနှံဝင်ငွေတိုးပွားစေရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရန် ရည်ရွယ်ပြီး ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ နေကြာတို့ကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခုနှစ်တွင် နှမ်း ၁၃၃၉၅ ဧက၊ နေကြာသီးနှံ ဧက ၉၃၀၊ မြေပဲ ၁၆၆၁ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံစိုက်ဧက ၁၅၉၈၆ ဧက လျာထားစိုက်ပျိုးခဲ့ရာ ယနေ့ထိ နှမ်း ဧက ၂၄၇၂၀၊ မြေပဲ ၃၃၅၉ ဧက၊ နေကြာ ၃၆၂ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံဧက ၂၈၄၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

➢ **စာမျက်နှာ ၄ မှအဆက်**

ဆရာတော်ဦးဂုဏသည် ခန့်မှန်း မြန်မာသက္ကရာဇ် ၁၂၅၈ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ရာ ရုပ်စုံကျောင်းမှထွက်သွားပြီးနောက် ဟသ်ာတနယ်၊ လမုကြီးရွာတွင် သီတင်းသုံးနေထိုင်ခဲ့ကြောင်း ပျံလွန်ပြီးမှသိရှိခဲ့ကြသည်။ ဆရာတော်ဦးဂုဏ၏ တပည့်ရဟန်းများနှင့် ရုပ်စုံကျောင်းကျောင်းဒကာဦးဘိုးကြည်တို့သည် ဟသ်ာတနယ်ရှိ လမုကြီးရွာသို့ လိုက်သွားကြကာ ဆရာတော်၏ အရိုးတော်များကို စလေမြို့သို့ ပင့်ဆောင်ခဲ့ပြီး စလေမြို့လယ်၌ မဟာအဘယစေတီတော်ကိုတည်၍ ဌာပနာခဲ့ကြသည်။

**ရုပ်စုံကျောင်း ပန်းပုလက်ရာများ**

စလေရုပ်စုံကျောင်းတွင် ထုလုပ်ထားသည့် ပန်းပုရုပ်များတွင် ဓမ္မပဒကျမ်း၊ ပါပဝဂ်လာ သိကြားမင်းနှင့် တံခါးစောင့်၊ တဏှာဝဂ်မှ ဥပကနှင့် မဆာဝါ၊ ဓမ္မပဒ၊ ဗြဟ္မဏဝဂ်မှ သုနန္ဒရ သမုဒ္ဒဇာတ်၊ သဟဿဝဂ် မှ ပဋ္ဌာစာရီဇာတ်၊ အရဟန္တဝဂ်မှ ရေဝတဇာတ်၊ ဘူရိဒတ်ဇာတ်တော်မှ မင်းသားနှင့် နဂါးမ၊ မဟာဝါဏိဇဇာတ်တော်မှ လှည်းကုန်သည်နှင့်နဂါးမင်း၊ ပဏ္ဏာသနိပါတ်တော်မှ သီဝိမင်းနှင့် ဥမ္မာဒန္တီ အစရှိသည့် ကာမဂုဏ်အာရုံများအပေါ်၌ လျှပ်ပေါ်လော်လည်ခြင်းကို ရှက်ကြောက်စေရန်ရည်ရွယ်သည့် ရုပ်တုများကို ထုလုပ်တပ်ဆင်ခဲ့သည်။

စလေရုပ်စုံကျောင်းတွင် ထုလုပ်ထားသည့် ရုပ်တုများအနက် ဇာတ်တော်လာရုပ်တု ၃၆ ရုပ်ရှိကြောင်းနှင့် စုစုပေါင်းရုပ်တု ၄၅ ခုရှိကြောင်း စလေပန်းပုရုပ်စုံကျောင်းသမိုင်းစာတမ်းများစာအုပ်တွင် ဇာတ်တော်အမည်များနှင့်တကွ ဖော်ပြထားသည်။ ၎င်းတို့အနက် မူလဇာတ်ဝတ္ထု မဖော်ထုတ်နိုင်သေးသည့် ရုပ်တုတော်များလည်းကျန်ရှိနေပေသည်။

စလေရုပ်စုံကျောင်း၏ သစ်သားပန်းပုရုပ်များသည် ရတနာပုံခေတ် ၁၉ ရာစု လက်ရာများဖြစ်ပြီး အနုပညာလက်ရာ အလွန်ကောင်းမွန်သဖြင့် အခြားရုပ်စုံကျောင်းများထက် ပိုမိုထင်ရှားခဲ့ပေသည်။ ရတနာပုံခေတ်ကုန်ဆုံးလုနီးအချိန်တွင် တည်ဆောက်ခဲ့သည့် ကျောင်းဖြစ်သော်လည်း ရုပ်စုံကျောင်းသည် မြန်မာမှုဗိသုကာလက်ရာဟန်စစ်စစ်ဖြင့်တည်ဆောက်ခဲ့သည့် သစ်သားအဆောက်အအုံတစ်ခုဖြစ်ပေသည်။

မြန်မာ့ဗိသုကာလက်ရာအမွေအနှစ်တစ်ခုဖြစ်သည့် စလေရုပ်စုံကျောင်းသည် ယခုအချိန်တွင်သက်တမ်း နှစ် ၁၆၀ ပြည့်တော့မည်ဖြစ်သော်လည်း အစဉ်အဆက်ကောင်းမွန်စွာထိန်းသိမ်းထားနိုင်ခဲ့မှုကြောင့် ပြည်တွင်းပြည်ပခရီးသွားများကြားတွင် အလွန်ထင်ရှားလျက်ရှိနေပေသည်။

**ကိုးကား**

- **မြန်မာမှု အဆင်တန်ဆာများနှင့် ဘုန်းတော်ကြီးကျောင်းများ (မောင်ယဉ်လှိုင်၊ ပျဉ်းမမြိုင်)**
- **ကမ္ဘာကျော်ပန်းပုရုပ်စုံကျောင်းက ဇာတ်တော်ပန်းပုရုပ်များ (မောင်မောင်လတ်)**

## ဝါခေါင်ရှုခင်း

\- သာဝတ္ထိပြည် ဇေတဝန်ကျောင်း
ရဟန်းအပေါင်း တရားနာ၊
မေတ္တာသုတ်တော် ဒေသနာများ
ဟောကြားချိန်ခါ၊
လူနတ်တို့ စုံလင်စွာ
ဖူးမြော်ကာ မင်္ဂလာရည်မှန်း၊
ဓမ္မတေးသံ စည်ဝေသ
အေးမြငြိမ်းချမ်း။

\- ဖျိုင်းတာရာ ရောင်စဉ်တန်း
နက္ခတ်လမ်း လှဂုဏ်ဆောင်၊
စန္ဒာပျို တူယှဉ်တွဲ
ပုလဲငွေရောင်၊
တိမ်မျှင်ထွေးတဲ့ မိုးတိမ်တောင်
အုံ့မည်းမှောင် သဘင်ကျင်း၊
သရဝဏ် အမည်ဆန်း
ဆိုင်းထမ်းကြယ်မင်း။

\- ဓလေ့ညီ ရိုးရာခင်း
နွဲ့ပျော်ခြင်း စာရေးတံ၊
အလှူရှင် ကမ္ပည်းတပ်
ရေးမှတ်ကြပြန်၊
မဟာဒုတ်ပွဲ ခေါ်ကြတဖန်
စိတ်ရည်သန် နှိုးဆော်ပေး၊
မိတ်ပေါင်းဆွေ လူအများကို
ဖိတ်ကြားတယ်လေး။

\- မြစ်ချောင်းကန် ရေဖွေးဖွေး
လေပြည်သွေး လှိုင်းတံပိုးချီ၊
ကြောင်ကျစ်ပင် ဆူးရစ်ပန်း
ပွင့်လန်းကြသည်၊
သပြေသီးမှည့် ကောက်ကြမည်
အလှစုံညီ သာပေကြောင်း၊
လဝါခေါင် အလှဖူး
ကြည်နူးဖွယ်ကောင်း။ ။

မောင်ကြည်လင်(ရွှေကြိုးကြာ)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်း ပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ခု(စ်)နယ်မြေအတွင်းရှိ ယူကရိန်းတပ်များကို ရှင်းလင်းချေမှုန်းရန် ရုရှားသမ္မတပူတင် ညွှန်ကြား



**မော်စကို ဩဂုတ် ၁၃**

ရုရှားအနောက်ပိုင်း ခု(စ်)နယ်မြေအတွင်းသို့ ဝင်ရောက်လာသည့် ယူကရိန်းတပ်များအား ရှင်းလင်းချေမှုန်းရန် ရုရှားသမ္မတပူတင်က ကာကွယ်ရေးဝန်ကြီးဌာနကို ဩဂုတ် ၁၂ ရက်တွင် ညွှန်ကြားခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၂ ရက်တွင် ကရင်မလင်နန်းတော်၌ ပြုလုပ်ခဲ့သော အစိုးရအဖွဲ့ဆွေးနွေးပွဲတွင် ရုရှားသမ္မတပူတင်က ထိုကဲ့သို့ ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

ခု(စ်)နယ်မြေ အတွင်းသို့ ဝင်ရောက်လာသည့် ယူကရိန်းတပ်များ၏ အဓိကရည်ရွယ်ချက်တစ်ရပ်မှာ ရုရှားပြည်သူများ၏ သွေးစည်းမှုကို ဖြိုခွဲရေးဖြစ်ကြောင်း သမ္မတပူတင်က အဆိုပါဆွေးနွေးပွဲတွင် သုံးသပ်ထားသည်။

ထို့ပြင် ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဓိကတာဝန်မှာလည်း ရုရှားအချုပ်အခြာပိုင်နယ်မြေအတွင်း ရောက်ရှိနေသော ယူကရိန်းတပ်ဖွဲ့ဝင်များကို ရှင်းလင်းချေမှုန်းရေးဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

ယူကရိန်း တပ်များသည် ဩဂုတ် ၆ ရက်မှစ၍ ရုရှားနိုင်ငံအနောက်ပိုင်း ခု(စ်)နယ်မြေအတွင်း နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခဲ့ရာ ရုရှားတပ်များနှင့် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါတိုက်ခိုက်မှုသည် ရုရှားနိုင်ငံအတွက် ဒုတိယကမ္ဘာစစ်နောက်ပိုင်း အကြီးမားဆုံး နယ်စပ်ဖြတ်ကျော် ကျူးကျော်တိုက်ခိုက်ခံရမှု ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ရုရှားနိုင်ငံ၌ကျင်းပသည့် ကာကွယ်ရေးနည်းပညာပြပွဲတွင် တာဝေးပျံ မောင်းသူမဲ့လေယာဉ်များ အီရန်ပြသ

**မော်စကို ဩဂုတ် ၁၃**

ရုရှားနိုင်ငံ၌ ကျင်းပသည့် ကာကွယ်ရေးနည်းပညာပြပွဲတစ်ခုတွင် အီရန်နိုင်ငံက မိုဟာဂျာ-၁၀ အမျိုးအစား တာဝေးပျံမောင်းသူမဲ့လေယာဉ်များကို ထည့်သွင်းပြသနေကြောင်း ရုရှားမီဒီယာများက ဩဂုတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ၂၀၂၄ နိုင်ငံတကာစစ်ရေးနှင့် နည်းပညာပြပွဲကို မော်စကိုမြို့ မျိုးချစ်ပန်းခြံ၌ ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတကာစစ်ရေးနှင့် နည်းပညာပြပွဲတွင် အဆင့်မြင့်နည်းပညာသုံး မိုဟာဂျာ-၁၀ အမျိုးအစား တာဝေးပျံမောင်းသူမဲ့ လေယာဉ်များကို ထည့်သွင်းပြသနေကြောင်း အီရန်တော်လှန်ရေးအစောင့်တပ် တာဝန်ရှိသူများက ပြောကြားသည်။

အီရန်နိုင်ငံသည် မိုဟာဂျာ-၁၀ တာဝေးပျံမောင်းသူမဲ့ လေယာဉ်များ၏ အသေးစိတ်အချက်အလက်များကို ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်း ကြေညာထားပြီးဖြစ်သည်။

ယူကရိန်းစစ်ပွဲတွင် အသုံးချနိုင်ရေးအတွက် အီရန်နိုင်ငံက မိုဟာဂျာ-၁၀ အမျိုးအစား မောင်းသူမဲ့ လေယာဉ်များအပါအဝင် စစ်သုံး မောင်းသူမဲ့လေယာဉ်များကို ရုရှားနိုင်ငံထံ ထောက်ပံ့နေကြောင်း အမေရိကန်နိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများက စွပ်စွဲထားသော်လည်း အီရန်နှင့် ရုရှားနိုင်ငံတို့က ငြင်းပယ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ယခုနှစ် ဒုတိယသုံးလပတ်အတွင်း တောင်အာဖရိကနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ၃၃ ဒသမ ၅ ရာခိုင်နှုန်းထိ မြင့်တက်

**ဂျိုဟန်နက်စဘတ် ဩဂုတ် ၁၃**

ယခုနှစ် ဒုတိယသုံးလပတ်အတွင်း တောင်အာဖရိကနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ၃၃ ဒသမ ၅ ရာခိုင်နှုန်းထိ မြင့်တက်လာကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နှိုင်းယှဉ်ကြည့်ပါက ယခုနှစ် ပထမသုံးလပတ်အတွင်း တောင်အာဖရိကနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ၃၂ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာ ဒုတိယသုံးလပတ်အတွင်း ပိုမိုမြင့်မားလာသည့် သဘောဖြစ်သည်။




တောင်အာဖရိကအစိုးရစာရင်းအင်းများအရ ယခုနှစ် ဧပြီလနှင့် ဇွန်လ ကြားကာလအတွင်း တောင်အာဖရိက၌ အလုပ်လက်မဲ့ပြည်သူ ၈ ဒသမ ၃၈၄ သန်းထိရှိခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၏ ဇန်နဝါရီလနှင့် မတ်လ ကြားကာလအတွင်းမူ အလုပ်လက်မဲ့ဖြစ်သူ တောင်အာဖရိကပြည်သူအရေအတွက်မှာ ၈ ဒသမ ၂၂၆ သန်းထိရှိခဲ့သည်။

နိုင်ငံရင်ဆိုင်နေရသည့် အလုပ်လက်မဲ့နှုန်းထား မြင့်တက်မှုနှုန်းကို လျှော့ချရေးအတွက် လက်ရှိတောင်အာဖရိက ညွန့်ပေါင်းအစိုးရအဖွဲ့က ဦးစားပေးကြိုးပမ်းလျက်ရှိသည်။

တောင်အာဖရိကနိုင်ငံသည် ကမ္ဘာပေါ်တွင် အလုပ်လက်မဲ့နှုန်းအမြင့်ဆုံးနိုင်ငံများထဲတွင် ပါဝင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အီရန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဂျာဗက် ဇာရစ်ဖ် ဒုတိယသမ္မတရာထူးမှ နုတ်ထွက်

**တီဟီရန် ဩဂုတ် ၁၃**

အီရန်ဒုတိယသမ္မတ မိုဟမ်မက် ဂျာဗက်ဇာရစ်ဖ်သည် ဒုတိယသမ္မတရာထူးရယူခဲ့ပြီး ၁၁ ရက်အတွင်း ရာထူးမှနုတ်ထွက်ခဲ့ကြောင်း ဩဂုတ် ၁၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

အီရန်သမ္မတသစ် ပါဇက်ရှ်ကီရမ်၏ အစိုးရအဖွဲ့ဝန်ကြီးသစ်များရွေးချယ်ပုံကို မကျေနပ်မှုကြောင့် ဒုတိယသမ္မတရာထူးမှ ဂျာဗက်ဇာရစ်ဖ် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

သမ္မတပါဇက်ရှ်ကီရမ် အမည်စာရင်းတင်သွင်းထားသည့် ဝန်ကြီးသစ်များအနက် အနည်းဆုံး ခုနစ်ဦးမှာ စိတ်တိုင်းကျရလောက်သည့် ဝန်ကြီးများ မဟုတ်ကြောင်း ဇာရစ်ဖ်က ပြောကြားထားသည်။

ဇာရစ်ဖ်သည် သမ္မတပါဇက်ရှ်ကီရမ် သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိရေးအတွက် အဓိကအခန်းကဏ္ဍတွင် ပါဝင်ခဲ့သူဖြစ်ရာ ၎င်းအနေဖြင့် ရာထူးမှ နုတ်ထွက်သွားမှုသည် သမ္မတ ပါဇက်ရှ်ကီရမ်အတွက် နိုင်ငံရေးအရ ထိုးနှက်ချက်တစ်ရပ်ဖြစ်ခဲ့ရသည်။

သဘောထားအလယ်အလတ်ရှိ နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သော ဇာရစ်ဖ်သည် ၂၀၁၃ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် ကြားကာလအတွင်း အီရန်နိုင်ငံခြားရေး ဝန်ကြီးတာဝန် ရယူခဲ့သူဖြစ်သည်။

အီရန်နိုင်ငံခြားရေး ဝန်ကြီးအဖြစ် တာဝန်ယူထားစဉ်အတွင်း ဇာရစ်ဖ်သည် အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံ ခြောက်နိုင်ငံတို့ကြား ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက် ရယူနိုင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



## အရှေ့အလယ်ပိုင်းဒေသ စစ်ရေးတင်းမာမှုများမြင့်တက်စဉ် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများမြင့်တက်

**နယူးယောက် ဩဂုတ် ၁၃**

အရှေ့အလယ်ပိုင်း ဒေသ၌ စစ်ရေးတင်းမာမှုများ မြင့်တက်နေစဉ် ကမ္ဘာ့ရေနံဈေးကွက်၌ ဩဂုတ် ၁၂ ရက်တွင် သုံးရာခိုင်နှုန်းကျော်ထိ မြင့်တက်လာကြောင်း သိရသည်။

ဩဂုတ် ၁၂ ရက်တွင် ကမ္ဘာ့ရေနံဈေးကွက်၌ အချို့နိုင်ငံတကာ စံမှတ်ရေနံဈေးနှုန်းမှာ ရေနံစိမ်းတစ်စည်လျှင် ၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၃၀ ထိ ရှိလာကြောင်း သိရသည်။

အရှေ့အလယ်ပိုင်း ဒေသ စစ်ရေး တင်းမာမှုများကြောင့် ကမ္ဘာ့ရေနံဈေးကွက်သို့ ရေနံဖြည့်တင်းပေးနိုင်မှု အကန့်အသတ်ရှိလာမည့်အရေးကို နိုင်ငံတကာက စိုးရိမ်နေစဉ် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အရှေ့အလယ်ပိုင်းဒေသ၌ အစ္စရေးနှင့် အီရန်တို့ကြား စစ်ရေးတင်းမာမှုများ မြင့်တက်လျက်ရှိသည်။

အီရန်နိုင်ငံ တီဟီရန်မြို့၌ ဇူလိုင် ၃၁ ရက်က ဟားမတ်စ်အုပ်စုခေါင်းဆောင် အစ္စမေးလ် ဟာနီယာ လုပ်ကြံခံရမှုအတွက် အစ္စရေးတွင် တာဝန်ရှိကြောင်း အီရန်နှင့် ဒေသတွင်းမဟာမိတ်အုပ်စုများက စွပ်စွဲထားသည်။


ဟာနီယာ လုပ်ကြံခံရမှုအတွက် အီရန်နှင့် မဟာမိတ်များက ဩဂုတ် ၁၅ ရက်တွင် စစ်ရေးအရ တုံ့ပြန်တိုက်ခိုက်ဖွယ်ရှိသည်ဟု ထင်မြင်ချက်များ ပေါ်ထွက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အင်္ဂါဂြိုဟ် မြေမျက်နှာပြင်အောက် ၁၂ မိုင်အကွာတွင် ရေခဲတော်အမြောက်အမြားတည်ရှိနေ




**ဝါရှင်တန် ဩဂုတ် ၁၃**

အင်္ဂါဂြိုဟ် မြေမျက်နှာပြင်အောက် ၁၂ မိုင်အကွာတွင် ရေခဲတော်အမြောက်အမြားတည်ရှိနေကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ခဲ့သော Insight အင်္ဂါဂြိုဟ်ဆင်းယာဉ်မှ ရရှိသောအချက်အလက်များအရ အင်္ဂါဂြိုဟ်မျက်နှာပြင်အောက် ၁၂ မိုင်အကွာတွင် ရေခဲတော်များအရည်ပုံစံဖြင့် အပြည့်ရှိနေသော ကျောက်ပွလွှာများရှိနေကြောင်း သိရသည်။

ရေခဲတော်များတည်ရှိနေသော ၎င်းကျောက်ပွလွှာသည် ထုအားဖြင့် တစ်မိုင်ခန့်ရှိပြီး အင်္ဂါဂြိုဟ်တစ်ခွင်လုံးလုံး ရှိနေနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အဆိုပါအင်္ဂါဂြိုဟ် မြေအောက်လှောင်ကန်တည်ရှိရာနေရာမှာ အလွန်တရာနက်ရှိုင်းသည်ဖြစ်ရာ လက်ရှိနည်းပညာများဖြင့် တူးဖော်ရန်မဖြစ်နိုင်သေးကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

မြေအောက်ကို အနက်တစ်မိုင်ထိတူးဖော်မှုသည် ကမ္ဘာမြေပေါ်မှာပင် အလွန်ခက်ခဲသည့် အလုပ်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အင်္ဂါဂြိုဟ် မြေမျက်နှာပြင်ပေါ်ရှိ မြေအောက်သမုဒ္ဒရာများမှာ လွန်ခဲ့သည့်နှစ်ပေါင်း သုံးဘီလီယံကျော်ကပင် ပျောက်ကွယ်ခဲ့သည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ပုဂ္ဂလိကအာကာသစခန်းသစ်များ လေ့လာစူးစမ်းနိုင်မည့် အာကာသမစ်ရှင်ကို ယခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် Space- X ကုမ္ပဏီ စီစဉ်

**ဝါရှင်တန် ဩဂုတ် ၁၃**

ကမ္ဘာဂြိုဟ်၏ဝင်ရိုးစွန်းဒေသများကို ကမ္ဘာပတ်လမ်းကြောင်းပေါ်မှတစ်ဆင့် ပုဂ္ဂလိကအာကာသစခန်းသစ်များ လေ့လာစူးစမ်းနိုင်မည့် အာကာသမစ်ရှင်ကို ယခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် Space-X ကုမ္ပဏီက စီစဉ်ထားကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

Fram-2 အမည်ရှိ အထက်ပါမစ်ရှင်အရ Space-X ကုမ္ပဏီသည် ပုဂ္ဂလိက အာကာသခရီးသည်လေးဦးလိုက်ပါမည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်သည်။

လွှတ်တင်ပြီးချိန်တွင် Crew Dragon အာကာသလူသယ်ယာဉ်သည် ကမ္ဘာမြေပြင်အထက်အမြင့် ၂၄၉ မိုင်မှ ၂၆၄ မိုင်ကြားပတ်လမ်းပေါ်တွင် နေရာယူ၍ကမ္ဘာကို လှည့်ပတ်မည်ဖြစ်သည်။



သုံးရက်မှငါးရက်ထိ ကြာမြင့်နိုင်မည့် Fram-2 မစ်ရှင်အတွင်း အာကာသခရီးသည်များအနေဖြင့် ကမ္ဘာဂြိုဟ်၏ ဝင်ရိုးစွန်းဒေသများကို လေ့လာနိုင်မည်ဖြစ်သည်။

Fram-2 မစ်ရှင်သည် Space-Xကုမ္ပဏီအတွက် ဆဋ္ဌမမြောက် ပုဂ္ဂလိကအာကာသခရီးစဉ်ဖြစ်လာလိမ့်မည်ဖြစ်သည်။

Fram-2 ပုဂ္ဂလိကအာကာသခရီးသည်များသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ လူသားတစ်ဦးကို ပထမဆုံးအကြိမ် ဓာတ်မှန်ရိုက်ကူးရန်လည်း စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## Space-X အာကာသနည်းပညာ ကုမ္ပဏီက ၂၄ နာရီ ဆိုင်းငံ့ထားရသော စတားလင့်ခ်မစ်ရှင်ကို လွှတ်တင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၁၃**

အမေရိကန်နိုင်ငံအခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ၂၄ နာရီဆိုင်းငံ့ထားရသော စတားလင့်ခ်မစ်ရှင်ကို ဩဂုတ် ၁၂ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တုသစ် ၂၃ စင်းကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဩဂုတ် ၁၂ ရက်တွင် ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၄ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် မူလက အဆိုပါမစ်ရှင်ကို ဩဂုတ် ၁၀ ရက်တွင် လွှတ်တင်ရန်စီစဉ်ခဲ့သော်လည်း လွှတ်တင်ရန် ၄၆ စက္ကန့်မျှအလိုတွင် အစီအစဉ်ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

ဩဂုတ် ၁၁ ရက်က စတားလင့်ခ်မစ်ရှင်ကို လွှတ်တင်ခါနီးမှ အဘယ်ကြောင့် ဖျက်သိမ်းခဲ့ရသည်ကို Space-X ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် လက်ရှိအချိန်တွင် ၎င်းတည်ဆောက်နေသော စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက် အတွက် စတားလင့်ခ်ဂြိုဟ်တုအစင်း ၆၈၀၀ ကျော်လွှတ်တင်ထားပြီး ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## မိသားစုအတွင်း ကလေးတစ်ဦး၌ အော်တစ်ဇင်ရှိခဲ့ပါက အခြားကလေးများတွင် အော်တစ်ဇင်ဖြစ်နိုင်ခြေမြင့်မားနိုင်

**နယူးယောက် ဩဂုတ် ၁၃**

မိသားစုအတွင်းရှိ ကလေးတစ်ဦး၌ အော်တစ်ဇင်ရောဂါရှိခဲ့ပါက အခြားကလေးများတွင်လည်း အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မိသားစုအတွင်းရှိ အစ်ကို၊ အစ်မများ၌ အော်တစ်ဇင်ရောဂါရှိနေပါက ကျန်ညီအစ်ကိုမောင်နှမကလေးများတွင်လည်းအော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားသည်။

သို့ဖြစ်ရာ မိသားစုဝင်ကလေးတစ်ဦးတွင် အော်တစ်ဇင်ရောဂါရှိခဲ့ပါက ကျန်ကလေးများ၌ အော်တစ်ဇင်ရောဂါဖြစ်နိုင်ခြေ ရှိ၊ မရှိကို မိဘများအနေအဖြင့် သတိထားသင့်ကြောင်း ဆေးပညာရှင်များက အကြံပြုထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ညီအစ်ကို၊ မောင်နှမများကြား အော်တစ်ဇင်ရောဂါရှိခဲ့ဖူးသည့်ကလေး ၁၆၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ညီအစ်ကို၊ မောင်နှမများကြား အော်တစ်ဇင်ဖြစ်ပွားခဲ့ဖူးသည့် ကလေးငါးဦးလျှင် တစ်ဦးတွင် အော်တစ်ဇင်ရောဂါဖြစ်နိုင်ခြေ မြင့်မားနေတတ်သည်ကိုတွေ့ရကြောင်းသုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

## အားစိုက်ရသည့် တစ်မိနစ်ကြာလေ့ကျင့်ခန်းများက လေဖြတ်လူနာများအတွက် အကျိုးရှိ

**အော့တဝါ ဩဂုတ် ၁၃**

အားစိုက်ရန်လိုအပ်ပြီး တစ်မိနစ်ကြာမြင့်သည့် ကိုယ်ကာယလေ့ကျင့်ခန်းများကို အဖန်ဖန်ပြုလုပ်ပေးမှုသည် လေဖြတ်ထားသည့်လူနာများအတွက် ကျန်းမာရေးအရ အကျိုးရှိကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

လေဖြတ်မှုသည် ကုသ၍ရနိုင်သည့် ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သော်လည်း လေဖြတ်ထားသူလူနာသုံးပုံနှစ်ပုံကျော်မှာ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်ရေးအတွက် လိုအပ်နေဆဲဖြစ်သည်။


ကနေဒါနိုင်ငံ မက်မာစတာ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏လေ့လာချက်အရ တစ်ကြိမ်လျှင် တစ်မိနစ်ကြာမြင့်သော အားစိုက်ရသည့် လေ့ကျင့်ခန်းများကို အကြိမ်ကြိမ်ပြုလုပ်ခြင်းဖြင့် လေဖြတ်လူနာများ ပြန်လည်ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုနိုင်ကြောင်း သိရသည်။

ကနေဒါ သုတေသနပညာရှင်များသည် လေဖြတ်လူနာ ၈၂ ဦးတို့ကို စုဆောင်းခေါ်ယူလေ့ကျင့်ခန်းများပြုလုပ်စေခြင်းဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသောရလဒ်များအရ အားစိုက်ရန်လိုသော လေ့ကျင့်ခန်းများကို အကြိမ်ကြိမ်ပြုလုပ်ခြင်းဖြင့် လေဖြတ်လူနာများ၌ ကိုယ်ကာယကြံ့ခိုင်မှုအခြေအနေ ပုံမှန်ထက်မြင့်တက်လာသည်ကို တွေ့ရကြောင်းသုတေသန ပညာရှင်များက ပြောကြားသည်။

အထက်ပါလေ့လာတွေ့ရှိချက်အရ အားစိုက်ရသည့်အချိန်တို လေ့ကျင့်ခန်းများကို လေဖြတ်လူနာများအနေဖြင့် ပြုလုပ်သင့်သည်ကို တွေ့ရသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Canadian Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ပေါ့ပရင် ဆွတ်ခူးရရှိ

**အော့တဝါ ဩဂုတ် ၁၃**

ကနေဒါနိုင်ငံတွင် ကျင်းပနေသည့် Canadian Open တင်းနစ်ပြိုင်ပွဲတွင် ဩစတြေးလျတင်းနစ်ကစားသမား ပေါ့ပရင်က ရုရှားတင်းနစ်ကစားသမား ရူဘလက်ဖ်အား အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဗိုလ်စွဲရန် ရေပန်းစားနေသည့် ရူဘလက်ဖ်အား ထင်မှတ်မထားသော လက်စွမ်းမျိုးဖြင့် အနိုင်ရရှိခဲ့သည့် ပေါ့ပရင်အနေဖြင့် အကောင်းဆုံး လက်စွမ်းပြကစားကာ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ပေါ့ပရင်အနေဖြင့် Canadian Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့် ၂၃ နေရာသို့ တက်လှမ်းခွင့်ရတော့မည်ဖြစ်သကဲ့သို့ US Open တင်းနစ်ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်ခွင့် ရတော့မည်ဖြစ်သည်။

ထို့ပြင် ပေါ့ပရင်သည် ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် ဩစတြေးလျနိုင်ငံ ကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး တတိယအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ပေါ့ပရင်အနေဖြင့် အိုလံပစ်အားကစားပွဲတော်တွင် တတိယအဆင့်သို့ တက်လှမ်းနိုင်ခဲ့သကဲ့သို့ Canadian Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ဩစတြေးလျတင်းနစ်ကစားသမား ဟီဝစ်၏ အကြံပြုချက်များကြောင့် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပေါ့ပရင်က "ဟီဝစ်ဟာ အိုလံပစ် အားကစားပွဲတော်တစ်လျှောက်လုံးမှာ ကျွန်တော်နဲ့ အတူရှိနေခဲ့တယ်။ ကျွန်တော့်ကို အကြံကောင်းတွေ ပေးခဲ့တယ်။ သူ့ရဲ့ အကြံပြုချက်တွေကြောင့်လဲ အိုလံပစ်မှာ တတိယအဆင့်အထိ ရောက်ခဲ့တယ်။ အခုတစ်ခါထပ်ပြီးတော့ ကျွန်တော့်ကို အကောင်းဆုံး အကြံပြုချက်တွေ ပေးခဲ့တယ်။ သူ့ရဲ့အကြံပြုချက်တွေကြောင့် ချန်ပီယံဖြစ်ခွင့်ရခဲ့တယ်။ စိတ်ဓာတ်တက်ကြွအောင်လဲ ပြောပေးတယ်။ ကျွန်တော့်ကို တွေ့တိုင်းလဲ မင်းဟာ ကမ္ဘာ့အကောင်းဆုံး တင်းနစ်ကစားသမားတစ်ယောက်ဆိုပြီး ကျွန်တော့်ကို တက်ကြွအောင် လှုံ့ဆော်ပေးခဲ့တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL



# ဂျိုအန်ဂမ်ပါဖလားပြိုင်ပွဲတွင် ဘာစီလိုနာအသင်းက မိုနာကိုအသင်းကို ဂိုးပြတ်ရှုံးနိမ့်



**ဘာစီလိုနာ ဩဂုတ် ၁၃**

ဘာစီလိုနာ အသင်းသည် ဘောလုံးရာသီသစ် မစတင်မီ ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သည့် ဂျိုအန်ဂမ်ပါ ဖလားပြိုင်ပွဲတွင် မိုနာကိုအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် ယခုနှစ် ရာသီကြို ငါးပွဲမြောက် ခြေစမ်းပွဲစဉ်အဖြစ် ကစားခဲ့သည့် ဂျိုအန်ဂမ်ပါ ဖလားပြိုင်ပွဲတွင် တိုက်စစ်ပိုင်းအနေဖြင့် ဦးဆောင်ဂိုးရရှိရန် ရုန်းကန်ခဲ့ရသည့်အပြင် ခံစစ်ပိုင်းကလည်း ပေးဂိုးများခဲ့သဖြင့် နည်းပြသစ် ဖလစ်လက်အောက် ဖလားပြိုင်ပွဲတွင် ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာ အသင်းသည် ပွဲစကတည်းက တိုက်စစ်မြှင့် ကစားနိုင်ခဲ့သဖြင့် ဦးဆောင်ဂိုးရရှိရန် အခွင့်အရေး ရခဲ့သော်လည်း ပါအူဗစ်တာ အဆုံးသတ်ပိုင်း အားနည်းခဲ့သောကြောင့် ဂိုးမရရှိခဲ့သည့်အပြင် ကွင်းလယ်နှင့် တိုက်စစ်ပိုင်း အနေဖြင့် အတွဲအဖက်မိမိ ကစားနိုင်ခဲ့သော်လည်း အခွင့်အရေးများကို အသုံးမချနိုင်ခဲ့သဖြင့် ပထမပိုင်းတွင် ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဘာစီလိုနာအသင်းက ထပ်မံဖိအားပေးနိုင်ခဲ့ရာ အင်နီဂိုမာတီနက်ဇ်၏ ဖန်တီးပေးမှု လွဲမှားခဲ့ရာမှ မိုနာကိုအသင်း ကွင်းလယ်ကစားသမား ကာမာရာက ဖြတ်ယူကာ ပွဲချိန် မိနစ် ၅၀ တွင် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့ပြီး ပွဲချိန် ၅၇ မိနစ်အရောက်တွင် မီနာမီနိုက လူကျွံထောင်ချောက်ကို ဖြတ်ကျော်၍ အမ်ဘိုလိုကို ဖန်တီးပေးခဲ့ကာ ဒုတိယသွင်းဂိုး သွင်းယူနိုင်ခဲ့သည်။ ထို့နောက် နည်းပြဖလစ်က ပွဲချိန် ၆၈ မိနစ်အရောက်တွင် လူစားလဲမှုများပြုလုပ်၍ ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း လူကျွံအနေအထားကြောင့် ဂိုးမရခဲ့ဘဲ ပွဲကစားချိန် ၈၇ မိနစ်အရောက်တွင် မော်ဝီဆာက တတိယဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ဘာစီလိုနာအသင်းအနေဖြင့် သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဘာစီလိုနာ အသင်းသည် ဂျိုအန်ဂမ်ပါ ဖလားပြိုင်ပွဲတွင် ၂၀၁၈ ခုနှစ်မှစတင်ကာ ဆက်တိုက် ဆုဖလားရယူနိုင်ခဲ့သော်လည်း ယခုနှစ်တွင် မိုနာကိုအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ခုနစ်ကြိမ်ဆက် ဆုဖလားရယူနိုင်မည့်အခွင့်အရေးနှင့် လွဲချော်ခဲ့ရကြောင်း သိရသည်။

Ref : Barcablaugranes
Trs : ML

# ၂၀၂၈ အိုလံပစ်အားကစားပွဲတော်တွင် လက်ဝှေ့အားကစားနည်း ထည့်သွင်းမည် မဟုတ်ကြောင်း အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ ထုတ်ပြန်ကြေညာ

**ဇူးရစ် ဩဂုတ် ၁၃**

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် အပြည်ပြည်ဆိုင်ရာ အိုလံပစ်အားကစားကော်မတီက ၂၀၂၈ ခုနှစ် အိုလံပစ်အားကစားပွဲတော်တွင် လက်ဝှေ့အားကစားနည်း ပါဝင်တော့မည် မဟုတ်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၈ ခုနှစ် အိုလံပစ်အားကစားပွဲတော်အား အမေရိကန်နိုင်ငံ လော့စ်အိန်ဂျယ်လိစ်မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ရာစုနှစ်တစ်ခုအတွင်း အိုလံပစ်အားကစားပွဲတော်တွင် လက်ဝှေ့အားကစားအား ပထမဦးဆုံးအကြိမ် ဖယ်ရှားခဲ့ခြင်းလည်း ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အိုလံပစ်အားကစားကော်မတီ (IOC)နှင့် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အသင်း (IBA)တို့အကြား ငွေကြေးဆိုင်ရာ ပွင့်လင်းမြင်သာမှုမရှိသည့် ပြဿနာ ဖြစ်ပွားခဲ့သည့်အပြင် အမေရိကန်အစိုးရ၏ ကန့်သတ်ချက်များကြောင့် ၂၀၂၈ ခုနှစ် အိုလံပစ် အားကစားပွဲတော်တွင် လက်ဝှေ့ အားကစားနည်းအား ထည့်သွင်းရန်အတွက် အခက်အခဲရှိနေခြင်းဖြစ်သည်။

ယေဘုယျ အခြေအနေများ အရ ၂၀၂၈ ခုနှစ် အိုလံပစ် အားကစားပွဲတော်တွင် လက်ဝှေ့ အားကစားနည်းအား ထည့်သွင်းကျင်းပတော့မည် မဟုတ်သော်လည်း ကန့်သတ်ချက်များ အခက်အခဲများအား ညှိနှိုင်းနိုင်မည်ဆိုပါက လက်ဝှေ့အားကစားနည်းအား ထည့်သွင်းနိုင်ဖွယ်ရှိနေသည်။

ထို့ပြင် ပဲရစ်အိုလံပစ် အားကစားပွဲတော်၏ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲတွင် ကျား၊ မ ခွဲခြားစစ်ဆေးမှု မအောင်မြင်ခဲ့သော ရွှေတံဆိပ်ဆုရှင် အယ်ဂျီးရီးယား လက်ဝှေ့မယ် ကီလစ်ဖ်နှင့် တရုတ် (တိုင်ပေ) လက်ဝှေ့မယ် လင်ယူတန်တို့နှင့် ပတ်သက်ပြီး အငြင်းပွားဖွယ်ရာ အခြေအနေများဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် လက်ဝှေ့အားကစားနည်းနှင့်ပတ်သက်ပြီး IOC က အိုလံပစ်အားကစားပွဲတော်တွင်ထည့်သွင်းရန် ပြန်လည် စဉ်းစားလာခဲ့ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ဟော်ဖန်ဟိမ်းတိုက်စစ်မှူး ဘိုင်ယာကို ဒေါ့မွန်အသင်း ယူရို ၂၉ သန်းဖြင့်ခေါ်ယူ

**ဘာလင် ဩဂုတ် ၁၃**

ဒေါ့မွန်အသင်းသည် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဟော်ဖန်ဟိမ်းအသင်းနှင့်အတူ ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ဘိုင်ယာကို ပြောင်းရွှေ့ကြေး ယူရို ၂၉ သန်းဖြင့် ခေါ်ယူကာ ၂၀၂၉ ခုနှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ဒေါ့မွန်အသင်း နည်းပြသစ် ရှာဟင်သည် အသက် ၂၁ နှစ်ရှိ တိုက်စစ်မှူး ဘိုင်ယာကို ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့သွားသည့် တိုက်စစ်မှူး ဖူးလ်ခရက် နေရာတွင် အစားထိုးရန်ဆုံးဖြတ်ထားပြီး လာမည့် စနေနေ့တွင် ကျင်းပမည့် ပိုကယ်ဖလား ပထမအဆင့်တွင် ပွဲထွက်ခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ဘိုင်ယာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဟော်ဖန်ဟိမ်းအသင်းနှင့် အတူ ပြိုင်ပွဲစုံ ၃၅ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၁၆ ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် နည်းပြရှာဟင်က ဥရောပထိပ်သီး ကလပ်အသင်းများနှင့် ယှဉ်ပြိုင်ကာ ရေရှည်စီမံကိန်းအတွက် အသုံးပြုရန် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ယခု အပြောင်းအရွှေ့တွင် ဒေါ့မွန်အသင်းသည် စတုဂတ်အသင်းမှ တိုက်စစ်မှူး ဂီရက်ဆီနှင့် အန်တွန်၊ ဘရိုက်တန်အသင်းမှ ဂရော့စ်၊ မန်စီးတီးအသင်းမှ ယန်ကော်တိုတို့အပါအဝင် ကစားသမားငါးဦးထိ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။




Ref : Bundesliga
Trs : ML

## အားကစားသတင်းအတိုအထွာများ

- ပဲရစ်အိုလံပစ်ပြိုင်ပွဲတွင် အမေရိကန် ဘက်စကတ်ဘောအသင်းနှင့် ရွှေတံဆိပ်ရရှိခဲ့သည့် ကီဗင်ဒူးရန့်က လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းမှ ရှယ်ယာ ၁၂ ဒသမ ၅ ရာခိုင်နှုန်းထိဝယ်ယူ၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့ကြောင်း သိရသည်။
- အေစီမီလန်အသင်းက စပါးအသင်းခံစစ်ကစားသမား အယ်မာဆန်ကို ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းဖြင့်ခေါ်ယူ၍ ၂၀၂၈ ခုနှစ်ထိ လေးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။
- လိုက်ပ်ဇစ်အသင်းက ဘရူဂျက်တောင်ပံကစားသမား နူဆာကို ပြောင်းရွှေ့ကြေး ယူရို ၂၂ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ML

# ပရီးမီးယားလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် တိုက်စစ်မှူး ဟာလန်းနှင့် ဖိုဒန်တို့ ထိပ်ဆုံးကဦးဆောင်

လန်ဒန် ဩဂုတ် ၁၃

၂၀၂၃-၂၀၂၄ ပရီးမီးယားလိဂ် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအတွက် မန်စီးတီးအသင်းမှ တိုက်စစ်မှူး ဟာလန်းနှင့် တောင်ပံကစားသမား ဖိုဒန်တို့က ထိပ်ဆုံးက ဦးဆောင်နေကြောင်း သိရသည်။



တစ်နှစ်တာ အကောင်းဆုံး ဆုပေးပွဲကို လာမည့် ဩဂုတ် ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ဆန်ခါတင် ကစားသမားစာရင်းတွင် မန်စီးတီးအသင်းမှ တိုက်စစ်မှူးဟာလန်း၊ တောင်ပံကစားသမား ဖိုဒန်၊ ကွင်းလယ်ကစားသမား ရိုဒရီ၊ အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား အိုဒီဂတ်၊ ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား ပယ်မာ၊ အေဗီလာအသင်း တိုက်စစ်မှူး အိုလီဝက်ကင်းတို့ ပါဝင်လျက်ရှိကာ နောက်ဆုံး ကစားသမားစာရင်းကို ယနေ့တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

အဆိုပါဆုသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ကစားသမားများ၏ တစ်ဦးချင်းစွမ်းဆောင်ရည်နှင့် ကလပ်အသင်းပေါ်အကျိုးပြုနိုင်မှုပေါ်မူတည်ကာ မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်ပြီး တိုက်စစ်မှူး ဟာလန်းသည်ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်သွင်းဂိုး ၂၇ ဂိုးထိသွင်းယူ၍ အသင်းအား ဆုဖလား ရယူပေးနိုင်ခဲ့၍လည်းကောင်း၊ ဖိုဒန်သည် အသင်းအတွက် ပရီးမီးယားလိဂ်သွင်းဂိုး ၁၉ ဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ် ပြုလုပ်နိုင်ခဲ့၍ လည်းကောင်း၊ ပယ်မာသည် အသင်းအတွက် သွင်းဂိုး ၂၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့၍လည်းကောင်း နောက်ဆုံးကစားသမားစာရင်းတွင်ပါဝင်ရန် သေချာလျက်ရှိသည်။

ထို့ပြင် အမျိုးသမီး တစ်နှစ်တာအကောင်းဆုံး ကစားသမားစာရင်းတွင် ချဲလ်ဆီးတိုက်စစ်မှူး လော်ရန့်ဂျိမ်း၊ ချဲလ်ဆီးကွင်းလယ်ကစားသမား ကက်ဘက်၊ မန်စီးတီးမှ ခါဒီဂျာ၊ ဟာဆီဂါဝါနှင့် လော်ရန့်ဟမ့်တို့ ပါဝင်နေကြောင်း သိရသည်။

Ref : RT

Trs : ML

# အေဗီကိုနှင့် လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသည့် ဂယ်လာဟာ ချဲလ်ဆီးအသင်းနှင့်ပြန်လည်ပူးပေါင်း

လန်ဒန် ဩဂုတ် ၁၃

ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား ဂယ်လာဟာသည် အေဗီကိုအသင်းသို့ ပြောင်းရွှေ့ကစားရန်အတွက် အလုံးစုံသဘောတူညီမှု ရရှိခဲ့သော်လည်း အေဗီကိုအသင်းက နောက်ဆုံးအဆင့် လက်မှတ်ရေးထိုးခြင်း မရှိသေးသည့်အတွက် ချဲလ်ဆီးအသင်းနှင့် ပြန်လည် ပူးပေါင်းနေရကြောင်း သိရသည်။

ဂယ်လာဟာက အေဗီကိုအသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီမှု ရရှိခဲ့ပြီးနောက် ပြီးခဲ့သည့်ရက်ပိုင်းက ဂယ်လာဟာက အေဗီကိုအသင်းနှင့် အပြောင်းအရွှေ့ ကိစ္စရပ်များ လုပ်ဆောင်ရန်အတွက် စပိန် နိုင်ငံ မက်ဒရစ်မြို့သို့ သွားရောက်ခဲ့သော်လည်း အေဗီကိုအသင်းက နောက်ဆုံးအဆင့်အတွက် လက်မှတ်ရေးထိုးခြင်း မရှိသေးသည့်အတွက် ချဲလ်ဆီးအသင်းနှင့် ပြန်လည်ပူးပေါင်းရန် လန်ဒန်မြို့သို့ ပြန်ထွက်လာခဲ့သည်။

ချဲလ်ဆီးအသင်းနှင့် အေဗီကိုအသင်းတို့ကြား ဂယ်လာဟာ၏ အပြောင်းအရွှေ့အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၃ ဒသမ၇သန်းဖြင့် သဘောတူညီမှု ရရှိခဲ့သည့်အတွက် ဂယ်လာဟာက အေဗီကိုအသင်းနှင့် ပူးပေါင်းရန် စပိန်နိုင်ငံသို့ သွားရောက်ခဲ့သော်လည်း ချဲလ်ဆီးအသင်းက အေဗီကိုအသင်းမှ ကစားသမား တစ်ဦး အလိုက်ပြန်လည်တောင်းဆိုထားသည့်အတွက် အပြောင်းအရွှေ့မှာ သဘောတူညီမှုရရှိထားပြီးဖြစ်သော်လည်း လက်မှတ်ရေးထိုးရန် ကြန့်ကြာနေသည့်အတွက် တရားဝင်အပြောင်းအရွှေ့ ဖြစ်မြောက်ခြင်းမရှိသေးကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# မြန်မာနေရှင်နယ်လိဂ် ယူ - ၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ရှမ်းယူနိုက်တက် ယူ - ၂၀ အသင်း အနိုင်ရရှိ



ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁) ပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းနှင့် ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းက တိုက်စစ်ဆင်ဖိအားပေးကစားနိုင်ခဲ့ကာ ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်း ခက်ခက်ခဲခဲ ထိန်းချုပ် ကစားခဲ့သော်လည်း ပွဲချိန် ရှစ်မိနစ်တွင် ကောင်းထက်နှင့် ပွဲချိန် ၂၇ မိနစ်တွင် ဟိန်းသန့်တို့က ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်း၏ ချေပဂိုးရရှိရေးအတွက် ပြန်လည်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး နှစ်သင်းစလုံး ဂိုးသွင်းခွင့်အခွင့်အရေးများ ရရှိခဲ့သော်လည်း နှစ်ဖက်အသင်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းက ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် မြဝတီအသင်းနှင့် ISPE အသင်းတို့ အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ် ပွဲစဉ်(၁၃) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ မြဝတီအသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၃) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် မြဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ မြဝတီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မြဝတီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၈ မိနစ်နှင့် ပွဲချိန် ၈၇ မိနစ်တို့တွင် လှယဉ်ဝင်းက သွင်းယူပေးနိုင်ခဲ့ပြီး ရှမ်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် ဝင်းစန္ဒာက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ISPEအသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ကိုးမိနစ်တွင် လင်းမြင့်မိုရ်၊ ပွဲချိန် ၁၄ မိနစ်တွင် ရွှေရည်ထွန်းနှင့် ပွဲချိန် မိနစ် ၃၀ တွင် နုနုတို့က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးလိဂ် ပွဲစဉ်(၁၃) အဖြစ် ဩဂုတ် ၁၄ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင် ဧရာဝတီအသင်းနှင့် YREO အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရသည်။

STA



# Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်း ဒုတိယအသင်းခေါင်းဆောင်အဖြစ် စနီဒီကာကို ခန့်အပ်

နယူးယောက် ဩဂုတ် ၁၃

Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်းအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ အမေရိကန် အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခြင်း ခံထားရသော ဘရက်ဒ်လေသည် ဒုတိယအသင်းခေါင်းဆောင်တစ်ဦးအဖြစ် စနီဒီကာကို ခန့်အပ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

စနီဒီကာသည် ဒုတိယအသင်းခေါင်းဆောင် တာဝန်အတွက် ဘရက်ဒ်လေ၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ပြီး အမေရိကန်အသင်းအတွက် တာဝန်ထမ်းဆောင်သွားရန် သဘောတူညီချက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စနီဒီကာသည် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် အသင်းအတွက် နှစ်ကြိမ်တိုင်တိုင် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသည့် ကစားသမားတစ်ဦးဖြစ်ပြီး အမေရိကန်အသင်းတွင် ရှုံးပွဲမရှိသေးသည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

စနီဒီကာသည် အမေရိကန်အသင်းအတွက် ဘရက်ဒ်လေ ကမ်းလှမ်းခန့်အပ်ခဲ့သော ဒုတိယမြောက် အသင်းခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။

စနီဒီကာက “ဘရက်ဒ်လေက အလုပ်အတွက် ကမ်းလှမ်းလာတော့ ကျွန်တော်ချက်ချင်း လက်ခံခဲ့ပါတယ်။ ကျွန်တော့်ကို ဒီအခွင့်အရေး ပေးခဲ့တဲ့အတွက်လည်း ဘရက်ဒ်လေကို ကျေးဇူးတင်ပါတယ်။ အမေရိကန်အသင်းအတွက် ကျွန်တော်အကောင်းဆုံး ကြိုးစားသွားမှာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# တရုတ်နှင့်အမေရိကန်ဆက်ဆံရေးကို အထောက်အကူပြုစေသောဆွေးနွေးပွဲများ

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ယခုနှစ် ဧပြီလ ၂၆ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်ကို လက်ခံတွေ့ဆုံခဲ့သည်။ သမ္မတရှီကျင့်ဖျင်က ၂၀၂၄ ခုနှစ်သည် တရုတ်နှင့် အမေရိကန်ကြား သံတမန်ဆက်ဆံရေးထူထောင်မှု ၄၅ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားဖြစ်ကြောင်း၊ လွန်ခဲ့သော ၄၅ နှစ် ကျော်ကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေးသည် အတက်အကျ၊ အတိုက်ခိုက်များရှိခဲ့ကြောင်း၊ နှစ်ဖက်စလုံးအနေဖြင့် အတိတ်မှ အရေးပါသောသင်ခန်းစာ ရယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နှင့် အမေရိကန်တို့အနေဖြင့် ပြိုင်ဘက်များထက် မိတ်ဖက်များဖြစ်သင့်ကြောင်း၊ တစ်ဦးကိုတစ်ဦး ထိခိုက်နာကျင်အောင်လုပ်ဆောင်နေသည်ထက် အောင်မြင်မှုရရှိအောင် တစ်ဦးနှင့်တစ်ဦးကူညီသင့်ကြောင်း၊ပြင်းထန်သောယှဉ်ပြိုင်မှုများလုပ်ဆောင်နေသည်ထက် ဘုံသဘောတူညီချက်များရှာဖွေပြီး မတူကွဲပြားမှုများကို ဘေးဖယ်ထားသင့်ကြောင်း၊ အပြောတစ်မျိုး အလုပ်တစ်မျိုး လုပ်ဆောင်နေသည်ထက်လုပ်ဆောင်မှုများကိုရိုးရိုးသားသားဂုဏ်ပြုသွားသင့်ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

**တစ်လှေတည်းစီး**

တရုတ်သမ္မတရှီကျင့်ဖျင်က ၎င်းအနေဖြင့် အပြန်အလှန်လေးစားမှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုနှင့် နှစ်ဦးနှစ်ဖက် အောင်မြင်မှုရှိသော ပူးပေါင်းဆောင်ရွက်မှုတို့ကို နှစ်နိုင်ငံဆက်ဆံရေးအတွက် လွှမ်းခြုံနိုင်သောမူဝါဒသုံးရပ်အဖြစ် အဆိုပြုထားကြောင်း၊ ၎င်းမူဝါဒများသည် အတိတ်မှ လေ့လာသင်ယူထားသော သင်ခန်းစာများဖြစ်ပြီး အနာဂတ်အတွက် လမ်းညွှန်ချက်တစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်က မိမိအနေဖြင့် လွန်ခဲ့သောရက်သတ္တသုံးပတ်က အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် တယ်လီဖုန်းဖြင့် ဆွေးနွေးစဉ်ကလည်း ၂၀၂၄ ခုနှစ် အတွင်း တရုတ်-အမေရိကန်ဆက်ဆံရေး တည်ငြိမ်မှုရှိရန်နှင့် တိုးတက်မှုရှိရန် မည်သို့မည်ပုံ ဆောင်ရွက်သွားမည်အတွေးအခေါ်များကို မျှဝေခဲ့ကြောင်းနှင့် နှစ်ဖက်စလုံးအနေဖြင့် အေးချမ်းမှုကို တန်ဖိုးထားခြင်း၊ တည်ငြိမ်မှုကိုဦးစားပေးခြင်းနှင့် ယုံကြည်အားထားရမှုကို ထိန်းသိမ်းခြင်းတို့လုပ်ဆောင်သွားသင့်ကြောင်း အလေးထားပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ကမ္ဘာကြီးသည် ရာစုနှစ်အတွင်း မကြုံဖူးသော ပြောင်းလဲဖြစ်ပေါ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါအရာများကို မည်သို့မည်ပုံ တုံ့ပြန်သွားမလဲဆိုသောအချက်သည် အချိန်ကာလနှင့်ကမ္ဘာကြီး၏ပုစ္ဆာပင်ဖြစ်ကြောင်း၊ ၎င်း၏အဖြေသည် လူသားတို့အတွက် အနာဂတ်မျှဝေခံစားသွားမည့် အသိုက်အဝန်းတစ်ရပ် တည်ဆောက်သွားရန်ပင်ဖြစ်ကြောင်း၊ ၎င်းအဖြေသည် တရုတ်နိုင်ငံခြားရေးမူဝါဒ၏ ပင်မဒေါက်တိုင်ဖြစ်လာပြီး နိုင်ငံများစွာကလည်း ကြိုဆိုထောက်ခံလျက်ရှိကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ကမ္ဘာကြီးတွင် လူသားတို့သည် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရလျက်ရှိကြောင်း၊ တရုတ်ရှေးဆိုရိုးစကားကဲ့သို့ လှေတစ်စီးတည်းတွင်လိုက်ပါလာသောခရီးသည်များသည် တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းသင့်ကြောင်း၊ လက်ရှိအချိန်၌ ကမ္ဘာကြီးတွင် မှီတင်းနေထိုင်သူအားလုံးသည် တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီသင့်ကြောင်း၊ မိမိတို့သည် အပြန်အလှန် အမှီသဟဲပြုနေရသောကမ္ဘာကြီးတွင် နေထိုင်နေရကြောင်းနှင့် အတက်၊ အကျနှင့် အကောင်း၊ အဆိုးကို အတူကြုံတွေ့ရမည်ဖြစ်ကြောင်း၊ အကျိုးစီးပွားများသည်အပြန်အလှန်နက်ရှိုင်းစွာ ချိတ်ဆက်လျက်ရှိသောကြောင့် နိုင်ငံအားလုံးအနေဖြင့် နှစ်ဦးနှစ်ဖက်နှင့် အားလုံးအတွက် ရလဒ်များပေါ်ထွက်လာရန်အတွက် ဘုံသဘောတူညီချက်ကို အမြင့်အဆုံးအဆင့်ထိ တည်ဆောက်သွားရန်လိုအပ်ကြောင်း၊ သဘောတရားသည် ကမ္ဘာကြီးအပေါ်နှင့် တရုတ်-အမေရိကန်ဆက်ဆံရေးအပေါ် တရုတ်နိုင်ငံ၏ အမြင်သဘောထားအခြေခံပင်ဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်က အင်အားကြီးနိုင်ငံများအနေဖြင့် ၎င်းတို့၏အဆင့်အတန်းနှင့်လျော်ညီစွာပြုမူနေထိုင်သင့်ကြောင်းနှင့် သဘောထားကြီးမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ရှိသင့်ကြောင်း၊ တရုတ်နှင့် အမေရိကန်တို့အနေဖြင့် အဆိုပါသဘောတရားနှင့်စပ်လျဉ်း၍ စံနမူနာပြဖြစ်သင့်ကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းမှုထိန်းသိမ်းရေးအတွက် တာဝန်များယူသွားသင့်ကြောင်း၊ နိုင်ငံအားလုံး ဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းများ ဖန်တီးသွားသင့်ကြောင်း၊ ကမ္ဘာကြီးကို ကောင်းမွန်သောလုပ်ရပ်များဖြင့် အထောက်အပံ့ပြုသွားသင့်ကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ သွေးစည်းညီညွတ်မှု မြှင့်တင်ရာတွင် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပါဝင်သွားသင့်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

**အချက်အချာကျသောအစိတ်အပိုင်းများ**

တရုတ်သမ္မတရှီကျင့်ဖျင်သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကို၌ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံဆွေးနွေးခဲ့စဉ် တရုတ်-အမေရိကန်ဆက်ဆံရေးအတွက် အချက်အချာကျသောအစိတ်အပိုင်းငါးခုကို အဆိုပြုခဲ့ကြောင်း၊ ၎င်းတို့မှာ မှန်ကန်သောအမြင်သဘောထားဖြင့် ပူးတွဲတိုးတက်မှုဖော်ဆောင်ခြင်း၊ သဘောထားကွဲလွဲချက်များကို ထိရောက်စွာ ပူးတွဲစီမံကိုင်တွယ်ဖြေရှင်းခြင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမည့် ပူးပေါင်းဆောင်ရွက်မှုကို ပူးတွဲအဆင့်မြှင့်တင်ခြင်း၊ အင်အားကြီးနိုင်ငံများအနေဖြင့် တာဝန်များကို ပူးတွဲထမ်းဆောင်ခြင်းနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ဖလှယ်မှုတို့ကို ပူးတွဲမြှင့်တင်ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း ထပ်လောင်းပြောကြားသွားခဲ့သည်။

အဆိုပါ အချက်အချာကျသောအစိတ်အပိုင်းများသည် တရုတ်- အမေရိကန်ဆက်ဆံရေး၏ ခိုင်မာအားကောင်းသည့် အခြေခံအုတ်မြစ်များဖြစ်သင့်ကြောင်း၊ ဆက်စပ်လွှမ်းခြုံထားသော မူဝါဒများအကောင်အထည်ဖော်ပြီးချိန်၌ သီးသန့်ပြဿနာများကို အလွယ်တကူကိုင်တွယ်ဖြေရှင်းသွားနိုင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိကြောင်း၊ သို့သော် ပူးပေါင်းဆောင်ရွက်မှုသည် နှစ်လမ်းသွားပုံစံဖြစ်သင့်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ယှဉ်ပြိုင်ရမည်ကိုမစိုးရိမ်ကြောင်း၊ သို့သော် ယှဉ်ပြိုင်မှုသည် ရလဒ် သုညထွက်သည်ထက် နှစ်ဦးနှစ်ဖက် တိုးတက်မှုရှိသင့်ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်က တရုတ်နိုင်ငံသည် ဘက်မလိုက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်းနှင့် အမေရိကန်နိုင်ငံအနေဖြင့် အုပ်စုငယ်လေးများမဖန်တီးသင့်ကြောင်း၊ နှစ်ဖက်စလုံးတွင် ကိုယ်ပိုင်မိတ်ဆွေများနှင့် မိတ်ဖက်နိုင်ငံများရှိကြောင်း၊ ၎င်းနိုင်ငံများကိုပစ်မှတ်ထားခြင်း၊ ပိတ်ဆို့ခြင်းနှင့် ဒုက္ခပေးခြင်းတို့မလုပ်ဆောင်သင့်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ တိုးတက်သာယာဝပြောလာမှုကိုကြိုဆိုပါကြောင်း၊ အမေရိကန်အနေဖြင့် တရုတ်နိုင်ငံ၏တိုးတက်မှုကို အပြုသဘောဆောင်သောအမြင်ဖြင့် ရှုမြင်သွားစေလိုပါကြောင်း၊ တိုးတက်မှုမရှိခြင်းသည် ဆုတ်ယုတ်ခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်-အမေရိကန်ဆက်ဆံရေးတွင် တည်ငြိမ်မှုအလားအလာသည် အလွယ်တကူထွက်ပေါ်လာဖွယ်ရာမရှိကြောင်း၊ နှစ်ဖက်စလုံးအနေဖြင့် ဆန်ဖရန်စစ္စကိုမျှော်မှန်းချက်အတိုင်း လိုက်ပါဆောင်ရွက်သွားသင့်ကြောင်း၊ အဆိုပါမျှော်မှန်းချက်သည် နှစ်နိုင်ငံဆက်ဆံရေး စဉ်ဆက်မပြတ်တိုးတက်ရန်နှင့် အနာဂတ်ဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းလာစေရန်အတွက် လမ်းညွှန်ချက်များပင်ဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ နှုတ်ခွန်းဆက်စကားကို သမ္မတရှီကျင့်ဖျင်အား ပြောကြားခဲ့ပြီး ဆန်ဖရန်စစ္စကိုတွင် ဂျိုးဘိုင်ဒင်နှင့် ရှီကျင့်ဖျင်တို့တွေ့ဆုံခဲ့ကတည်းက အမေရိကန်နှင့်တရုတ်တို့သည် အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ဉာဏ်ရည်တုနှင့် ပြည်သူများအချင်းအချင်း အပြန်အလှန်သွားရောက်လည်ပတ်မှုကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရာ၌ တိုးတက်လျက်ရှိကြောင်း ကောက်ချက်ချပြောကြားခဲ့သည်။

ကမ္ဘာကြီးရင်ဆိုင်နေရသည့် သိမ်မွေ့နက်နဲရှုပ်ထွေးသောစိန်ခေါ်မှုများသည် အမေရိကန်နှင့် တရုတ်တို့၏ အတူတကွလုပ်ဆောင်မှုများ လိုအပ်နေပြီဖြစ်ကြောင်း၊ တရုတ်သမ္မတရှီကျင့်ဖျင်၏ခရီးစဉ်အတွင်းတွေ့ဆုံခဲ့သည့် အမေရိကန်အဖွဲ့အစည်းအားလုံးသည် အမေရိကန်-တရုတ်ဆက်ဆံရေးတိုးတက်ရန်မျှော်လင့်ထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ပြောကြားခဲ့သည်။



အမေရိကန်အနေဖြင့် စစ်အေးတိုက်ပွဲသစ်ကို ဖန်တီးမည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံ၏စနစ်ကို ပြောင်းလဲရန်၊ တရုတ်နိုင်ငံ၏တိုးတက်မှုကိုဖိနှိပ်ရန် ကြိုးပမ်းမည် မဟုတ်ကြောင်း၊ ၎င်း၏မဟာမိတ်များအား တရုတ်နိုင်ငံကိုဆန့်ကျင်ရေးအတွက် အားပေးအားမြှောက်ပြုသွားမည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံနှင့် ပဋိပက္ခဖြစ်ပွားရန် ရည်ရွယ်ချက်မရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ပြောကြားခဲ့သည်။

အမေရိကန်အနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို လိုက်နာကျင့်သုံးလျက်ရှိကြောင်း၊ အမေရိကန်အနေဖြင့် တရုတ်နိုင်ငံဘက်နှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်သွားနိုင်ရန် မျှော်မှန်းထားရှိပါကြောင်း၊ ပိုမိုပူးပေါင်းဆောင်ရွက်ရန်ကြိုးပမ်းခြင်း၊ နားလည်မှုလွဲမှုနိုင်မှုများကိုရှောင်ရှားခြင်း၊ မတူကွဲပြားမှုများကိုတာဝန်ယူဖြေရှင်းခြင်းနှင့် တည်ငြိမ်သောတိုးတက်မှုရှိသည့် တရုတ်-အမေရိကန်ဆက်ဆံရေး အောင်မြင်မှုရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ထပ်လောင်းပြောကြားခဲ့သည်။

ထို့နောက် ဧပြီ ၂၆ ရက်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်တို့ကြား ဘုံသဘောတူညီချက်ငါးရပ်ချမှတ်နိုင်ခဲ့သည်။ ၎င်းတို့အနက် ပထမအချက်မှာ နှစ်ဖက်စလုံးအနေဖြင့် နှစ်နိုင်ငံအကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ တရုတ်-အမေရိကန်ဆက်ဆံရေး တည်ငြိမ်တိုးတက်မှုရှိစေရေး ဆက်လက်ကြိုးပမ်းသွားရန်ဖြစ်သည်။ ဒုတိယအချက်မှာ နှစ်ဖက်စလုံးအနေဖြင့် အဆင့်မြင့်ပုဂ္ဂိုလ်များ အပြန်အလှန်သွားရောက်လည်ပတ်မှုကို ဆက်လက်ထိန်းသိမ်းထားရှိရန်နှင့် အဆင့်အတန်းအားလုံး ချိတ်ဆက်သွားရန်ဖြစ်သည်။ တတိယအချက်မှာ နှစ်ဖက်စလုံးအနေဖြင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ တရုတ်-အမေရိကန်အစိုးရအဆင့် ပထမဆုံးအစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ စတုတ္ထအချက်မှာ နှစ်ဖက်စလုံးအနေဖြင့် နှစ်နိုင်ငံကြားယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်းဖလှယ်မှုတို့ကို တိုးချဲ့သွားမည်ဖြစ်သည်။ ပဉ္စမအချက်မှာ နှစ်ဖက်စလုံးအနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းပြဿနာများတွင် ဆွေးနွေးအဖြေရှာသွားရန် သဘောတူညီခဲ့ကြသည်။

**ကိုးကား**

– Mutual Progress Is the Main Purpose by BEIJING REVIEW

**မောင်စိန်အိ(နဘဲမြေ)**

# ကျွန်မကဗီလိန် ဇာတ်လမ်းတွဲ Press Conference Show ကျင်းပ



**ရန်ကုန် ဩဂုတ် ၁၃**

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားပြီး Mahar Application မှ HD Quality ဖြင့် ဩဂုတ်လအတွင်း ထုတ်လွှင့်ပြသမည့် ကျွန်မကဗီလိန် ဇာတ်လမ်းတွဲ Press Conference Show ကို ဩဂုတ် ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ Novotel Hotel တွင် ကျင်းပခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် ချောရတနာက ပြောပြ၍ သိရသည်။

ကျွန်မကဗီလိန် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို လူညိုချောနှင့် ဘိုသန့်တို့က ရေးသားထားခြင်းဖြစ်ပြီး ဘိုသန့်၊ ဇာဏ်နှင့် ဒေါက်တာကျော်တို့က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ ဘိုသန့်က အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ချောကဗီဒီယိုခေတ်ကတည်းက ဗန့်နဲ့ ပရိသတ်က လက်ခံခဲ့ကြတယ်။ အဲဒါကြောင့် ချောကိုယ်တိုင်လဲ ဒီ ကျွန်မက ဗီလိန်နာမည်လေးကို ကြိုက်တယ်။ ချောကိုယ်တိုင် ဗန့်ပုံစံမျိုး သဘောကျလို့ လက်ခံရိုက်ကူးဖြစ်ခဲ့တာပါ။ ချောက ဒီဇာတ်ကားထဲမှာ မယ်မဟာဆိုတဲ့ ကာရိုက်တာ ပရိသတ်တွေမြင်တွေ့ရမှာပါ"ဟု သရုပ်ဆောင် ချောရတနာက ပြောပြသည်။

ကျွန်မကဗီလိန် ဇာတ်လမ်းတွဲတွင် အပိုင်း ၂၆ ပါရှိမည်ဖြစ်ကာ Mahar Application မှ HD Quality ဖြင့် နေ့စဉ်ည ၇ နာရီတိုင်းထုတ်လွှင့်ပေးပြီဖြစ်ပြီး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ရှိန်းတင်ထူး၊ ကျော်ထက်၊ ရဲရင့်မောင်မောင်၊ ရဲအောင်၊ ညီနန္ဒ၊ ဇော်ဦး၊ အောင်ခိုင်၊ ဇင်မျိုး၊ ဒေါင်းဝေ၊ ချောရတနာ၊ ခိုင်နှင်းဝေ၊ ယုသန္တာတင်၊ မိုးပြည့်ပြည့်မောင်၊ ဆုအိမ့်စံ၊ သီရိစိုး၊ နွဲ့နွဲ့စန်း၊ ဝါဝါအောင်၊ ခင်မို့မို့အေး စသည့်အနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Deadpool and Wolverine ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာတစ်ဘီလီယံကျော်ရရှိ

**နယူးယောက် ဩဂုတ် ၁၃**

မာဗယ်စတူဒီယို၏ Deadpool and Wolverine ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရရှိခဲ့ပြီဖြစ်ကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

Deadpool and Wolverine ဇာတ်ကားသည် စတင်ရုံတင်ပြီး သီတင်းနှစ်ပတ် ပြည့်ချိန်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂၉ ဘီလီယံထိ ရရှိထားကြောင်း သိရသည်။

မာဗယ်စတူဒီယိုသည် Deadpool and Wolverine ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၂၀၀ သာ သုံးစွဲထားရခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိဝင်ငွေအရ Deadpool and Wolverine ဇာတ်ကားသည် ကမ္ဘာ့ရုပ်ရှင်သမိုင်းတစ်လျှောက် ဝင်ငွေအကောင်းဆုံး R.Rate ရုပ်ရှင်ဇာတ်ကားအဖြစ် မကြာမီကာလအတွင်း ရပ်တည်နိုင်ဖွယ် ရှိကြောင်း သိရသည်။

R.Rate ရုပ်ရှင်ဇာတ်ကားများသည် အသက် ၁၇ နှစ်အောက် ကလေးများ မိဘအုပ်ထိန်းသူမပါဘဲ ကြည့်ရှုခွင့်မရှိသော ဇာတ်ကားအမျိုးအစားများ ဖြစ်ကြကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ရိုင်ယန်ရေးနိုးနှင့် ဟက်ဂျက်မင်းတို့ ဦးဆောင်ပါဝင်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# အောင်မြတ်သာနှင့် သွေးစုပ်ငှက်ပျောပင် ဇာတ်လမ်းကို ဩဂုတ်လအတွင်း Shwe Stream Application မှ ထုတ်လွှင့်သွားမည်

**ရန်ကုန် ဩဂုတ် ၁၃**

အောင်မြတ်သာနှင့် သွေးစုပ်ငှက်ပျောပင်ဇာတ်လမ်းကို ဩဂုတ်လအတွင်း Shwe Stream Application မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

အောင်မြတ်သာနှင့် သွေးစုပ်ငှက်ပျောပင် ဇာတ်လမ်းကို ထက်ရုပ်ရှင် ထုတ်လုပ်ရေးအတွက် စာရေးဆရာ ဇေယန (ရာမည)၏ ဝတ္ထုကို ဖိုးကျော် (သန်လျင်) က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ သီဟမင်းညီက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကလဲ အောင်မြတ်သာ စီးရီးထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ သည်းထိတ်ရင်ဖိုလျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွေကတော့ မေ ၃၁ ရက်ကတည်းက Shwe Stream YouTube Channel နဲ့ Channel K ရုပ်သံလိုင်းကနေ တစ်ပိုင်းချင်း ထုတ်လွှင့်နေပါတယ်။ ဒီဇာတ်လမ်းကိုတော့ ဩဂုတ်နောက်ဆုံးပတ်လောက်မှာ Shwe Stream YouTube Channel က ထုတ်လွှင့်ပြသပေးမှာဖြစ်ပါတယ်။ မောင်အောင်နှင့် မောင်ထော်တို့ ညီအစ်ကိုတွေ ဖခင်ဦးထွန်း ကွယ်လွန်သွားပြီး နောက်ပိုင်းခြံကို မောင်အောင်နှင့် မောင်ထော်တို့နှစ်ဦး ခွဲဝေယူလိုက်ကြတယ်။ မောင်အောင်ရဲ့ ခြံထဲမှာ ငှက်ပျောပင်တစ်ပင်စိုက်ထားခဲ့တယ်။ မောင်အောင်က




အသားတွေကို ခုတ်ထစ်ကာ ရေဆေးပြီး ငှက်ပျောပင်ရင်းတွင် သွန်ပစ်ရာကနေ ငှက်ပျောပင်မှာ တစ်စထက်တစ်စ ကြီးထွားလာခဲ့ပါတယ်။ တစ်နေ့မှာ မောင်အောင် ငှက်ပျောပင်အနီး လဲကျသေဆုံးနေခဲ့ပါတယ်။ သွေးစုပ်ငှက်ပျောပင်ကြီးမှာ ကပ်နေသည့် မကောင်းဆိုးဝါးကို အောင်မြတ်သာတို့ ဆရာတပည့်တွေ ဘယ်လိုနှင်ထုတ်နိုင်မှာလဲဆိုတာ ရှုစားပေးကြပါအုံး" ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

အောင်မြတ်သာနှင့် သွေးစုပ်ငှက်ပျောပင် ဇာတ်လမ်းတွင် သရုပ်ဆောင် စစ်နိုင်၊ လင်းအောင်၊ ပိုင်သူ ဖြိုး၊ ဘုန်းကာရံ၊ ဒေး၊ စစ်ပိုင်၊ အိမြတ်၊ နော်အဲလီ၊ ညီကျော်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Freaky Friday နောက်ဆက်တွဲဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည် ပေါ်ထွက်

**နယူးယောက် ဩဂုတ် ၁၃**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Freaky Friday နောက်ဆက်တွဲ ဇာတ်ကားသစ်၏ တရားဝင် ဇာတ်ကားနာမည် ပေါ်ထွက်လာပြီဖြစ်ကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

Freaky Friday နောက်ဆက်တွဲဇာတ်ကားသစ်၏ နာမည်မှာ Freakier Friday ဟူ၍ ဖြစ်သည်။

Freaky Friday နောက်ဆက်တွဲ ဇာတ်ကားသစ်၏ တရားဝင် ဇာတ်ကားနာမည်ကို ၎င်းဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်မည့် မင်းသမီး လင်းဆေးလိုဟန်နှင့် ဂျေမီလီကားတစ်တို့က အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

လင်းဆေးလိုဟန်နှင့် ဂျေမီလီကားတစ်တို့သည် မူလ Freaky Friday (2005) ဇာတ်ကား၌ ပါဝင်ခဲ့ကြသူများဖြစ်ကြသည်။

Freakier Friday ဇာတ်ကားသစ်ကို အမျိုးသမီးဒါရိုက်တာ နီရှာဂါနာထရာက ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားကို ၂၀၂၅ ခုနှစ်အတွင်း ရုံတင်ပြသရန် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO




# စလင်းမြို့နယ် အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**စလင်း ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

စလင်းမြို့နယ် အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင် မတည်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒသမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၁၅ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၄၀ ကို ငွေကျပ် ၃၄ ဒသမ ၁၅ သန်းနှင့်အခြားလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း စုစုပေါင်း အသင်းသားဦးရေ ၂၁၀ ကို ငွေကျပ် ၅၁ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **သန်းသန်းစိုး**

# Kyaiklat sends up to 78,000 visses of dried snakehead fish to Yangon in July


Snakehead fish being fried under sunshine.

**Kyaiklat August 13**

A total of 78,000 visses of dried snakehead fish from Kyaiklat Township, Pyapon District, Ayeyawady Region, were sold to the Yangon market in July, said Daw Nyo Nyo, owner of a variety of dried fish wholesale center in Kyaiklat Township.

Up to 53,000 visses of dried snakehead fish from Kyaiklat Township were sold to Yangon market in June, and 78,000 visses of dried snakehead fish were sold from July 1 to 31. It is reported that the sales of the dried snakehead fish produced in the area are strong due to strong demand from Yangon and other areas.

"Currently, local dried snakehead fish are in strong demand in the Yangon market and are fetching good prices. The price depends on the size of the dried fish. Due to the rapid trading, traders and those who store dried fish are comfortable. We know that the price increase in Yangon is due to the fact that it is exported to the foreign market and used as an item for domestic anniversary gifts," she said.

KKL

# 89,000 viss of prawns shipped from Bogalay Township to Yangon Market in July, boosting local economy

**Bogalay August 13**

In July, prawn products weighing up to 89,000 viss were successfully shipped and sold to the Yangon market from Bogalay Township, Pyapon District, Ayeyawady Region, according to Daw Aye Aye Moe, a trader of fishery products from Bogalay Township.

The fishery product trading businesses in Bogalay Township purchase prawns produced in the region, process them hygienically, and then transport them to the Yangon market. It is reported that in June of this year, only 69,000 viss of assorted prawns were shipped and sold. However, from July 1 to July 31, 89,000 viss were successfully shipped and sold.

"We are currently transporting and selling fishery products from Bogalay Township to the Yangon market. Last July, we managed to transport and sell up to 87,000 viss of assorted prawns. Due to the high demand for prawns in the Yangon market, our sales have increased. The active trading of fishery products, including prawns, has created better employment opportunities for those involved in this business. Most of the products were transported and sold using cargo trucks, and there were no difficulties in the process," said Daw Aye Aye Moe.


Prawns getting ready to be transported to Yangon.

It is also reported that the prices of prawns shipped and sold to the Yangon market from Bogalay Township varied based on their freshness. The prices ranged as follows: Prawn (small-sized) sold for 19,500 to 20,500 kyats per viss, medium-sized prawns for 16,500 to 18,500 kyats per viss, large-sized prawns for 19,500 to 22,500 kyats per viss, and large prawns with shells sold for 37,500 to 57,000 kyats per viss.

Kyaw Kyaw Lin

# More than 15,000 acres of maize planted in Kyunhla Township

**Kyunhla August 13**

The Township Agriculture Department stated that a total of 15,012 acres of maize has been planted in Kyunhla Township of Sagaing Region this monsoon.

In 2024-25 monsoon, the township earmarked 14,995 acres of maize but local farmers have so far planted 15,012 acres of maize exceeding the target cultivation.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department said: "The township authorities planned to grow 14,995 acres of maize in Kyunhla Township but farmers could grow 15,012 acres of maize exceeding the target cultivation. They grow maize as a separate crop in addition to a double crop. Their plantations are thriving."

This year, agricultural staff members made field trips to maize plantations, conducted training courses for farmers to grow maize, field demonstrations, prevention of FAW and pests and use of natural fertilizers and pesticides.

In the township, farmers need to spend K500,000 per acre of maize, yielding more than 50 baskets per acre.

206

# Americans still not feeling better about economy: USA Today

**New York August 13**

Although a pandemic-induced price spike has slowed substantially, Americans remain preoccupied by the cumulative rise in costs they've faced since the start of the health crisis, especially for essentials such as food and gas, USA Today reported on Monday.

"And fresh data reveal that shoppers have become more price sensitive recently even as inflation has cooled, at least partly because their COVID-era savings have dwindled," the report noted.

"The mere fact that (prices) are not going up anymore is not appeasing consumers," especially the low- and middle-income people who have felt the brunt of rising costs, Scott Hoyt, an economist at Moody's Analytics, was quoted as saying. "They want to see them drop, but that's not happening."

People's views of inflation matter because they could affect their spending, which makes up 70 percent of economic activity and has slowed but remained sturdy so far, said the report.

Annual inflation has eased from a 40-year high of 9.1 percent in mid-2022 to 3 percent in June, according to the Labor Department's consumer price index. The July CPI report, due out Wednesday, is expected to show overall inflation held steady at 3 percent in July but a core measure that excludes volatile food and energy items dipped to 3.2 percent from 3.3 percent, according to the report. Xinhua

# Massive wildfire reaches Athens suburbs, 100,000 acres scorched

**Athens August 13**

For a second consecutive night on Monday, thousands of residents in northeastern suburbs of Athens and the wider Attica region have stayed awake, as a major and fast-moving wildfire threatened the capital.

Despite a large-scale firefighting effort involving over 700 firefighters, military personnel, volunteers, 35 water dropping aircraft and helicopters, the blaze, fueled by strong winds and dry conditions, has spread rapidly and continued to rage on multiple fronts, a Fire Brigade spokesperson has said.

But the situation has improved by Monday night in several other areas, he added.

The wildfire broke out Sunday afternoon near the historic town of Marathon, the birthplace of the Marathon race, about 40 km northeast of downtown Athens.

By Monday evening, the fire has reached the capital's suburbs, scorching some 100,000 acres of forested land and farmland, according to initial estimates of the National Observatory of Athens.

Xinhua


A firefighting helicopter drops water on a wildfire in Dione near Athens, Greece, on Aug. 12, 2024.

# More than 17,000 acres of summer paddy harvested in Dabayin Township


Summer paddy being harvested using machinery.

**Dabayin August 13**

Statistics of YeU District Agriculture Department stated that a total of 17,262 acres of summer paddy has been harvested in Dabayin Township of Sagaing Region.

Harvesting of summer paddy started in June in Dabayin Township and so far, local farmers have reaped 17,262 acres of summer paddy, yielding 85,47 baskets per acre.

U Zaw Tun Myint, Head of YeU District Agriculture Department said: "Local farmers planted 17,262 acres of summer paddy in the township. So far, all sown acreage of summer paddy has been harvested. Agricultural staff helped local farmers prevent pests, minimize loss and damage of crops and keep harvested paddy under shelters in time."

Summer paddy was grown in the township, from February to April. The township earmarked 50,360 acres of summer paddy but local farmers planted 17,262 acres.

Officials of Township Agriculture Department provided quality strains of paddy seeds, making natural fertilizers and growing of crops on a commercial scale.

Farmers have been reminded to follow guidelines issued by Agriculture Department for growing summer paddy and other crops in time.

206

# Cultivation of oil crops completed on more than 17,000 acres of croplands

**Mingin August 13**

Mingin Township Agriculture Department stated that a total of 17,388 acres of oil crops has been planted as monsoon crops in Mingin Township of Sagaing Region.

In 2024-25 monsoon, local authorities in Mingin Township earmarked cultivation of 27,162 acres of oil crops but local farmers started cultivation of 17,388 acres from May.

Daw Hayman Kyaw Win, Head of Mingin Township Agriculture Department said: "Local farmers have planted more than 17,000 acres of oil crops against the target of more than 27,000 acres in the township this year with greater efforts to meet the target cultivation. Oil crop plantations are thriving in the farms."

This year, local farmers have grown 8,155 acres of groundnut, 8,989 acres of sesame and 244 acres of Thitseint, totalling 17,388 acres.

The township planned to grow 5,905 acres of groundnut and 21,257 acres of sesame, totalling 27,162 acres this year.


An oil crop plantation.

Agricultural staff helped local farmers expand sown acreage of oil crops, use GAP system and choose quality strains of crops for boosting per-acre yield of crops.

Moreover, staff members of Township Agriculture Department make field trips to farmlands to collect documentaries on thriving of oil crops, prevention of pests, and weeding of farmlands.

206

# Shwebo Township finishes cultivation of pulses and beans this monsoon

**Shwebo August 13**

A total of 17,331 acres of monsoon pulses and beans has been planted in Shwebo Township of Sagaing Region, according to the statistics of Shwebo Township Agriculture Department.

In 2024-25 monsoon cultivation season, the township earmarked cultivation of 23,083 acres of pulses and beans but local farmers have so far planted 17,331 acres.

U Hsan Oo, Head of Shwebo Township Agriculture Department explained, "Township authorities earmarked cultivation of more than 23,000 acres of pulses and beans but local farmers could grow more than 17,000 acres of beans this monsoon. Those farmers are trying hard to meet the target cultivation. Agricultural staff help local farmers expand sown acreage of pulses and beans and use quality strains of crops to boost per-acre yield."

This year, the township has planted 205 acres of black bean, 9,700 acres of green gram and 7,426 acres of pigeon pea, totalling 17,331 acres.

In 2024-25 season, Shwebo Township earmarked cultivation of 1,115 acres of black bean, 11,850 acres of green gram, 1,316 acres of butter bean, 1,834 acres of small red bean, and 6,968 acres of pigeon pea, totalling 23,083 acres.

Agricultural officials provide aid for local farmers to boost per-acre yield of beans and use quality strains of crops, agricultural inputs and post-harvest technology.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pwintbyu Township cultivates 3,359 acres of rain-fed oilseed peanuts

**Pwintbyu August 13**

A total of 3,359 acres of oilseed peanuts have been planted in Pwintbyu Township, Magway Region in this year rain crops planting season, according to the office of the Department of Agriculture for Pwintbyu Township.

In this year's rain crops planting season, in order to increase the amount of oil for consumption and to increase the crop cultivation power, 1,661 acres of oilseed peanuts have been earmarked for cultivation in the whole township and 3,359 acres of oilseed peanuts have been planted since June .

"In this year's rain crops planting season, 15,986 acres of oil crops such as sesame, peanut, and sunflower are being cultivated in order to increase oil consumption in the region, to increase the income of farmers, and to increase the production of oil crops. We are assisting farmers to select and plant good varieties with agricultural techniques so that they can plant comfortably," said Daw Moe Moe Wai, head of the Department of Agriculture for Pwintbyu Township.

Ye Win Naing (NyaungU)


A peanut plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက Army-2024 ပြပွဲတွင် Pantsir-SMD-E ဗားရှင်းသစ်ကို မိတ်ဆက်ပြသခဲ့




ရုရှားနိုင်ငံ Army-2024 ပြပွဲတွင် Rostec ၏လက်အောက်ခံ Tula KBP ဒီဇိုင်းဗျူရိုသည် Pantsir လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်နှင့် စက်အမြောက်စနစ်၏ Pantsir-SMD-E ဗားရှင်းသစ်ကို မိတ်ဆက်ပြသခဲ့သည်ဟု Army Recognition သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Pantsir-SMD-E လက်နက်စနစ်သည် ကြီးမားသောပစ်မှတ်များနှင့် သေးငယ်သောဒရုန်းများကို တိုက်ခိုက်ဖျက်ဆီးရန် ရည်ရွယ်၍ ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်ပြီး တိုက်ခိုက်ရေး Module တစ်ခုတည်းဖြင့် ဖွဲ့စည်းထားသည်။

Rostec ၏ လက်ထောက်အကြီးအကဲ Vladimir Artyakov က Pantsir-SMD-E ကို ပြောင်းလွယ်ပြင်လွယ် ဖွဲ့စည်းတည်ဆောက်ပုံဖြင့် ဒီဇိုင်းထုတ်ထားပြီး မြေပြင်အခြေစိုက် အပါအဝင် ပလက်ဖောင်းအမျိုးမျိုးတွင် တင်ဆောင်အသုံးပြုနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းဒီဇိုင်းပုံစံရွေးချယ်မှုသည် မတူညီသော လုပ်ငန်းဆောင်ရွက်မှုပတ်ဝန်းကျင်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်ထားသည်။ ၃၀ မီလီမီတာ အလိုအလျောက် လေယာဉ်ပစ်အမြောက်များကို ဖယ်ထုတ်ခြင်းမှာ အမြောက်များ၏ ကန့်သတ်ချက်များ ပေါ်လွင်လာရာ ယူကရိန်း ပဋိပက္ခအတွင်း အတွေ့အကြုံများမှ လွှမ်းမိုးမှုရှိနေခြင်းဖြစ်သည်။

ပစ်မှတ်ခြေရာခံခြင်းနှင့် ရှာဖွေထောက်လှမ်းခြင်းတို့အတွက် Pantsir-SMD-E လက်နက်စနစ်သည် လက်ရှိ 3-channel 1RS-2 Helmet ရေဒါကို အသုံးပြုထားပြီး နောက်ပိုင်းတွင် ၎င်းကို Reflective Phased Array နည်းပညာပေါ်တွင် အခြေခံထားသည့် 1RS-3 ရေဒါဖြင့်အစားထိုးသုံးရန်အစီအစဉ်ရေးဆွဲထားပါသည်။ ထို့ပြင် တိုက်ခိုက်ရေး Module တွင်စတုတ္ထမြောက်ပစ်မှတ်ရှာဖွေထောက်လှမ်းရေးချန်နယ်အဖြစ် 10ES1 Multi-spectral Optical-electronic System စနစ်ကို ထည့်သွင်းအသုံးပြုထားပြီး ဝေဟင်ခြိမ်းခြောက်မှုများကို ထောက်လှမ်း၊ ကြားဖြတ်ပစ်ချနိုင်စွမ်းကို မြှင့်တင်ပေးထားခြင်းဖြစ်သည်။

Pantsir-SMD-E ၏ စံပြုလက်နက်များတွင် 57E6 မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် (SAM) ငါးစင်းနှင့်အသေးစား 19Ya6 ဒုံးကျည် အစင်း ၂၀ တပ်ဆင်အသုံးပြုပေးထားသည်။ ထို့ပြင် TKB-1055 တာတိုပစ်၊ ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များအတွက် ရည်ရွယ်ဖွယ်ရှိသည့် TKB-1056 ဒုံးပစ်လောင်ချာပြွန် လေးခုတွဲတစ်စုံ တပ်ဆင်ပေးထားသည်။

ယူကရိန်းပဋိပက္ခ စတင်ကတည်းက ရုရှားနိုင်ငံသည် ခံစစ်ဘန်ကာများ၊ တာဝါတိုင်များဆောက်လုပ်ခြင်းအပါအဝင် ၎င်း၏လေကြောင်းရန်ကာကွယ်ရေးအခြေခံအဆောက်အအုံကို တိုးချဲ့လုပ်ဆောင်ခဲ့ပြီး မော်စကိုဒေသအတွင်း လေကြောင်းရန်ကာကွယ်ရေးကို အားဖြည့်ရန်အတွက် Pantsir လက်နက်စနစ် ဗားရှင်းအမျိုးမျိုးကို နေရာရွှေ့ပြောင်း တပ်ဖြန့်ခဲ့သည်။ Pantsir-SMD-E လက်နက်စနစ်၏ ကျစ်လျစ်သိပ်သည်းပေါ့ပါးမှုသည် မော်စကိုမြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာနကဲ့သို့ နိုင်ငံပိုင်အခြေခံအဆောက်အအုံများ၏ခေါင်မိုးများတွင် တပ်ဆင်နိုင်ပြီး လက်ရှိအသုံးပြုနေသော Pantsir လက်နက်စနစ်အတွက် တည်ဆောက်ထားသော တာဝါတိုင်များတွင် စနစ်အသစ်များဖြင့် ပေါ့ပေါ့ပါးပါး အစားထိုးအသုံးပြုနိုင်စေမည်ဖြစ်သည်။

**Russia presents new Pantsir-SMD-E air defense missile system without 30 mm guns at Army-2024 ကို ဘာသာပြန်ဆိုထားပါသည်။**

## ဘီလာရုစ်နိုင်ငံက ယူကရိန်းနယ်စပ်အနီး၌ Polonez အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ကို တပ်ဖြန့်



ယူကရိန်းနိုင်ငံ ကီယက်ဗ်ဒေသနှင့် ချာနီဟစ်ဗ်ဒေသတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် Gomel နှင့် Mozyr နည်းဗျူဟာမြောက် နယ်စပ်ဒေသများ တစ်လျှောက်တွင် Polonez အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များကို တပ်ဖြန့်ချထားရန် ဘီလာရုစ်သမ္မတ Alexander Lukashenko က အမိန့်ပေးခဲ့ပြီး နှစ်နိုင်ငံကြား တင်းမာမှုများမြင့်တက်လာလျက်ရှိကြောင်း Defence Blog သတင်းဌာနက ဩဂုတ် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါနယ်စပ်ဒေသတစ်လျှောက်၌ Polonezအတွဲလိုက်ဒုံးပစ်လောင်ချာစနစ် (MLRS) နှင့် Iskander ပဲ့ထိန်းဒုံးကျည်စနစ်များအပါအဝင် အထူးစစ်ဆင်ရေးတပ်ဖွဲ့များ၊ ခြေလျင်တပ်ဖွဲ့များနှင့်ဒုံးကျည်တပ်ဖွဲ့များပါတိုက်ပွဲဝင်အသင့် ဖြန့်ကြက်ချထားခြင်းဖြစ်သည်။

ဘီလာရုစ်နိုင်ငံသမ္မတ Alexander Lukashenko က Gomel နှင့် Mozyr ဒေသ နည်းဗျူဟာမြောက်လမ်းကြောင်းများတစ်လျှောက် တပ်အင်အားဖြန့်ခဲ့ထားရှိမှုကို ပိုမိုအားကောင်းခိုင်မာစေရန် ညွှန်ကြားထားရှိကြောင်း ဘီလာရုစ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် အထူးစစ်ဆင်ရေးတပ်ဖွဲ့များ၊ ခြေလျင်တပ်ရင်း၊ တပ်ဖွဲ့များနှင့် Polonez MLRS နှင့် Iskander ပဲ့ထိန်းဒုံးကျည် တပ်ဖွဲ့ဝင်များကို သတ်မှတ်ရေးယာအတွင်း၌ စဉ်ဆက်မပြတ် စောင့်ကြည့်ထောက်လှမ်းမှုများ ပြုလုပ်သွားရန် တာဝန်ပေးအပ်ထားခဲ့ကြောင်း သိရသည်။

ယူကရိန်း အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ၏ သတင်းမှန်ပြန်ကြားရေးဗဟိုဌာနအကြီးအကဲ Andriy Kovalenko က ဘီလာရုစ်နိုင်ငံဘက်က တပ်ဖြန့်ချထားမှုသည် ယူကရိန်းတပ်ဖွဲ့များကို အာရုံလွှဲပြောင်းစေရန်နှင့် ရုရှားသမ္မတပူတင်ကိုကူညီပေးရန် အာရုံလွှဲပြောင်းခြင်းစစ်နည်းဗျူဟာကို အသုံးပြုနေခြင်းဖြစ်ကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။

Polonez အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်သည် ဘီလာရုစ်နိုင်ငံထုတ် MZKT-7930 Astrolog ဘီးတပ်ထရပ်ကားယာဉ်ကိုယ်ထည်ပေါ်တွင် တင်ဆောင်ထားရှိပြီး တရုတ်နိုင်ငံထုတ် GATSS ဘက်စုံသုံး အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ကို ပုံစံတူထုတ်လုပ်ထားသည့် စနစ်ဖြစ်ကြောင်းလည်း သိရသည်။ အဆိုပါစနစ်တွင် တရုတ်နိုင်ငံထုတ် A200 ဒုံးကျည်များကို အသုံးပြုထားပြီး အကွာအဝေး ကီလိုမီတာ ၂၀၀ အတွင်းရှိ ပစ်မှတ်များကို ပစ်ခတ်နိုင်စွမ်းရှိသည်။

ရုရှားနိုင်ငံထုတ် Iskander နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်စနစ်သည် ရန်သူ၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် အခြားမဟာဗျူဟာမြောက် ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသည့် မြေပြင်မှဝေဟင်ပစ် ပဲ့ထိန်းဒုံးကျည်စနစ်တစ်ခုဖြစ်သည်။ ၎င်းစနစ်သည် အကွာအဝေး ကီလိုမီတာ ၅၀၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ဘီလာရုစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်နှင့် ပဲ့ထိန်းဒုံးကျည်စနစ်များတပ်ဖြန့်ချထားမှုသည် ပိုလန်နိုင်ငံ၊ လစ်သူယေးနီးယားနိုင်ငံ၊ လတ်ဗီးယားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့အတွက် ခြိမ်းခြောက်မှုတစ်ရပ် အဖြစ်လည်း ဟန့်တားထားနိုင်မည်ဖြစ်သည်။

ယူကရိန်းနိုင်ငံအနေဖြင့် ဘီလာရုစ်သမ္မတ Alexander Lukashenko ၏ လုပ်ရပ်သည် ရုရှားနိုင်ငံ၏ယူကရိန်းအထူးစစ်ဆင်ရေးတွင် အရေးပါလာနိုင်သည့်အတွက် စိုးရိမ်မှုများတိုးပွားလျက်ရှိသည်။ ဘီလာရုစ်နိုင်ငံသည် ရုရှား-ယူကရိန်း နှစ်နိုင်ငံ ပဋိပက္ခတွင် တရားဝင်ဝင်ရောက်၍ တိုက်ပွဲဝင်လုပ်ဆောင်နေခြင်းမျိုးမရှိသော်လည်း ရုရှားနိုင်ငံနှင့် အခိုင်မာဆုံး မဟာမိတ်နိုင်ငံဖြစ်သည့်အတွက် ပူးတွဲစစ်ရေးလှုပ်ရှားမှုများအပေါ် ယူကရိန်းနိုင်ငံနှင့် ကျောထောက်နောက်ခံပြုအနောက်အုပ်စု၊ မဟာမိတ်နိုင်ငံများက အထူးသတိထားစောင့်ကြည့်လျက်ရှိသည်။

**Belarus deploys missile systems near Ukrainian border ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက် ပိသာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက်ပိသာချိန် ၇၉၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိဖြိုးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်ငါးမြွေထိုးအစိမ်းများကိုဝယ်ယူပြီး စနစ်တကျ အခြောက်လှန်း ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် ဇွန်လအတွင်း ငါးမြွေထိုးခြောက် ပိသာချိန် ၇၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက် ထိ ငါးမြွေထိုးခြောက် ပိသာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“မအူပင်မြို့နယ်ကနေ ငါးခြောက်တွေကိုလစဉ်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက်တွေ တင်ပို့ရောင်းချခဲ့ပါတယ်။ ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက်ပိသာချိန် ၇၉၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က ငါးခြောက်တွေကို မှာယူမှုများနေပါတယ်။ ငါးမြွေထိုးခြောက် လုပ်ငန်းက ဒေသအတွက် အလုပ်အကိုင်ဖန်တီးပေးတဲ့လုပ်ငန်းပါ။ အခုလို ငါးခြောက်တွေ မှာယူမှုများလာတာကြောင့် ငါးမြွေထိုးခြောက် လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အားလုံး အဆင်ပြေလာပါတယ်''ဟု မအူပင်မြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ထံမှ သိရသည်။ **ကျော်ကျော်လင်း**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၁၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင် ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၁၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၄၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၉၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက် ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးဖို့ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ခရမ်းချဉ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီး



ဟင်းရွက်အားလုံးကို GAPစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို နည်းပညာပေးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်တွေကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့တောင်သူတွေကိုနည်းပညာတွေပေးနေပါတယ်" ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်သီးနှံစုံများ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မိုင်းယောင်းမြို့နယ် ဝမ်လဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ စစ်ဆေး

**မိုင်းယောင်း ဩဂုတ် ၁၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်တပ်ကျေးရွာအုပ်စု ဝမ်လဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် တာဝန်ရှိသူများက ဝမ်လဲကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်းယောင်းခရိုင် ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တစ်နိုင်တစ်ပိုင် မိသားစုဝင် ငွေတိုးစီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်စေရန် ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိစစ်ဆေးခဲ့သည်။

ဝမ်လဲ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ချေးငွေအောင်မြင်သည့် အသင်းသား၊ အသင်းသူ ၃၅ ဦးကို ဆဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၅၅သိန်းထိ ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန သိရသည်။

**မောင်ခိုင်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၃-၈-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၂၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၇၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

ရှေ့ဖုံးမှအဆက်

ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့်အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုကဲ့သို့ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကိုကျင်းပပေးရခြင်းသည် ထူးချွန်ထက်မြက်သည့် သွေးသစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အခြေခံပြိုင်ပွဲကောင်းတစ်ခုဖြစ်သကဲ့သို့ ယခုပြိုင်ပွဲမှတစ်ဆင့် သွေးသစ်လူငယ်ဘောလုံးသမားများကို ဖော်ထုတ်ရွေးချယ်လေ့ကျင့်ပေးနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ထားပါကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲ၏ ဦးတည်ရည်မှန်းချက်နှင့်အနှစ်သာရများကို အောင်မြင်စွာအကောင်အထည်ပေါ်လာစေရန် တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြရန် လိုအပ်ပါကြောင်း၊ ဒိုင်လူကြီးများအနေဖြင့်လည်း ဘက်လိုက်မှုကင်းရှင်းပြီး သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားမျှတမှန်ကန်စွာဆုံးဖြတ်ဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါကြောင်း၊အားကစားသမားလူငယ်အပေါင်းတို့အနေဖြင့် ယခုပြိုင်ပွဲကတစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်ကအားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် ဖူဆယ်ဘောလုံးအားကစားသမားကောင်းများ ဖြစ်လာစေရန် ကြိုးစားယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းမှာကြားရင်း၂၀၁၉ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်းဖြင့် ပြောကြားသည်။







ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသားအုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို လေးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် တစ်ဂိုးစီသရေ ရလဒ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ဖြင့်လည်းကောင်း၊ အမျိုးသမီးအုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ချင်းပြည်နယ်အသင်းကို ခုနစ်ဂိုးတစ်ဂိုးဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သည်။

ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီမှ စတင်၍ ဖူဆယ်အားကစားရုံ၌ အမျိုးသားအုပ်စု ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ချင်းပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ အမျိုးသမီးအုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးဖူဆယ်ပြိုင်ပွဲကို မြန်မာ့ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးက ဖူဆယ်အားကစားသမားများ အချင်းချင်း သွေးစည်းညီညွတ်မှုရှိပြီး ပြည်ထောင်စုစိတ်ဓာတ်ပိုမိုထွန်းကား ပြန့်ပွားလာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖူဆယ်အားကစားနည်း ပိုမိုပြန့်ပွားလာစေရေး၊ လူငယ်ထုအတွင်း ဖူဆယ်အားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေး စသည့် ရည်ရွယ်ချက်များဖြင့် ဩဂုတ် ၁၁ ရက်မှ ၁၉ ရက်ထိ ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၄ သင်းဖြင့် အားကစားသမားများ စုစုပေါင်း ၅၂၅ ဦး ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကာ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ကျေးရွာတွင်းလမ်းများ ပြုပြင်ဖောက်လုပ်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဩဂုတ် ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ကျေးရွာများ၏ ရွာတွင်းလမ်းများ ပြုပြင်ဖောက်လုပ်ပေးနေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကုန်းတန်းကြီးကျေးရွာ အဝင်လမ်းကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဖျောက်ဆိပ်ပင်ကန် အမှတ် (၁)၊ (၂)၊ (၃) ပြုပြင်တူးဖော်နေမှု၊ အရှေ့ဖွားစောကျေးရွာ အဝင်မှ ဇယဝေရီကန်သို့သွားသောလမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အနောက်ဖွားစောကျေးရွာ အဝင်လမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆောလျင်စွာပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီစေရေးနှင့် လမ်းရေရှည်ကောင်းမွန်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားကာ ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဇယဝေရီကန်အားသွားရောက်ကြည့်ရှုစစ်ဆေးပြီး ညောင်ဦးမြို့နယ် သူငွေးကန်ကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်းမှ သင်တန်းသူများ၊ ဒေသခံပြည်သူများ၊ ကျေးရွာတောင်သူများနှင့်တွေ့ဆုံ၍ သင်တန်းပြီးဆုံးပါက အမှန်တကယ်လုပ်ငန်းလုပ်ကိုင်လိုသူများကို လုပ်ငန်းသုံးပစ္စည်းများ မတည်ရင်းနှီးပေးမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ ဒေသခံပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့ရှိ သမဝါယမအသင်းစုပိုင်အနေဒ်ရထာဆီစက်သို့ရောက်ရှိပြီး ညောင်ဦးခရိုင်အတွင်းရှိ ဆီထွက်သီးနှံစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဆီထွက်သီးနှံ စိုက်ပျိုးသူများကို နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထွက်ရှိလာသော သီးနှံများကို ဈေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမချေးငွေများ၊ မြစိမ်းရောင်စီမံကိန်းမှ ချေးငွေများဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ ချေးငွေများ၊ ထောက်ပံ့ငွေများကို သီးနှံပေါ်ပါက သတ်မှတ်ကာလအတွင်း အပြေအကျေပေးသွင်းကြရန်လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ အနေဒ်ရထာ ဆီစက်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့နယ် မြင်းကပါ ခေတ်မီစံပြကျေးရွာအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မြင်းကပါကျေးရွာအတွက် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း(Smart Village) ရန်ပုံငွေကျပ်သိန်း ၆၀၀၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ရေးစီမံကိန်း (RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ တို့ကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ပြီး ကျေးရွာတွင်းလမ်း ချင်းကျောက်ခင်းခြင်း ပြီးစီးမှုနှင့် အုတ်စီရေမြောင်းပြုလုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာအဝင်လမ်းပေါ်ရှိ ရေကျော်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာလမ်းကော်မတီဝင်များနှင့် ဒေသခံပြည်သူအားလုံး လမ်းရေရှည်ကောင်းမွန်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျားက ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပြီး ၎င်း၏သံအမတ်ခန့်အပ်လွှာမိတ္တူကို ပေးအပ်သည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားပြီး မြန်မာ-တရုတ် နှစ်နိုင်ငံအကြားတည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း







နေပြည်တော် ဩဂုတ် ၁၃

ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရဲရဲဝံ့ဝံ့ သက်စွန့်ဆံဖျား ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ထမ်းများနှင့် မိသားစုများသာမက နိုင်ငံအတွင်းမှ အသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များကလည်း အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိမြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာမေတ္တာအပြည့်ဖြင့် ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်၊ ငါးပိထောင်း၊ ငါးသေတ္တာ၊ ငါးနီတူခြောက်ကြော်၊ ငါးကြင်းကြော်ဘူး၊ ငါးဆုပ်ဟင်းဘူး၊ ကြက်သားနှပ်ဘူး၊ ဘာလချောင်ကြော်၊ လက်ဖက်ချဉ်စပ်၊ ကုလားပဲနှပ်၊ ဆေးပေါ့လိပ်၊ မြေပဲပွ၊ မြေပဲဆန်လှော်နှင့် အားဖြည့်အချိုရည်များလှူဒါန်းနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမတွင်ပြင်ဆင်ထုပ်ပိုးနေမှုများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ ဝန်ထမ်းမိသားစုများကလှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးနိုင်ရေး နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်လှူဒါန်းမည်ဖြစ်သည်။

အလားတူ ယနေ့တွင် တတိယအကြိမ်ပေးပို့လှူဒါန်းနိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး စိတ်အားထက်သန်စွာဖြင့် ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုဝင်များအနေဖြင့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ မြေပဲကြော်၊ ဘာလချောင်ကြော်၊ ငါးနီတူခြောက်ကြော်၊ အသင့်စားချဉ်ပေါင်ကြော်၊ ငါးသေတ္တာဘူး၊ လက်ဖက်နှပ်၊ ငါးပိထောင်းဘူး၊ သရက်သီးသနပ်၊ ခေါက်ဆွဲခြောက်၊ ငါးကြင်းဆန်ပြုတ် စသည့်စားသောက်ဖွယ်ရာ ၁၀ မျိုးတို့ကို အထုပ် ၁၅၀၀ စီ၊ ကော်ဖီမစ်နှင့် တီးမစ်အထုပ် ၃၀၀၀ စီတို့ကို ဩဂုတ် ၁၄ ရက်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။

စားသောက်ဖွယ်ရာများနှင့်အတူ ဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများက "တရားသောစစ် မုချအောင်ရမည်၊အမောင်စစ်သည်တို့နှင့်အတူ တစ်သွေးတည်းတစ်သားတည်းအတူ ရပ်တည်နေသည်ကို ခြွင်းချက်မရှိယုံကြည်၍ ပေးအပ်သည့်အမိန့်နှင့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး အောင်ပွဲများနှင့်အတူ ပြန်လာချိန်ကို သပြေပန်းနှင့် ကြိုဆိုရန် အသင့်စောင့်မျှော်နေမည်"အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကိုလည်း ထည့်သွင်းပေးပို့ခဲ့ကြသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့တို့မှ ပြည်သူများက ဩဂုတ် ၁၁ ရက်က ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ စားသောက်ဖွယ်ရာများ စုပေါင်းကြော်လှော်ချက်ပြုတ်ကြပြီး ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ထုပ်ပိုးနေမှုများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်လုံခြုံရေးနှင့် နယ်မြေဒေသကာကွယ်ရေးအတွက် မိမိတို့၏အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာဖြင့် ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးခြောက်၊အသားတုနှင့်ငရုတ်သီးကြော်၊ ငါးပိငံပြာရည်ကြော်၊ပဲမျိုးစုံကြော်၊ လက်ဖက်၊ဆေးလိပ်နှင့် အခြားစားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းသွားမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တိုင်းရင်းသားပြည်သူများက "တိုင်းပြည်၏အန္တရာယ်ရန်စွယ်အပေါင်းကို တွန်းလှန်တိုက်ခိုက်နေသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေးစားဂုဏ်ယူလျက်ရှိကြောင်း၊ မကြာမီ တိုင်းရင်းသားညီအစ်ကို မောင်နှမများ အေးချမ်းစွာပြန်လည်နေထိုင်ရတော့မည်ဟု ယုံကြည်မျှော်လင့်နေကြောင်း" စသည့်မေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများစုပေါင်း၍ ဩဂုတ် ၁ ရက်တွင် ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများပေးပို့လှူဒါန်းခဲ့ပြီး ယခုအခါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တိုင်းရင်းသားပြည်သူများစုပေါင်း၍ ဒုတိယအကြိမ်အဖြစ် ငွေကျပ်သိန်း ၁၀၀ ကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများထပ်မံပေးပို့လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ဩဂုတ် ၅ ရက် ညနေပိုင်းက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများစုပေါင်း၍ စားသောက်ဖွယ်ရာများပေးပို့လှူဒါန်းနိုင်ရေး စိတ်အားထက်သန်စွာ ပြင်ဆင်ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ခေါက်ဆွဲခြောက် ၁၄၈၄၆ ထုပ်၊ ကြာဆံခြောက်အထုပ် ၉၀၀၊ ငါးသေတ္တာဘူး ၂၁၀၊ ကော်ဖီမစ် ၁၃၇ ပါကင်၊ ကွေကာအုပ် ၁၀ ပါကင်၊ငါးပိထောင်းဘူး ၅၀၊ ငါးပိကြော်အထုပ် ၆၀၊ အမွှေးဆပ်ပြာ ၁၆၈ တုံး၊ ခတ်ဆားထုပ် ၂၅၀၊ဆေးလိပ် ၁၀၆၀၀၊ ဂက်စ်မီးခြစ်အလုံး ၁၀၀၊ သွားတိုက်ဆေးဘူး ၂၂၀၊ လက်ဖက်အသားနှစ်ပိသာ၊ နှစ်ပြန်ကြော် သုံးပိသာ၊ ကိုက်ခြောက် ၂၈ ဘူး၊မိုးကာအထည် ၂၀၊ တီရှပ် ၁၀ ထည်၊ ငံပြာရည်ဘူး ၂၄၀၀၊အချိုရည်ဘူး ၆၀၀၊ လက်ဆေးဆပ်ပြာဘူး ၁၅၀၊ ဆန်ကွတ်ကီးမုန့်ထုပ် ၇၂၀၀၊ ဂျက်ကက်အင်္ကျီအထည် ၅၀၊ ဘောင်းဘီရှည်အထည် ၅၀၊ အဝတ်အထည်မျိုးစုံအထည် ၁၀၀ တို့ကို လှူဒါန်းသွားမည်ဖြစ်သည့်အပြင် "ကျန်းမာပါစေ၊ဘေးအန္တရာယ်ကင်းပါစေ၊တရားသောစစ်အောင်မြင်ပါစေ" စသည့်ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ငွေကျပ် ၂၈၇၇၅၅၈၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဘဲမွေးမြူရေးခြံနှင့် ဒေသန္တရမျိုးထိန်း မျိုးပွားခြံတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့်အတူ ယနေ့ နံနက်ပိုင်းက တပ်ကုန်းမြို့နယ် ရွှေမြို့တိုးချဲ့မွေးမြူရေးဇုန်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ဘဲဥသားဖောက်စက်၊ ဘဲမွေးမြူရေးခြံနှင့် ဒေသန္တရမျိုးထိန်း မျိုးပွားခြံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘဲမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးနှင့် ဒေသန္တရများ တိုးပွားထိန်းသိမ်းရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။



ဦးစွာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက တပ်ကုန်း-ရွှေမြို့ တိုးချဲ့မွေးမြူရေးဇုန်တွင် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဇီဝလုံခြုံမှုအဆင့်-၃၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း တည်ဆောက်ရေးစီမံကိန်း အချက်အလက်များနှင့် လုပ်ငန်းစဉ်များ၊ ဘဲဥသားဖောက်စက်၏ လုပ်ငန်းစဉ်များနှင့် ဘဲသားပေါက်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နေပြည်တော် ကောင်စီနယ်မြေအတွင်း ဥစားဘဲမွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင် ဥဖောက်စင်များ စနစ်တကျအဆင့်မြှင့်တင်ရွှေ့ပြောင်းကာ ဘဲသားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေမှုများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ဆောင်ရွက်ခဲ့သော်လည်း မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာသေးကြောင်း၊ သတင်းစာများ၊ ဝက်ဘ်ဆိုက်များတွင်လည်း မကြာခဏအသိပေးကြော်ငြာပေးနေသည့်တိုင် လုပ်ငန်းရှင်များ၊ အစုအဖွဲ့အစည်းများအနေဖြင့် စိတ်ဝင်စားမှုနည်းနေကြောင်း၊ သို့ဖြစ်၍ မြို့နယ်အလိုက် ဦးစီးဌာနဝန်ထမ်းများအနေဖြင့် မိမိတို့၏ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများကိုလည်း တစ်နိုင်တစ်ပိုင် မွေးမြူရေးကို စည်းရုံးသွားကြစေလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘဲဥသားဖောက်စက်အလုပ်ရုံ၊ ဘဲမွေးမြူရေးခြံနှင့် ဒေသန္တရမျိုးထိန်း မျိုးပွားခြံ၊ ရွှေမြို့တိုးချဲ့မွေးမြူရေးဇုန်၌ ဆောင်ရွက်ပြီးစီးသည့် လျှပ်စစ်ဆည်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဌာနမွေးမြူရေးခြံများအနေဖြင့် ရေနှင့် အစာတိုက်ကျွေးမှုစနစ်မှန်ကန်စေရေး၊ အစာခွက်များ ပုံမှန်သန့်ရှင်းရေးအပါအဝင် ဇီဝလုံခြုံမှုဆိုင်ရာ စံနမူနာကောင်းပေးနိုင်ရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရန်ကုန် ရွာသာကြီးခြံရှိ ဘဲဥသားဖောက်စက် နှစ်လုံး၊ ပဲခူး ဘုရားကြီးခြံရှိ ဘဲဥသားဖောက်စက် လေးလုံး၊ နေပြည်တော် ရွှေမြို့ခြံရှိ ဘဲဥသားဖောက်စက် ငါးလုံးတို့မှ သားပေါက်များ ထုတ်လုပ်၍ ဘဲမွေးလုပ်ငန်းရှင်များ၊ ဘဲမွေးတောင်သူများကို ဖြန့်ဖြူးပေးလျက်ရှိရာ ရွှေမြို့တိုးချဲ့မွေးမြူရေးဇုန်ရှိ ဘဲဥသားဖောက်စက်မှ နှစ်စဉ် ဘဲသားပေါက်အကောင် ၃၆၂၀၀၀ ကျော် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ဘဲသားပေါက်အမတစ်ကောင်လျှင် ငွေကျပ် ၁၂၀၀ နှုန်း၊ အထီးတစ်ကောင်လျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ဘဲမွေးမြူလိုသူများအနေဖြင့် အမှာစာများ ပေးပို့မှာကြားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်များ လှည့်လည်လေ့လာ





နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်အရ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရေး၊ ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံကောင်းများ ရရှိစေရေးတို့အတွက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဦးရေ ၃၀ ကို နိုင်ငံတော်အစီအစဉ်ဖြင့် ဩဂုတ် ၉ ရက်မှ ၁၃ ရက်ထိ ပြည်ပလေ့လာရေးခရီးစဉ်စေလွှတ်ခဲ့သည်။

အဆိုပါထူးချွန်ကျောင်းသား၊ ကျောင်းသူများအဖွဲ့သည် ထိုင်းနိုင်ငံတွင် ဩဂုတ် ၉ ရက်မှ ၁၀ ရက်ထိ လည်ပတ်လေ့လာခဲ့ကြပြီး ဩဂုတ် ၁၁ ရက်တွင် စင်ကာပူနိုင်ငံသို့ရောက်ရှိ၍ မြန်မာသံရုံးနှင့် Merlion Park တို့သို့ လည်ပတ်လေ့လာကြသည်။ ဩဂုတ် ၁၂ ရက်တွင် Botanic Garden သို့သွားရောက်ကြကာ အဆိုပါ Botanic Garden အတွင်း၌ ပျော်ရွှင်စွာလှည့်လည် ကြည့်ရှုလေ့လာပြီး အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြသည်။

ထို့ပြင် Clementine Road ရှိ Singapore Institute of Management (SIM) သို့ရောက်ရှိကြရာ Singapore Institute of Management မှ တာဝန်ရှိသူများက ကြိုဆိုကြကာ ထူးချွန် ကျောင်းသား၊ ကျောင်းသူများကို အဆိုပါကျောင်းရှိ SIM Heritage Gallery ၌ Ms Celia Her က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြား၍ တက္ကသိုလ် တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို Theatre ၌ တွေ့ဆုံကာ တက္ကသိုလ်၏ Vice Provost Dr Timothy Chan က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး သံရုံးယာယီတာဝန်ခံ ဦးဇော်ဇော်စိုးက ကျေးဇူးတင်စကားပြောကြားကာ Ms Celia Her က SIM University တက္ကသိုလ်အကြောင်း မိတ်ဆက်ပြောကြား၍ Dr Liam Kim Yang က တက္ကသိုလ်တွင် သင်ယူနိုင်သော သင်တန်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံမှ ပညာသင်ကျောင်းသားတစ်ဦးက ၎င်း၏ ပညာသင်အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ထူးချွန်ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အဆိုပါကျောင်းတွင် ပညာသင်ယူနေသော Student Ambassadors မြန်မာကျောင်းသား၊ ကျောင်းသူတို့က ဦးဆောင်၍ တက္ကသိုလ်စာကြည့်တိုက်၊ အားကစားရုံ၊ Student's Wellness Centre၊ Canteen စသည်တို့ကို အဖွဲ့ သုံးဖွဲ့ခွဲ၍ Campus Tour အဖြစ် လှည့်လည်ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် လေ့လာရေး ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် Garden by the Bay သို့ ရောက်ရှိပြီး Flower Dome နှင့် S.E.A Aquarium တို့ကို လေ့လာကြသည်။

ထို့နောက် Sentosa ကျွန်းသို့သွားရောက်ပြီး အဆိုပါ Sentosa ကမ်းခြေရှိ Tourist Attractions နေရာများကို လည်ပတ်ကြကာ ရေသားဖန်သားပြင်ဖြင့် ပြသသော 'Wings of the Time' ကို ကြည့်ရှုကြသည်။

အဆိုပါ ထူးချွန် ကျောင်းသား၊ ကျောင်းသူများနှင့် အုပ်ချုပ်သူများသည် ယနေ့နံနက် ၉ နာရီခွဲတွင် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့ ရောက်ရှိပြီး Jewel Shopping Centre ၌ လှည့်လည်ကြည့်ရှုလေ့လာဈေးဝယ်ကြသည်။

ယင်းနောက် အဆိုပါအဖွဲ့သည် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် စင်ကာပူနိုင်ငံမှ ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး တာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာရောက်ကြိုဆိုကြကာ ထူးချွန် ကျောင်းသား၊ ကျောင်းသူများသည် အုပ်ချုပ်သူများ၊ သက်ဆိုင်ရာမိဘများနှင့်အတူ နေရပ်အသီးသီးသို့ပြန်လည်ထွက်ခွာသွားကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇူလိုင် ၂၂ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီး အဆိုပါကျောင်းသား၊ ကျောင်းသူများအနက် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိသူ ကျောင်းသား၊ ကျောင်းသူဦးရေ ၃၀ ကို ပြည်ပနိုင်ငံများသို့လေ့လာရေးခရီးသွားရောက်ရန် စီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ် အခမ်းအနားကျင်းပ




**နေပြည်တော် ဩဂုတ် ၁၃**

“လူငယ်ကဏ္ဍမြှင့်တင်လို့ ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းဖန်တီးစို့” ဆောင်ပုဒ်ဖြင့် ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံနှင့် ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူမှုရေးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းလူငယ်များ၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်များ၊ ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ၊ စေတနာ့ဝန်ထမ်း လူငယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ၊ အခြေခံကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ လူငယ်များနှင့် နယ်ပယ်ပေါင်းစုံမှ လူငယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများက အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူငယ်ဖိုရမ်ကျင်းပရသည့် ရည်ရွယ်ချက်မှာ “လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီ မြန်မာပြည်” ဆိုသည့် မျှော်မှန်းချက်နှင့်အညီ လူငယ်များ မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အဓိကအင်အားစုများအဖြစ် ပါဝင်လာနိုင်စေရန်၊ မိမိနိုင်ငံနှင့် ယဉ်ကျေးမှုအပေါ် တန်ဖိုးထားချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး နိုင်ငံသားကောင်းတစ်ယောက်၏ အခွင့်အရေးနှင့်တာဝန်များကို ပိုမိုနားလည်လာစေရန်၊ မတူညီသည့် ဒေသအသီးသီးမှလူငယ်များ တွေ့ဆုံဆွေးနွေးခွင့်ရရှိသည့်အတွက် လူငယ်ထုအကြား ရင်းနှီးချစ်ခင်မှုနှင့် နားလည်ယုံကြည်မှု တည်ဆောက်ပေးနိုင်စေရန်၊ လူငယ်များ၏ တန်ဖိုးရှိသည့် စွမ်းရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနိုင်ရန်နှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များတက်ကြွစွာ ပူးပေါင်းပါဝင်လာခြင်းအားဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ပေးနိုင်ရန်ဖြစ်ကြောင်း။

လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များကို Agenda 2030 အလွန် ၂၀၄၀ ပြည့်နှစ်ထိ မြော်တွေးကာ ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်သည့်အတွက် Panel session သုံးခုအပေါ် အခြေပြုညှိနှိုင်းအဖြေရှာ၍ ရေရှည်ရေတိုလုပ်ငန်းအစီအမံများ ချမှတ်နိုင်အောင် သက်ဆိုင်ရာကဏ္ဍများအလိုက် တက်တက်ကြွကြွ စိတ်ပါဝင်စားစွာ ဝိုင်းဝန်းဆွေးနွေးကြကာ သက်ရှယ်စုံညီပါဝင်သည့် လူမှုစီးပွားဘဝ သာယာဖွံ့ဖြိုးတိုးတက်ပြီး သဟဇာတဖြစ်သည့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပုံဖော်နိုင်ပါစေကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနား၊ လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေးခရီးစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းများအတွက် အလှူငွေ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ လူငယ်ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "ရောင်စုံဥယျာဉ်" တေး



သီချင်းဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်လူငယ်ကိုယ်စားလှယ်အဖွဲ့က “မမေ့နိုင်တဲ့မြေ” တေးသီချင်းနှင့်တွဲဖက်၍ ရိုးရာအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် လူငယ် ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် လူငယ်ဖိုရမ်ကိုဆက်လက်ကျင်းပသည်။ **(လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက် ဆွေးနွေးမှုများကို သီးခြားဖော်ပြထားပါသည်။)**

ကဏ္ဍအလိုက် ဆွေးနွေးမှုများအပြီးတွင် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များနှင့် စေတနာ့ဝန်ထမ်းလူငယ်များကိုယ်စား လူငယ်ကိုယ်စားလှယ်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လူငယ်ဖိုရမ်ကို ရုပ်သိမ်းလိုက်သည်။

လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်များ အသိပညာဗဟုသုတများ တိုးပွားကာ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် ပညာရေးဆိုင်ရာ အခွင့်အလမ်းများနှင့် လူငယ်ဆိုင်ရာ သတင်းအချက်အလက်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ထုတ်ကုန်များနှင့် အထိမ်းအမှတ်ပစ္စည်းများ ခင်းကျင်းပြသခြင်း၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ ပြသခြင်း၊ စစ်တမ်းကောက်များ ကောက်ယူခြင်း၊ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်း၊ ဆုလက်ဆောင်များပေးအပ်ခြင်းနှင့် စုပေါင်းဂိမ်းကစားခြင်းစသည့် အစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပခဲ့သည်။

လူငယ်ဖိုရမ်မှ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေး၍ ထွက်ပေါ်လာသည့် ရလဒ်များ၊ အကြံပြုချက်များကို စုစည်းကာ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ၊ လုပ်ငန်းစီမံချက်များတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်နိုင်ရေး မူဝါဒဆိုင်ရာအကြံပြုချက်များအဖြစ် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက် ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C) ၌ ကျင်းပသည့် လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက် ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ရှေးဦးစွာ Digital Transformation and innovation ဗီဒီယိုကိုပြသပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန မော်တော်ယာဉ်နည်းပညာသုတေသနဌာနမှ သုတေသနအရာရှိ ဒေါက်တာစိုးထက်ဝေ၊ ATOM Myanmar မှ Senior Vice Present ကိုလွင်ထူးကို၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သဉ္ဇာမေဖူးဝေနှင့် နိုင်ငံတကာခေါင်းဆောင်မှုတက္ကသိုလ်မှ IT Specialist ကိုဥက္ကာမောင်တို့က “ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်းနှင့် ပြောင်းလဲဆန်းစစ်ခြင်းကဏ္ဍ” ခေါင်းစဉ်ဖြင့် မျက်မှောက်ခေတ်တွင် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုနှင့် ဆန်းသစ်တီထွင်မှုများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်နယ်ပယ်ကဏ္ဍစုံတွင် ထိရောက်စွာအသုံးချလျက်ရှိသည့် အဓိကသော့ချက်တစ်ခုဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်အချိုးကျလျက်ရှိခြင်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာလူငယ်များအနေဖြင့် လာမည့်ဆယ်စုနှစ်များတွင် မိမိနိုင်ငံအတွက်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့်ကိစ္စရပ်များကို ဖော်ထုတ်ရာတွင် အဓိကကျပြီး လူငယ်များ၏ နေ့စဉ်လူမှုဘဝဖြတ်သန်းမှုများတွင် ပုံစံအမျိုးမျိုးဖြင့် ဆက်စပ်နေသော ကဏ္ဍများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်၏ အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိသည့် ဉာဏ်ရည်တု AI နှင့်ပတ်သက်သည့် သိမှတ်ဖွယ်ဗဟုသုတများ၊ ဆောင်ရန်ရှောင်ရန်ကိစ္စရပ်များ၊ လုပ်ဆောင်နိုင်စွမ်းနယ်ပယ်များနှင့် စိန်ခေါ်မှုများ၊ ကျော်လွှားနိုင်မည့်နည်းလမ်းများ၊ နည်းပညာတိုးတက်လာမှုနှင့် ပတ်သက်၍ ဆိုးကျိုးနှင့် ကောင်းကျိုးများ၊ Data အချက်အလက်များ၏ လုံခြုံရေးဆိုင်ရာအချက်အလက်များ၊ လူငယ်များဘဝကိုတိုးတက်ပြောင်းလဲစေရန် အသုံးချနိုင်မည့် နည်းပညာစွမ်းအားများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နေ့စဉ်လုပ်ငန်းခွင်တွင်




စာမျက်နှာ ၂၀ သို့




**စာမျက်နှာ ၁၉ မှအဆက်**

AI နည်းပညာ အသုံးဝင်မှုနှင့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံ ကျေးလက်နေလူငယ်များ၏ လူနေမှုဘဝများ တိုးတက်ကောင်းမွန်စေရန်နှင့် ပတ်သက်သည့် နည်းပညာများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် Socio-Culturl Development မှတ်တမ်းဗီဒီယိုကို ပြသပြီး နိုင်ငံတကာခေါင်းဆောင်မှု တက္ကသိုလ်မှ ဆရာမ ဒေါ်စုလဲ့လဲ့နိုင်၊ နိုင်ငံတကာ ခေါင်းဆောင်မှု တက္ကသိုလ်ဥက္ကဋ္ဌ ဒေါ်မေဖူးပွင့်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာချမ်းငြိမ်းစုနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန္တာမိုးတို့က "လူမှု-ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ" ခေါင်းစဉ်ဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကောင်းမွန်သော ပညာရေးနှင့် ကျန်းမာရေးစနစ်တို့ဖြင့် အခြေခံတည်ဆောက်ပြီး မျက်မှောက်ခေတ်အခြေအနေတွင် နည်းပညာဆိုင်ရာ တိုးတက်ကောင်းမွန် ပြောင်းလဲလာမှုများနှင့်အတူ စိတ်ပိုင်းဆိုင်ရာများနှင့် ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုများအား ဖြေရှင်းနိုင်ရေးတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်၏ အနာဂတ်ခေါင်းဆောင်များဖြစ်သော လူငယ်များအတွက် နိုင်ငံသားကျင့်ဝတ်များ၊ ခေါင်းဆောင်မှုဆိုင်ရာအရည်အသွေးများနှင့်စပ်လျဉ်း၍လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးများနှင့်ပတ်သက်သော အလေ့အကျင့်ကောင်းများကို မည်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်သင့်သည်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ၂၁ ရာစုတွင် လူငယ်များအတွက် ကျွမ်းကျင်မှုများဖြစ်သော Digital Literacy, Communication Skills, Critical Thinking , Global and Cultural Awareness, Financial Literacy စသည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အနာဂတ်ခေါင်းဆောင်များ ဖြစ်လာမည့် လူငယ်များအနေဖြင့် မဖြစ်မနေတတ်ကျွမ်းသင့်သည့် (hardskill & Softskill) အသိပညာ၊ အတတ်ပညာများ၊ မြန်မာနိုင်ငံ၏ လူမှု-ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွဖော်ဆောင်နိုင်ရန် နည်းလမ်းများ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထိလွယ်ရှလွယ်ဖြစ်ပေါ်ခြင်းကိုကာကွယ်တားဆီးနိုင်ရန် နည်းလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ လူငယ်များအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးကို မြှင့်တင်ရန်အတွက် အထောက်အပံ့များ၊ ၂၁ ရာစုကာလတွင် အတတ်ပညာများနှင့်ပတ်သက်၍ ဘဝအတွက် အထောက်အကူပြုနိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် Economic Growth and Employment ဗီဒီယိုကိုပြသပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမော်မော်ထွန်း၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MYDA) ဘဏ္ဍာရေးမှူး ဒေါ်ကြည်စင်ရွှေ၊ အစိုးရစက်မှုလက်မှုသိပ္ပံ နေပြည်တော်မှ တတိယနှစ်ကျောင်းသူ မနှင်းဆီရွှေစင်နှင့် CAKE U Bakery(နေပြည်တော်)မှ ဒေါ်ချိုနေခြည်နွေးတို့က "စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ" ခေါင်းစဉ်ဖြင့် စီးပွားရေးတိုးတက်အောင် တည်ဆောက်ခြင်းသည် နိုင်ငံတည်ဆောက်ခြင်း (State Building)အတွက် အရေးပါသောအချက်အလက်တစ်ခုဖြစ်သောကြောင့် အဆိုပါနယ်ပယ်တွင် လူငယ်များပါဝင်နိုင်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းအသုံးပြု၍ ဆောင်ရွက်နိုင်သည့် စီးပွားရေးဆိုင်ကိစ္စရပ်များ၊ လုပ်ငန်းခွင်သင်တန်းများမှတစ်ဆင့် ပို၍ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများကို ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အနာဂတ်တွင် အောင်မြင်တိုးတက်ရေးအတွက် အဓိကလက်တွေ့ကျသော နယ်ပယ်များတွင် မိမိဘဝခရီးကို စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်အဖြစ် လေ့ကျင့်ပျိုးထောင်ဖြတ်သန်းနိုင်မည့် အကြောင်းအရာများ၊ လက်ရှိတိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ဒစ်ဂျစ်တယ်နည်းပညာဖြင့် အလုပ်အကိုင်ရှာဖွေရေးနည်းလမ်းများ၊ အွန်လိုင်းပေါ်မှ ဝင်ငွေရှာဖွေမှုနှင့် မိမိ၏ငွေကြေးများလည်း ဆုံးရှုံးနိုင်ခြေရှိမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ TVET မှတစ်ဆင့် အသက်မွေးဝမ်းကျောင်းအပေါ် ကြီးမားသည့်အကျိုးသက်ရောက်မှု၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည့် စီးပွားရေးကဏ္ဍများ၊ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများက လူငယ်ဖိုရမ်၌ သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ နည်းပြ ဒေါ်မိုးသီတာ ဦးဆောင်၍ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက Zumba အကဖြင့် အတူတကွကပြကြသည်။

ထို့နောက် လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက အုပ်စု ကိုးခုခွဲ၍ The Power of Technology to Transform Your Life, The Truth about AI, Steps Youth Need to Take to Access the Digital World, Youth: The Future Leaders of the Nation, Master Your Mind, Master Your Body, The Skill Youth Need to Succeed in the 21st Century, Today Trending: Monetizing Your Digital Brand, Get a Better Job with TVET နှင့် Master Your Life through Enterpreneurship စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး အုပ်စုအဖွဲ့များမှ ခေါင်းဆောင်များက ဆွေးနွေးပွဲရလဒ်များကို ဖတ်ကြားတင်ပြရာ ရလဒ်များအပေါ် တာဝန်ရှိသူများက အနှစ်ချုပ်ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်မင်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

☆ **ကျောဖုံးမှအဆက်**

တောင်ပင်လယ်ပုလဲရောင်းချပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းသူနှင့်တာဝန်ရှိသူတို့သည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲများရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် တင်ဒါအမှတ်(၁)နှင့် တင်ဒါအမှတ်(၂)တို့မှ ပုလဲအတွဲ ၂၃၀ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲ ၁၇၇ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပုလဲရောင်းချပွဲ တတိယနေ့တွင် တင်ဒါအမှတ်(၃)ဖြစ်သည့် ပုလဲအတွဲအမှတ်(၂၃၁)မှ အတွဲအမှတ်(၃၄၅)ထိ ပုလဲအတွဲ ၁၁၅တွဲနှင့် တင်ဒါ အမှတ်(၄) ဖြစ်သည့် ပုလဲအတွဲအမှတ် (၃၄၆) မှအတွဲအမှတ်(၄၆၀)ထိ ပုလဲအတွဲ ၁၁၅ တွဲတို့အား ပြည်တွင်းပြည်ပရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်ထိကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲ၇၀၀၊ ပုလဲအလုံး ၁၇၅၀၀၀ ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ**"ဆေးရုံရှိ ဆေးဝန်ထမ်းများ၊ ဆေးဝါးကုသနေတဲ့ လူနာများ၊ အမျိုးသမီးနှင့် ကလေးပါမကျန် ကြောက်မက်ဖွယ်လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့မှု"**ခေါင်းစဉ်ဖြင့် ၁၄-၈-၂၀၂၄ ရက်**(ယနေ့)** မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူတွေ စက်သုံးဆီအခက်အခဲဖြစ်အောင်ပြုလုပ်နေတဲ့ဝိသမလောဘသားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား**
**မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ငွေကျပ် ၁ ဒသမ ၄၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၁၅ သိန်း ဖမ်းဆီးရမိ







နေပြည်တော် ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ငွေကျပ် ၁ ဒသမ ၄၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၁၅ သိန်း ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၈ ရက် ညနေ ၃ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ (ဂ)ရပ်ကွက် မြို့မဈေးရှေ့တွင် မုံရွာမှ ယင်းမာပင်ဘက်သို့ ခင်မောင်ဆန်း မောင်းနှင်ပြီး လွင်မင်းသန့် လိုက်ပါလာသည့် CANTER ခြောက်ဘီး မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဩဂုတ် ၉ ရက် နံနက် ၈ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကျောမြို့ အမှတ်(၁)ရပ်ကွက်တွင် ကွင်းဆက်တရားခံ ကြင်ဆွန်း(ခ)ကျင်စွမ်းအား HILUX SURF မော်တော်ယာဉ် တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၇ သိန်းနှင့်လည်းကောင်း၊ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ထွဋ်မြတ်ဦး(ခ)အီးတီ ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ခင်မောင်ဆွေအား စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄၅ သိန်းနှင့်လည်းကောင်း၊ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို မန္တလေးမှ ကလေးသို့ သယ်ဆောင်ခိုင်းသူ ထွဋ်မြတ်ဦး(ခ)အီးတီအား ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်-မန္တလေး အမြန်လမ်း ၂၀၁ မိုင် တိုးဂိတ်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အင်္ဂပူမြို့နယ်တွင် စစ်မှုထမ်းဆောင်ရန် အသက်ပြည့်သူများ၏ နေအိမ်တိုင်းကို ငွေကျပ်တစ်သိန်းခွဲထိ တောင်းယူနေကြောင်း သတင်းမှားများမဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် သပြေကျေးရွာအုပ်စုတွင် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း စစ်မှုထမ်းဆောင်ရန် အသက်ပြည့်မီသူများ၏ နေအိမ်တိုင်းကို ငွေကျပ်တစ်သိန်းခွဲထိ အုပ်ချုပ်ရေးမှူးက တောင်းယူနေကြောင်းကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းများ ရေးသားဖြန့်ဝေနေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မှန်ကန်မှုမရှိကြောင်းနှင့် စစ်မှုထမ်းဆောင်ရန်အတွက် ဆင့်ခေါ်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သည့်အကြောင်းနှင့်မျှ ငွေကြေးတစ်စုံတစ်ရာကောက်ခံရန် ညွှန်ကြားထားခြင်းမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ဆက်သွယ်မေးမြန်းနိုင်သည့် ဖုန်းနံပါတ်များကိုလည်း ပြည်သူများသိရှိစေရန် ထုတ်ပြန်ထားရှိကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားဝါဒဖြန့်ခြင်းသာဖြစ်ကြောင်း မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သတင်းရရှိသည်။ (၅၀၁)

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း၂၀၂၂ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၁၂ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "မိန်းမရိုင်း"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် ဘားအံမြို့နယ်နေ အိစန္ဒာခိုင်အား နံနက် ၄ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ "YairYintAung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နေ ရဲရင့်အောင်(ခ)ကိုရဲအား မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Moe Moe (Moe MoeBago)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ်နေ မိုးသီတာအေး(ခ)သီတာအား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Thant Chit Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ သန်းဌေး(ခ) အငယ်လေး(ခ) မိစံအား ညနေ ၃ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

# နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို သတ်ဖြတ်ကာ လက်ကိုင်ဖုန်းလေးလုံးနှင့် မော်တော်ယာဉ်တစ်စီးလုယက်ယူဆောင်ခဲ့သူ တရားခံနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ





နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို သတ်ဖြတ်ကာ လက်ကိုင်ဖုန်း လေးလုံးနှင့် မော်တော်ယာဉ် တစ်စီးလုယက်ယူဆောင်ခဲ့သူ တရားခံနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဩဂုတ် ၁၃**

ဩဂုတ် ၁၀ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇဝနသီဒ္ဓိရပ်ကွက် မြတ်လေးလမ်း အကွက်အမှတ်(၅၉၅၈)နေ ဦးသန်းနိုင်ထွန်း ၄၉ နှစ်၏ နေအိမ်၌ လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်အတွင်း၌ ဦးသန်းနိုင်ထွန်းနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်စောသန္တာဦး ၄၈ နှစ်နှင့်သားဖြစ်သူကို နောင်ရွှေအုပ်စိုး ၂၉ နှစ်တို့အား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး အဆိုပါနေအိမ်ရှိ YGN-36 5E/9185 Ractis အမျိုးအစား ခဲရောင် မော်တော်ယာဉ်မှာ ပျောက်ဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဘုရားကုန်းမြို့မရဲစခန်း(ပ)၃၉/၂၀၂၄၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၉၄/၃၄ဖြင့် အမှုဖွင့်လှစ် စုံစမ်းစစ်ဆေးခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ဖြင့် အခင်းဖြစ်ရပ်မှတ်တမ်း အထောက်အထားများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ လုံခြုံရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများမှ သတင်းအချက်အလက်များ ရယူဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၁ ရက်တွင် အဆိုပါ YGN-36 5E/9185 Ractis ခဲရောင် မော်တော်ယာဉ်အား ပျဉ်းမနားမြို့ ပေါင်းလောင်း(၂)ရပ်ကွက်ရှိ ရွှေပေါင်းလောင်း တည်းခိုခန်းအနီး လမ်းမပေါ်တွင် တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ တရားခံများအား ကွင်းဆက်မပြတ် ဆက်လက်စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံဖြစ်သည့် ဝင်းမင်းသူ (ခ) ဖိုးလပြည့်(ခ) ဖော်ဖော် ၁၉ နှစ် (ဘ) ဦးကျော်သူ ချောင်းစောက်ကျေးရွာ ပုဗ္ဗသီရိမြို့နယ်နေသူအား ဩဂုတ် ၁၂ ရက် ည ၆ နာရီခွဲတွင် ရန်ကုန်မြို့မှ ချောက်မြို့သို့ ထွက်ခွာလာသည့် မြသရဖူ ခရီးသည်တင်ယာဉ်ပေါ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းမင်းသူ(ခ) ဖိုးလပြည့်(ခ)ဖော်ဖော်၏ ထွက်ဆိုချက်အရ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သူ တရားခံ ရဲထက်ကျော် ၁၉ နှစ် (ဘ) ဦးကျော်အေး ဥတ္တရသီရိရပ်ကွက် ဥတ္တရသီရိမြို့နယ်နေသူအား ယင်းနေ့ ည ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြာအင်း(အနောက်) ကျေးရွာ၌ လူသတ်မှုကျူးလွန်၍ လုယက်ယူဆောင်ခဲ့သည့် လက်ကိုင်ဖုန်းနှစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းမင်းသူ(ခ) ဖိုးလပြည့်(ခ)ဖော်ဖော်နှင့် ရဲထက်ကျော်တို့၏ ထွက်ဆိုချက်အရ ၎င်းတို့နှစ်ဦးသည် သေဆုံးသူ နောင်ရွှေအုပ်စိုးနှင့် မိတ်ဆွေသူငယ်ချင်းများဖြစ်ကြပြီး နောင်ရွှေအုပ်စိုးမှာ မူးယစ်ဆေးဝါးသုံးစွဲလေ့ရှိသူဖြစ်ကြောင်း၊ နောင်ရွှေအုပ်စိုး၏နေအိမ်၌ ၎င်းတို့ နှစ်ဦးနှင့်အတူ မကြာခဏ အရက်နှင့် ထန်းရည်အတူသောက်ခြင်းတို့ကို ပြုလုပ်လေ့ရှိကြောင်း၊ တရားခံ ရဲထက်ကျော်မှ ဆိုင်ကယ်အသစ်ဝယ်ယူရန်အတွက် ငွေကြေးလိုအပ်နေသဖြင့် သူငယ်ချင်းဖြစ်သူ နောင်ရွှေအုပ်စိုးတို့ မိသားစုအားသတ်ဖြတ်ပြီး ၎င်းတို့ပိုင် မော်တော်ယာဉ်အား ရောင်းချပါက ငွေများရရှိနိုင်ကြောင်း၊ ရောင်းချငွေများအား ၎င်းတို့နှစ်ဦးမှ တစ်ဝက်စီခွဲဝေယူရန် တိုင်ပင်ခဲ့ကြပြီး ဩဂုတ် ၈ ရက် ည ၇ နာရီတွင် နောင်ရွှေအုပ်စိုး၏နေအိမ်သို့ သွားရောက်၍ အရက်အတူသောက်စားခဲ့ပြီးနောက် နောင်ရွှေအုပ်စိုးနှင့် ၎င်း၏ မိဘများဖြစ်သည့် ဦးသန်းနိုင်ထွန်း၊ ဒေါ်စောသန္တာဦးတို့သုံးဦးကို အသင့်ယူဆောင်လာသည့် သစ်သားတုတ်၊ ဓားများဖြင့် ရိုက်နှက်ထိုးခုတ်သတ်ဖြတ်ခဲ့ကာ နေအိမ်ရှိ လက်ကိုင်ဖုန်းလေးလုံး၊ YGN-36 5E/9185 Ractis အမျိုးအစား ခဲရောင် မော်တော်ယာဉ်တစ်စီးတို့ကို ယူဆောင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် တရားခံများဖြစ်ကြသည့် ဝင်းမင်းသူ(ခ) ဖိုးလပြည့်(ခ) ဖော်ဖော်နှင့် ရဲထက်ကျော်တို့သည် ငွေကြေးလိုအပ်ချက်အရ သူငယ်ချင်းဖြစ်သူနှင့် ၎င်း၏မိဘများအား သတ်ဖြတ်ကာ လုယက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပြီး တရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသမီးတစ်ဦးကို သတ်ဖြတ်ကာ စုစုပေါင်းငွေကျပ် ၉၈၇ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ ငွေများနှင့် မြေအရောင်းအဝယ်စာချုပ်အား လုယက်မှုကျူးလွန်သူ တရားခံ လေးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၃**

ဩဂုတ် ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သူဋ္ဌေးကွင်းကျေးရွာနေ ဒေါ်သန်းသန်းဆင့်(ခ)မအကြီးမ ၄၉ နှစ်သည် မိသားစုများ အလုပ်ကိုယ်စီသွားနေစဉ် နေအိမ်၌ တစ်ဦးတည်းကျန်ရှိခဲ့ပြီး မောင်ဖြစ်သူ ကိုမင်းအောင်ကျော် အလုပ်မှနေအိမ်သို့ ည ၆ နာရီခွဲခန့်တွင် ပြန်လည်ရောက်ရှိစဉ် အစ်မဖြစ်သူ ဒေါ်သန်းသန်းဆင့်(ခ)မအကြီးမမှာ နေအိမ် အိပ်ခန်းအတွင်း ခုတင်ဘေးတွင် ဒဏ်ရာများဖြင့် သေဆုံးနေပြီး နေအိမ်ဗီရိုနှစ်လုံးအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ ၁၀ ကျပ်သားနှင့် ငွေကျပ်သိန်း ၃၀၀၊ လက်ကိုင်ဖုန်းသုံးလုံး၊ မြေအရောင်းအဝယ် စာချုပ်တစ်စောင် စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၉၈၇ သိန်း ခန့်ပျောက်ဆုံးလျက်ရှိကြောင်း တွေ့ရှိရသဖြင့် သန်လျင်မြို့မရဲစခန်း(ပ)၂၉၁/ ၂၀၂၄၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုဖွင့်လှစ်ကာ တရားခံများဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

အထက်ပါဖြစ်စဉ်မှ တရားခံများ ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာ နေအိမ်အတွင်း ဝင်ရောက်ကာ သတ်ဖြတ်လုယက်မှုအား ပူးပေါင်းကျူးလွန်သူ သန်လျင်မြို့နယ် သူဋ္ဌေးကွင်းကျေးရွာ(အရှေ့ပိုင်း) ရွှေနှင်းဆီလမ်းနေသူများဖြစ်ကြသည့် အောင်အောင်ဦး(ခ) မှဲ့ကြီး ၂၃ နှစ် (ဘ)ဦးနိုင်လင်း၊ သန်းဇော်ထွေး(ခ)မိုးဒီ ၂၁ နှစ် (ဘ)ဦးနိုင်လင်း၊ အောင်ခန့်ဇော်(ခ) ဖားကြီး ၂၄ နှစ် (ဘ) ဦးအောင်မြင့်နှင့် ဟိန်းကိုကို(ခ) ဟိန်းကို (ခ)ကပ္ပလီ ၂၆ နှစ် (ဘ)ဦးမြင့်နိုင်တို့ လေးဦးကို ဩဂုတ် ၉ ရက်တွင် ၎င်းတို့၏ နေအိမ်အသီးသီး၌ သတ်ဖြတ်လုယက်မှု ကျူးလွန်ရာမှ ရရှိခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အောင်အောင်ဦး(ခ)မှဲ့ကြီးသည် သေဆုံးသူ ဒေါ်သန်းသန်းဆင့်(ခ) မအကြီးမအား အကြွေးများမပေးဆပ်လိုခြင်းနှင့် လောင်းကစားပြုလုပ်ရာမှ ငွေကြေးလိုအပ်မှုများ ရှိနေသောကြောင့် ဒေါ်သန်းသန်းဆင့်(ခ)မအကြီးမ၏နေအိမ်အတွင်း ဝင်ရောက်သတ်ဖြတ်လုယက်ရန် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ တရားခံများနှင့် ဇူလိုင် ၃၀ ရက်တွင် ကြိုတင်တိုင်ပင်ကြံစည်ခဲ့ခြင်းဖြစ်ကြောင်း။

အခင်းဖြစ်နေ့တွင် အောင်အောင်ဦး(ခ) မှဲ့ကြီးနှင့် အောင်ခန့်ဇော်(ခ) ဖားကြီးတို့ နှစ်ဦးသည် ဒေါ်သန်းသန်းဆင့်(ခ) မအကြီးမ၏နေအိမ်အတွင်းသို့ ဝင်ရောက်ကာ ဒေါ်သန်းသန်းဆင့်အား အောင်ခန့်ဇော်(ခ)ဖားကြီးက ချုပ်နှောင်ပေးပြီး အောင်အောင်ဦး(ခ)မှဲ့ကြီးက လည်ပင်းညှစ်၍ သတ်ဖြတ်ကာ နေအိမ်ဗီရိုနှစ်လုံး အတွင်းမှ စုစုပေါင်းငွေကျပ် ၉၈၇ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ ငွေများနှင့်မြေအရောင်းအဝယ် စာချုပ် တစ်စောင်တို့ကို လုယက်ယူဆောင်ခဲ့ကြကြောင်း။

လုယက်ပြီးနောက် နေအိမ်အနီးတွင် အခြေအနေစောင့်ကြည့်ပေးနေသူ ဟိန်းကိုကို(ခ) ဟိန်းကို(ခ) ကပ္ပလီအား ခေါ်ဆောင်ကာ အောင်သပြေလမ်း ချောင်းကူးတံတားအနီးတွင် အသင့်စောင့်ဆိုင်းနေသည့် သန်းဇော်ထွေး(ခ)မိုးဒီ မောင်းနှင်သော BGO-11 5N/6631 BONGO အမျိုးအစား မော်တော်ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။



သန်လျင်မြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ကာ စုစုပေါင်းငွေကျပ် ၉၈၇ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ ငွေများနှင့် မြေအရောင်းအဝယ်စာချုပ်အား လုယက်မှုကျူးလွန်သူ တရားခံ လေးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်တွင် နေအိမ်အတွင်း ဝင်ရောက်ကာ လူသတ်လုယက်မှုကျူးလွန်ခဲ့သူ အောင်အောင်ဦး(ခ)မှဲ့ကြီးပါ တရားခံ လေးဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်း၍ ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများနှင့် ပူးပေါင်းကာ အခင်းဖြစ်ပွားပြီးချိန်မှ အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဆီးရီးယားနိုင်ငံ၊ ဂျော်ဒန်နိုင်ငံနှင့် ဂျော်ဂျီယာနိုင်ငံတို့တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်ခြေတချို့နှင့် အခြေခံအဆောက်အအုံတချို့ ပျက်စီး



ဒမတ်စကတ် ဩဂုတ် ၁၃

ဆီးရီးယားနိုင်ငံ၊ ဂျော်ဒန်နိုင်ငံနှင့် ဂျော်ဂျီယာနိုင်ငံတို့တွင် ဩဂုတ် ၁၂ ရက်က ပြင်းအား ၄ ဒသမ ၈ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်ခြေတချို့နှင့်အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း German Research Centre for Geosciences (GFZ) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းအများအရသိရသည်။

မြေငလျင်လှိုင်းသည် ဂျော်ဒန်၊ ဂျော်ဂျီယာနှင့် လက်ဘနွန်နိုင်ငံ တို့သို့လည်း ရောက်ရှိခဲ့ကြောင်း၊ မြေငလျင်သည်မြေအောက်အနက် ၁၀ ကီလိုမီတာအကွာမှ ဗဟိုပြု လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ဆီးရီးယား နိုင်ငံသို့လည်း မြေငလျင်လှိုင်း ရောက်ရှိခဲ့ကြောင်း သိရသည်။

"မြေငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်ခြေတချို့နဲ့ အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ပါတယ်။ လမ်းပြိုကျမှုတွေလဲဖြစ်ပေါ်ခဲ့ပါတယ်။ မြေငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၅ ယောက်ရှိခဲ့ပါတယ်"ဟု ဆီးရီးယားအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံ ဟာမာမြို့တွင် မြေငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၅ ဦး ရှိခဲ့ကြောင်း၊ ဟာမာမြို့ အရှေ့ဘက်ပိုင်းရှိ ဆာလာမီယာမြို့တွင်လည်း မြေငလျင်လှိုင်းဒဏ်ကြောင့် လမ်းမကြီးတချို့ ပျက်စီးခဲ့ကြောင်း၊ မြေငလျင်ဒဏ်သင့်ခဲ့ရသော ဧရိယာများသို့တာဝန်ရှိသူများသွားရောက်ပြီး စစ်ဆေးမှုများပြုလုပ်နေကြောင်း ဆီးရီးယားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Xinhua News

Trs : Sai Sat

## ၂၀၂၃ ခုနှစ်အတွင်း အပူချိန်မြင့်တက်မှုကြောင့် ဥရောပနိုင်ငံများ၌ သေဆုံးသူဦးရေ ၄၇၀၀၀ ထက်မနည်းရှိခဲ့

မက်ဒရစ် ဩဂုတ် ၁၃

စပိန်နိုင်ငံ ဘာစီလိုနာမြို့တော်အခြေစိုက်သည့် Barcelona Institute for Global Health (ISGlobal)တက္ကသိုလ်က အပူချိန်မြင့်တက်မှုဆက်စပ်၍ စစ်တမ်းများကောက်ယူလျက်ရှိရာ သုတေသနရလဒ်အရ ၂၀၂၃ ခုနှစ်တွင် အပူချိန်မြင့်တက်မှုကြောင့် ဥရောပနိုင်ငံများ၌ သေဆုံးသူဦးရေစုစုပေါင်း ၄၇၀၀၀ ထက်မနည်း ရှိခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

၂၀၂၃ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော အပူချိန်ပမာဏမှာ ကမ္ဘာ့သက်တမ်းတစ်လျှောက် အပူချိန်အမြင့်ဆုံးသော နှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီး အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သော ရောဂါဝေဒနာများကြောင့် ကျန်းမာရေးလုံခြုံမှု အားနည်းခဲ့ရကြောင်း၊ ထို့ကြောင့် Barcelona Institute for Global Health (ISGlobal) တက္ကသိုလ်မှ သုတေသီများက စစ်တမ်းများကောက်ယူခဲ့ခြင်းဖြစ်ပြီး အပူချိန်နှင့်ပတ်သက်၍ ဂရုစိုက်နိုင်ရေးအတွက် စစ်တမ်းများ ကောက်ယူကာ တရားဝင်ထုတ်ပြန် ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အပူချိန်မြင့်တက်မှုနဲ့ဆက်စပ်ပြီးတော့ သုတေသနလုပ်ငန်းတွေဆောင်ရွက်ခဲ့သလို စစ်တမ်းတွေလဲ ကောက်ယူခဲ့တယ်။ ဒီလိုသုတေသနလုပ်ငန်းတွေ၊ စစ်တမ်းတွေကောက်ယူခဲ့ရတဲ့ ရည်ရွယ်ချက်ကတော့ အပူချိန်နှင့်ဆက်စပ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွေကို အဆင့်မြှင့်တင်ပြီးတော့ အပူချိန်မြင့်တက်မှုဟာ ကျန်းမာရေးလုံခြုံမှုကို ဘယ်လောက်ထိ ထိခိုက်နိုင်သလဲဆိုတာကို သတိထားသိရှိစေဖို့ ရည်ရွယ်ပါတယ်။ အထူးသဖြင့် သက်ကြီးရွယ်အိုတွေအတွက် အပူချိန်မြင့်တက်မှုဟာ ဘယ်လောက် အန္တရာယ်ရှိသလဲဆိုတာ သိရှိစေဖို့ဖြစ်ပါတယ်။ စစ်တမ်းတွေအရ ၂၀၂၃ ခုနှစ်အတွင်း ဥရောပတိုက်မှာ အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူ ၄၇၀၀၀ ထက်မနည်းရှိခဲ့ပါတယ်"ဟု Barcelona Institute for Global Health (ISGlobal) တက္ကသိုလ်မှ သုတေသီတစ်ဦးဖြစ်သူ အီလီဆာက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## ကနေဒါနိုင်ငံ ဂျက်စပါမြို့၌ တောမီးလောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသူများကို ဩဂုတ် ၁၆ ရက်တွင် နေအိမ်များသို့ပြန်ခွင့်ပြုမည်

အော့တဝါ ဩဂုတ် ၁၃

ကနေဒါနိုင်ငံ ဂျက်စပါမြို့၌ တောမီးလောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသူများကို ဩဂုတ် ၁၆ရက်တွင် နေအိမ်များသို့ ပြန်ခွင့်ပြုမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကနေဒါနိုင်ငံ အနောက်ပိုင်းရှိ ဂျက်စပါမြို့အနီး ပတ်ဝန်းကျင်တွင် ဇူလိုင်လ စတုတ္ထပတ်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ တောမီးကြောင့် အဆိုပါနေရပ်ဒေသမှ ဒေသခံဦးရေ ၂၅၀၀၀ ခန့်ကို ကယ်ဆယ်ရေးအဖွဲ့များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း၊ အဆိုပါဒေသခံများကို ဩဂုတ် ၁၆ရက်တွင် နေအိမ်များကို ပြန်ခွင့်ပြုမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းခဲ့မှုကြောင့် ပျက်စီးခဲ့ရသည့် နေအိမ်များကို ရှင်းလင်းမှုများပြုလုပ်ပေးလျက်ရှိကြောင်း၊ တောမီးကြောင့် နေအိမ်ပေါင်း မည်မျှပျက်စီးခဲ့သည်ကို အတိအကျထုတ်ပြန်မထားသေးကြောင်း သိရသည်။

ဂျက်စပါအမျိုးသားဥယျာဉ်ရှိရာ ဂျက်စပါမြို့သည် တစ်နှစ်လျှင် ကမ္ဘာလှည့်ခရီးသည် ဦးရေနှစ်သန်းကျော်ကို ဆွဲဆောင်နိုင်ပြီး တောမီးလောင်စဉ် ရွှေ့ပြောင်းခံရသူများထဲတွင် ခရီးသွားများလည်း ပါဝင်ကြောင်း သိရသည်။



ယခုအခါ နေအိမ်များသို့ ပြန်ခွင့်ပြုမည်ဟု ထုတ်ပြန်ထားသော်လည်း ဂျက်စပါအမျိုးသားဥယျာဉ်သွားရာလမ်းများ၊ စခန်းချကွင်းများကိုမူ ဝင်ရောက်ခွင့်ပိတ်ထားမည်ဖြစ်ကြောင်း၊ တောမီးကြောင့် ပျက်စီးခဲ့သည့် သစ်ပင်များနှင့် အမှိုက်များရှင်းလင်းရန် လိုအပ်ခြင်းကြောင့် အဆိုပါနေရပ်များကို ပြန်လည်ဖွင့်လှစ်ရန် အချိန်ယူရမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ

## ဘရာဇီးနိုင်ငံတွင် ရေနံတူးဖော်ရေးလုပ်ကွက်များ ထပ်မံခွင့်မပြုစေရေးတောင်းဆိုချက်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ထမ်းများက သဘောတူလက်မှတ်ရေးထိုး

ဘရာဇီးလီးယား ဩဂုတ် ၁၃

ဘရာဇီးနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ရေနံတူးဖော်ရေးလုပ်ကွက်များ လုပ်ပိုင်ခွင့်အသစ် ထပ်မံခွင့်မပြုစေရေးအတွက် ဆန္ဒထုတ်ဖော်တောင်းဆိုမှုများပြုလုပ်နေရာ အစိုးရအနေဖြင့် အဆိုပါတောင်းဆိုမှုကို လျစ်လျူရှုထားသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ထမ်းများကပါ ပါဝင်လာခဲ့ပြီး အဆိုပါ တောင်းဆိုချက်ကို အစိုးရအနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ပေးနိုင်ရေး သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ကြောင်း ယနေ့သတင်းအများအရ သိရသည်။

အဆိုပါ ဝန်ထမ်းများသည် Ibama နှင့်ICMBio သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီများမှ ဝန်ထမ်းများဖြစ်ကြပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများဘက်မှရပ်တည်ခဲ့ကြသည်။

အစိုးရအနေဖြင့် ပြည်တွင်း၊ ပြည်ပ ရေနံကုမ္ပဏီများကို ရေနံတူးဖော်ရေးလုပ်ကွက်အသစ်များ ခွင့်ပြုပေးခြင်းများကို ပြန်လည်စိစစ်သွားရန် လိုအပ်နေသည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ လက်ရှိ ဘရာဇီးနိုင်ငံတွင် ဆောင်ရွက်နေသည့် ရေနံတူးဖော်ရေးလုပ်ကွက်များ တစ်ရက်လျှင် ရေနံစည်ပေါင်း ၂၀၀၀၀၀ ထိ ထုတ်ယူနေပြီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေနိုင်သည့် ပမာဏတစ်ရပ်ဖြစ်ကြောင်း သိရသည်။

သို့သော် အစိုးရပိုင် Petrobras ကုမ္ပဏီက ရေနံထုတ်ယူနိုင်မှုပမာဏ နည်းပါးနေသောကြောင့် ရေနံတူးဖော်ရေး လုပ်ကွက်များ ထပ်မံတိုးမြှင့်နိုင်ရန် လိုအပ်နေကြောင်း ထုတ်ပြန်သွားခဲ့သည့်အတွက် ဆန္ဒထုတ်ဖော်မှုများဖြင့် ထပ်မံရင်ဆိုင်ရဖွယ်ရှိနေသည်။

Ref : Russia Today

Trs : Sai Sat

## Space-X ကုမ္ပဏီက ယခုနှစ်အတွင်း တက္ကဆက်ပြည်နယ်ရှိ ရေများကို အကြိမ်ကြိမ် ညစ်ညမ်းစေခဲ့

ဝါရှင်တန် ဩဂုတ် ၁၃

Elon Musk ၏ အာကာသယာဉ်ကုမ္ပဏီဖြစ်သော Space-X သည် ယခုနှစ်အတွင်း တက္ကဆက်ပြည်နယ်ရှိရေများကို အကြိမ်ကြိမ်ညစ်ညမ်းစေခဲ့ကြောင်း စည်းကမ်းထိန်းသိမ်းရေးအရာရှိများက စစ်ဆေးတွေ့ရှိခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

အဆိုပါကုမ္ပဏီသည် ညစ်ညမ်းသော စွန့်ပစ်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာစည်းမျဉ်းများကိုချိုးဖောက်ပြီး ထပ်တလဲလဲ ရေထုအတွင်း စွန့်ပစ်မှုကြောင့် တက္ကဆက်ပြည်နယ်ရှိ ရေအရင်းအမြစ်တချို့ ညစ်ညမ်းမှုများဖြစ်ပွားခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

တက္ကဆက်ပြည်နယ်နှင့် ပတ်ဝန်းကျင်ပြည်နယ်များတွင် ရုံးစိုက်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီ ခြောက်ရုံးက Space-Xသည် ရေသန့်အက်ဥပဒေကို ချိုးဖောက်ကြောင်း အကြောင်းကြားခဲ့သည်။

အာကာသယာဉ်ကုမ္ပဏီများသည်ယေဘုယျအားဖြင့် အနာဂတ်ဒုံးပျံ လွှတ်တင်မှုများအတွက် ဖက်ဒရယ် လေကြောင်းစီမံခန့်ခွဲရေးက ချမှတ်ထားသော ဥပဒေများကို လိုက်နာမှသာ အာကာသတွင်းလွှတ်တင်မှုများ ပြုလုပ်ခွင့်ရရှိမည်ဖြစ်သည်။

Space-Xသည် ၎င်း၏ Boca Chicaစက်ရုံတွင် Starship အာကာသယာဉ်နှင့် Super Heavy ဒုံးပျံများကို နှစ်စဉ်လွှတ်တင်ခြင်းနှင့် ဆင်းသက်ခြင်းကို ၂၅ ခုထိ ပြုလုပ်ရန် ခွင့်ပြုချက်တောင်းခံထားသည်။

ယခုကဲ့သို့ ရေထုညစ်ညမ်းစေသောအပြုအမူ၊ လုပ်ရပ်များက ၎င်းကိုခွင့်ပြုပေးထားသည့် အတည်ပြုချက်များကို နှောင့်နှေးစေပြီး Space-Xကို ငွေကြေးပြစ်ဒဏ်များအပြင် နောက်ထပ်စုံစမ်းစစ်ဆေးမှုများနှင့် ရာဇဝတ်မှုဆိုင်ရာစွဲချက်များအတွက် ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KZ

ဝတ္ထုတိုကဏ္ဍ

# မပြယ်သောနံ့

ပိုင်ဆု(ပညာရေး)



(၁)

"ဟော ပြန်လာပါပြီ။ ကဲ ပြော ဘယ်အချိန်ရှိပြီလဲ"

အိမ်ပေါ်သို့တက်တက်ချင်းမှာပင် အဒေါ်ဖြစ်သူ၏ ပြစ်တင်စကားသံကို ကြားလိုက်ရသည်။ ဘာတစ်ခွန်းမှပြန်မပြောဘဲ မကြားချင်ယောင်ဆောင်ကာ အိမ်နောက်ဖေးသို့ဝင်ပြီး စိုနေသောအဝတ်အစားများကို ဦးစွာလဲလိုက်သည်။ အိမ်သို့အပြန် လမ်းတွင် မိုးမိလာခြင်းဖြစ်သည်။ ထို့နောက် အိမ်ရှေ့သို့သွား၍ အဒေါ်ဖြစ်သူကို တစ်ထောင်တန်သုံးရွက်နှင့် ငါးရာတန်လေးရွက်ကို ထုတ်ပေးလိုက်သည်။

"ဟဲ့ သူရ နင့်ဟာက ငါးထောင်တည်းလား"

"ဒေါ်လေးကလဲ ငါးထောင်မရတော့လဲ ငါးထောင်မရလို့၊ ငါးထောင်ရတော့လဲ ငါးထောင်တည်းလားတဲ့။ တကယ်စိတ်ပျက်တယ်။ လိုက်ပြီးတောင်းရမ်းကျွေးနေတဲ့သူမှ အားမနာ"

အမှန်တော့ ထိုစကားများကို သူစိတ်ထဲမှ ပြောလိုက်ခြင်းသာဖြစ်သည်။

"အင်း"ဟု တစ်ခွန်းတည်းသာပြောပြီး တုံ့ပြန်လိုက်သည်။ နာရီကိုကြည့်လိုက်တော့ နှစ်နာရီခွဲကိုပြနေပြီး ရပ်တန့်နေသည်။ ဓာတ်ခဲကုန်နေမှန်း သူသိလိုက်သည်။ အပြင်ကိုကြည့်လိုက်တော့ ညခုနစ်နာရီလောက်ရှိပြီဖြစ်မှန်း သူသိလိုက်သည်။ ထမင်းစားပွဲခုံနားသွားပြီး အုပ်ဆောင်းကို ဖွင့်ကြည့်လိုက်တော့ စားပြီး၍ မဆေးရသေးသော ပန်းကန်နှစ်ချပ်ကိုတွေ့လိုက်ရတော့ ထမင်းစားရန် သူတစ်ယောက်တည်းသာကျန်တော့မှန်းသိလိုက်သည်။ ထမင်းခူးပြီး ဟင်းအိုးကိုဖွင့်ကြည့်လိုက်တော့ ဘဲဥတစ်ခြမ်းနှင့် အာလူးတစ်လုံးကို အရည်ကျဲကျဲချက်ထားသည်ကို တွေ့လိုက်ရသည်။ ဘဲဥကို သေချာကြည့်တော့ အနှစ်မရှိတော့ပေ။ ဘာမှမစဉ်းစားတော့ဘဲ ထမင်းဇလုံထဲသို့ ဟင်းတွေကိုလောင်းချလိုက်ပြီး ဝမ်းဝအောင်စားလိုက်ရတော့သည်။

(၂)

"မင်းအဖြစ်ကလဲကွာ တော်တော်စိတ်ပျက်စရာပါပဲ။ တောင်းရမ်းလဲ ကျွေးရသေးတယ် အိမ်အလုပ်တွေလဲ လုပ်ပေးရတဲ့အပြင် သူတို့သားအမိစားပြီးသား ပန်းကန်တွေပါ ဆေးပေးရသေးတယ်ဆိုတော့"

ပြည့်ဖြိုး၏ မကျေနပ်သောစကားသံကို သူနားလည်သည်။ သို့သော် သူ့ဘဝအခြေအနေနှင့် သူ့ကံကြမ္မာအကျိုးပေးသည် ရှောင်လွှဲ၍မရနိုင်မှန်း သူအသိဆုံးဖြစ်သည်။ သူ၏မိဘများသည် သူရှစ်နှစ်သားအရွယ်တွင် ကားမှောက်၍ ဆုံးပါးသွားခဲ့သည်။ မိဘများမရှိတော့သည့်နောက်ပိုင်း မုဆိုးမအဒေါ်ဖြစ်သူနှင့်နေထိုင်ခဲ့ရသည်။

အဒေါ်ဖြစ်သူသည် အလုပ်အကိုင်မရှိ ရပ်ကွက်ထဲအဝတ်လျှော်ရသူဖြစ်သည်။ ထို့ကြောင့် သူ့ကိုကျောင်းထားရန် အဆင်မပြေတော့သည့်အတွက် သူ၏သား သူ့ညီတစ်ဝမ်းကွဲ ဇင်ဝေလင်းကိုသာ ကျောင်းဆက်တက်စေခဲ့သည်။ ဇင်ဝေလင်းသည် သူ့ထက် တစ်နှစ်သာငယ်ပြီး သူ့ကိုလည်း အနိုင်ကျင့်ဗိုလ်ကျသူဖြစ်သည်။ သူကသာ အရာအားလုံးကို သည်းခံပြီး အဒေါ်ဖြစ်သူအလိုကျ လိုက်လံတောင်းရမ်းကာ တစ်နေ့ ငါးထောင်ရအောင် အိမ်စရိတ်ရှာပေးခဲ့ရသည်။ သုံးတန်းထိ ကျောင်းနေဖူးသည့်အတွက် စာရေးတတ်၊ ဖတ်တတ်၍ တော်သေးသည်ဟု ဆိုရမည်။

"မင်း သူတို့သားအမိဆီမှာနေရတာ စိတ်မညစ်ဘူးလား သူရရာ။ ငါသာမင်းနေရာမှာဆို အဲဒီလောက်အနိုင်ကျင့်ဗိုလ်ကျရင် သည်းခံမှာမဟုတ်ဘူး တစ်ခုခုလုပ်ပစ်မှာ"

"ပြည့်ဖြိုးရာ ဘာပဲဖြစ်ဖြစ် ငါ့မိဘတွေမရှိတဲ့အချိန်ကစပြီး သူတို့နဲ့ငါနေခဲ့ရတာလေ။ ပြောရရင် သူတို့က ငါ့ရဲ့လက်ရှိမိသားစုတွေပါကွာ"

"သူတို့က မင်းကို မိသားစုလို့မှ သဘောမထားတာ"

"ဒါက သူတို့အလုပ်ပါကွာ။ ငါလဲ ငါ့ဝဋ်ကြွေးတွေကုန်တဲ့တစ်နေ့တော့ အဆင်ပြေလာမှာပါ။ သူတို့ဆီမှာမနေဖူးဆိုရအောင် ငါ့မှာနေစရာမှမရှိတာ။ ဩော်... ဒါနဲ့ ငါအပ်ထားတဲ့ပိုက်ဆံတွေရော ဘယ်လောက်လောက်ရပြီလဲ ပြည့်ဖြိုး"

"အင်း ငါးသောင်းတော့ ကျော်လောက်ပြီ"

သူပြုံးလိုက်မိသည်။ သူ၏ ဆန္ဒလေးတစ်ခု အကောင်အထည်ပေါ်နိုင်ရန်အတွက် သူတောင်းလို့ရသည့်ပိုက်ဆံများထဲမှ အဒေါ်ကိုပေးရမည့် ငါးထောင်ကိုဖယ်ပြီး ကျန်ငွေများကို ပြည့်ဖြိုးထံသို့ အပ်နှံထားခဲ့ခြင်းဖြစ်သည်။

ပြည့်ဖြိုးသည်လည်း သူနှင့် ဘဝတူဖြစ်သည်။ မိဘမဲ့တစ်ယောက်ဖြစ်ပြီး သူ့လိုပင် တောင်းရမ်းစားသောက်နေရသူဖြစ်သည်။ သို့သော် ပြည့်ဖြိုးသည် သူ့လို ပျော့ညံ့သူတစ်ယောက်မဟုတ်။ ရဲရင့်သည်။ ပြောရဲဆိုရဲသည်။ နာမကျန်းဖြစ်နေသော အဘွားအိုကို ရှာဖွေကျွေးမွေးနေသူလည်းဖြစ်သည်။

(၃)

အိပ်ရာထကတည်းက ခေါင်းကိုက်ပြီး ကိုယ်လက်များ နာကျင်နေသည်။ နဖူးကို စမ်းကြည့်လိုက်တော့ မီးခဲတစ်ခုကိုင်လိုက်ရသကဲ့သို့ ပူနေသည်ကို ခံစားလိုက်ရသည်။ နေမကောင်းဖြစ်နေမှန်း သူသိလိုက်သည်။

**❖ ပြည့်ဖြိုး၏နာရေးအိမ်မှ ကျောခိုင်းထွက်ခွာလာခဲ့တော့သည်။ သူအပ်ထားသည့်ငွေများကိုလည်း ကျန်ရစ်သူအဘွားကို ပြည့်ဖြိုး၏နာရေးတွင်သုံးရန် ပေးခဲ့သည်။ သူတတ်နိုင်သည့်ဘက်မှ လှူဒါန်းခွင့်ရသည့်အတွက်လည်း ကျေနပ်မိသည်။ သူ၏ဆန္ဒများအကောင်အထည်ဖော်ရန်အတွက် သူအစကနေပြန်ကြိုးစားရဦးမည်ဖြစ်သည်။ ကံတရားက အခွင့်အရေးပေးလာသည့်တစ်နေ့မှာတော့ သူ့အတွက် အလင်းရောင်များဖြင့် တောက်ပလာနိုင်မည်ဆိုတာကတော့ သူအကြွင်းမဲ့ယုံကြည်မိသည်။ ယခုတော့ ကံတရားကမျက်နှာသာမပေးသေးသည့်အတွက် မပြယ်သောနံ့ထဲမှာ သူဆက်၍နစ်နေရပေဦးတော့မည်။ ❖**

"ဟဲ့ကောင် သူရ ဘာလုပ်နေတာလဲ။ မသွားသေးဘူးလား"

အဒေါ်ဖြစ်သူ၏အော်သံကို ကြားလိုက်ရခြင်းဖြစ်သည်။ နေမကောင်း၍ တစ်ရက်လောက် အိမ်မှာနားချင်သည်ဟုပြောချင်သော်လည်း မပြောဖြစ်ခဲ့ပေ။ ပြောရင်လည်း ရမည်မဟုတ်မှန်း သူသိသည်။ ထို့ကြောင့် အားတင်းလိုက်ပြီး အိမ်ရှေ့သို့ ထွက်လာလိုက်သည်။ ခြေလှမ်းများက လေးလံနေသည်ဟု ခံစားနေရသည်။

"လမ်းကို ဘယ်လိုလျှောက်နေတာလဲ လျှောက်ချင်သလို မလျှောက်ချင်သလိုနဲ့ လမ်းလာပိတ်နေတယ် ကဲကွာ"

"အား"

အဒေါ်ဖြစ်သူ၏သား ဇင်ဝေလင်းသည် သူ့ကိုနောက်မှပြောဆို၍ တွန်းထုတ်လိုက်ခြင်းဖြစ်သည်။ နေမကောင်းသည့်အရှိန်ကြောင့် ကြမ်းပြင်ပေါ်တွင် ပုံလျက်သားလဲကျသွားခဲ့ရသည်။ ဘာမှပြန်ပြောမနေတော့ဘဲ အားယူပြီးထလိုက်သည်။ အိမ်မှာနေသည်နှင့်စာလျှင် အပြင်မှာနေသည်က ပို၍အေးချမ်းသည်ဟု တွေးလိုက်သည်။ အပြင်ရောက်မှဘဲ တစ်နေရာရာမှာနားရန် တွေးလိုက်သည်။ ဒီနေ့ ပိုက်ဆံလိုက်မတောင်းဘဲ သက်သောင့်သက်သာနေရမည်ဖြစ်သည်။ အဒေါ်ကိုပေးရန် ပြည့်ဖြိုးထံ စုထားသည့်ငွေများထဲမှ ယူပြီးပေးရန် သူဆုံးဖြတ်လိုက်သည်။ ပြည့်ဖြိုးထံစုထားသည့်ငွေများသည် သူ့၏ အိပ်မက်တစ်ပိုင်းတစ်စများဖြစ်သည်။ စုထားသည့်ပိုက်ဆံများ ရှစ်သောင်းပြည့်လျှင် သူ့မှာလုပ်စရာရှိသည်။ သူလိုက်လံတောင်းရမ်းသည့် အခြားမြို့နယ်မှ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် နယ်မှမိဘမဲ့တိုင်းရင်းသားကိုရင်လေးများစွာရှိသည်။ ထိုကိုရင်လေးများ၏ နံနက်စာအရုဏ်ဆွမ်းစရိတ်မှာ ရှစ်သောင်းဖြစ်သည်။ နေ့ဆွမ်းစရိတ်တော့ သူမတတ်နိုင်။ အကြောင်းမှာ သူနှင့်ပြည့်ဖြိုးတို့ကို ထိုဘုန်းကြီးကျောင်းမှ ဆရာတော်က သနား၍ နေ့လယ်စာအမြဲတမ်းကျွေးနေကျဖြစ်သည်။ သူတို့နှစ်ဦးကိုလည်း ဘုန်းကြီးကျောင်းတွင် ကိုရင်ဝတ်ပေးပြီး ခေါ်ထားမည်ဟု ပြောခဲ့သည်။ ပြည့်ဖြိုးက အဘွားရှိ၍ အဆင်မပြေပေ။ သူကတော့ ဆန္ဒရှိသည်။ သို့သော် ကိုရင်လေးများကို အရုဏ်ဆွမ်းအလှူငွေပြည့်သည့်နေ့မှပင် တစ်ခါတည်းကိုရင်ဝတ်မည်ဟု ဆုံးဖြတ်ထားခြင်းဖြစ်သည်။ သူ၏မိဘများအတွက် ခုနစ်ရက်သားသမီးများဆီမှ တောင်းရမ်းထားသောငွေများဖြင့် အလှူလုပ်ချင်သည်မှာ သူ၏အဖြူရောင်ဆန္ဒတစ်ခုပင်ဖြစ်သည်။

(၄)

"ဟင်"

မမျှော်လင့်ထားသောမြင်ကွင်းကို ပြည့်ဖြိုးတို့၏ အိမ်ရှေ့တွင် မြင်တွေ့လိုက်ရသည်။ ရပ်ကွက်ထဲမှ လူတချို့ဖြင့် နာရေးမဏ္ဍပ်ဆောက်နေသည်ကို တွေ့လိုက်ရခြင်းဖြစ်သည်။

"အဘွားကလဲ အခုတစ်လော သိပ်နေမကောင်းဘူး။ အစာလဲ သိပ်မဝင်ဘူး"

ပြည့်ဖြိုး၏ ပြောစကားများကို ပြန်လည်ကြားယောင်မိတော့သည်။ ပြည့်ဖြိုး သူ့အဘွားအတွက် ကြေကွဲဝမ်းနည်းနေလောက်မည်။ သူကိုယ်တိုင် မိဘများကို ဆုံးရှုံးထားရသူမို့ ကိုယ်ချင်းစာသည်။ ထိုမြင်ကွင်းမျိုးကိုလည်း သူမခံစားနိုင်ပေ။ ထို့ကြောင့်

စာမျက်နှာ ၂၅ သို့ ➤

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၇၅၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၇၅၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၂၃၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၅၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဆီထွက်သီးနှံစုံ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၃၇၅၅ ဧက၊ နှမ်းဧက ၁၃၅၅၀၊ နေကြာ ၂၀၁ ဧက စုစုပေါင်း ၁၇၅၀၆ ဧကဖြစ်ကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ စိုက်ပျိုးရန်လျာထားမှုအနေဖြင့် မြေပဲ ၅၉၈၆ ဧက၊ နှမ်း ၁၆၀၇၅ ဧက၊ နေကြာ ၂၅၅ ဧက စုစုပေါင်း ၂၂၃၁၆ ဧကဖြစ်ကြောင်း သိရသည်။

(၂၀၆)

# လဲချားမြို့နယ် ကွန်ဟုန်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လဲချား ဩဂုတ် ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကွန်ဟုန်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကွန်ဟုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနည်းကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

➤ **စာမျက်နှာ ၂၄ မှအဆက်**

သူမဝင်ဖြစ်တော့ဘဲ တစ်ယောက်တည်းဆက်လျှောက်၍ ထွက်လာခဲ့တော့သည်။ အပြန်မှသာ သတင်းမေးရန် ဆုံးဖြတ်လိုက်တော့သည်။ အတန်ငယ်လျှောက်ပြီးမှ သူသတိရလိုက်မိသည်။ ပြည့်ဖြိုး၏ ပြောစကားများသည် သူ၏နားထဲသို့ အတိုင်းသားဝင်ရောက်လာသည်။

"သူရ မင်းအပ်ထားတဲ့ပိုက်ဆံတွေကို ငါ့အဘွားကို အပ်ထားတယ်ကွ"

"ဟင်"

"စိတ်မပူပါနဲ့ကွာ။ ငါ့အဘွားက ဘယ်မှမသွားနိုင်တာလဲ မင်းသိလျက်နဲ့။ နောက်ပြီး မင်းအပ်ထားတယ်လို့လဲ ပြောထားပါတယ်ကွ။ အဘွားသိမ်းလဲ ဘုရားစင်အောက်က ယွန်းအစ်ဘူးလေးထဲမှာပဲ ထည့်ထားမှာပါ"

ပြည့်ဖြိုး၏စကားများကြောင့် သူလည်း နောက်ပြန်လှည့်ပြီး လျှောက်လာခဲ့တော့သည်။ နေမကောင်းဖြစ်နေသည့်အပြင် စိတ်ထဲတွင်လည်း တစ်ခုခုခံစားနေရသည့်အတွက် ပြည့်ဖြိုးတို့အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့တော့သည်။ သူအပ်ထားသောငွေများကြောင့်လား ဆိုသည်ကိုတော့ သူကိုယ်တိုင်လည်းမသိပေ။ ပြည့်ဖြိုးကို သူတို့ကို ထမင်းကျွေးနေသည့်ဘုန်းကြီးကျောင်းတွင် သူငယ်ချင်းနှစ်ယောက်ကိုရင်အပြီးဝတ်ပြီး နေထိုင်သွားရန် ပြောရမည်ဆိုသည်ကိုတော့ သူသိနေသည်။

ပြည့်ဖြိုးတို့ အိမ်ရှေ့အရောက်မှာပင် အသက်ရှုရပ်သွားသကဲ့သို့ သူခံစားလိုက်ရသည်။ ရင်ဘတ်တစ်ခုလုံးသည်လည်း မိုးကြိုးပစ်လိုက်သည့်ပမာ ပြင်းထန်သောဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။ မောင်ပြည့်ဖြိုး အသက် ၁၂ နှစ်ဆိုသည့် ပျဉ်ပြားပေါ်၌ ရေးထားသည့်စာက သူ့ကို အံ့ဩမှင်တက်ဖြစ်စေခဲ့ရသည်။

"အဘွားကြီးလဲသနားပါတယ်။ သူ့မြေးအတွက် အတော်ခံစားနေရတာ။ ကလေးကလဲ သနားပါတယ် လိုက်တောင်းစားရင်း ဘာတွေစားခဲ့လဲမသိပါဘူး အစာအဆိပ်သင့်ပြီးသေရတာ"

"ဟုတ်ပ့ါဗျာ အဘွားကြီးမှာ နာရေးစရိတ်တောင်မရှိဘူး။ ရပ်ကွက်ထဲက တတ်နိုင်သလောက် ဝိုင်းဝန်းနေရတာ"

ဘေးမှ ဦးလေးကြီးနှစ်ဦး၏ ပြောစကားများကို ကြားလိုက်ရသည်။ ပြည့်ဖြိုးအတွက်လည်း ယူကြုံးမရအောင်ခံစားလိုက်ရသည်။ မျက်ရည်များသည်လည်း သူ၏ပါးပြင်ထက်မှာ အတားအဆီးမဲ့စွာ စီးဆင်းလာခဲ့တော့သည်။ ထို့နောက် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာချလိုက်ပါတော့သည်။

(၅)

ပြည့်ဖြိုး၏နာရေးအိမ်မှ ကျောခိုင်းထွက်ခွာလာခဲ့တော့သည်။ သူအပ်ထားသည့်ငွေများကိုလည်း ကျန်ရစ်သူအဘွားကို ပြည့်ဖြိုး၏နာရေးတွင်သုံးရန် ပေးခဲ့သည်။ သူတတ်နိုင်သည့်ဘက်မှ လှူဒါန်းခွင့်ရသည့်အတွက်လည်း ကျေနပ်မိသည်။

သူ၏ဆန္ဒများ အကောင်အထည်ဖော်ရန်အတွက် သူ အစကနေ ပြန်ကြိုးစားရဦးမည်ဖြစ်သည်။ ကံတရားက အခွင့်အရေးပေးလာသည့်တစ်နေ့မှာတော့ သူ့အတွက် အလင်းရောင်များဖြင့် တောက်ပလာနိုင်မည်ဆိုတာကတော့ သူအကြွင်းမဲ့ယုံကြည်မိသည်။ ယခုတော့ ကံတရားက မျက်နှာသာမပေးသေးသည့်အတွက် မပြယ်သောနွံထဲမှာ သူဆက်၍နစ်နေရပေဦးတော့မည်။

## နိုင်ငံ့တာဝန် ထမ်းရွက်ရာ

– နိုင်ငံတော် တာဝန်များ
တို့အားလုံး ထမ်းဆောင်မယ်၊
အဆိုးမြင် ဝါဒအမှိုက်
တိုက်ဖျက်ဘေးဖယ်၊
နိုင်ငံအတွက် အားဖြည့်ကွယ်
တန်ဖိုးရယ် ရှိစေဖို့၊
နိုင်ငံတော် ဂုဏ်မညှိုးအောင်
ကြိုးစားကြစို့။

– လူငယ်တွေ လမ်းမမှားဖို့
ညွှန်ကြားချက် လိုက်နာပါ၊
စည်းကမ်းညီ တိုးတက်ကောင်း
စုပေါင်းလျက်သာ၊
ခေတ်မီသာ ရွှေမြန်မာ
စံချိန်မဟာ တင်စေရေး၊
ရှေ့သို့ဝယ် မျှော်ရည်မှန်းလို့
ကြိုးပမ်းစို့လေး။

– အမျိုးဂုဏ် ဇာတိမြင့်
တွေးချင့်လို့ ဆုံးဖြတ်လေ၊
တာဝန်ကျေ ဝန်ထမ်းများ
လှုပ်ရှားလျက်နေ၊
တို့ချစ်သော မြန်မာမြေ
တိုးတက်စေ ဆောင်ရွက်၊
မင်္ဂလာ ကျက်သရေတိုးမယ်
ကြိုးစားရှေ့ဆက်။ ။

ရွှေမြိုင်သူ(မြန်မာစာ)

# အောင်လံမြို့နယ် ကျော်စွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျော်စွာကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးအရင်းများ သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထား ဆောင်ရွက်စေလိုကြောင်း၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျော်စွာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ကိုးဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးနှင့် အသေးစားစက်မှုလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဖြူလေး

# လေ့လာ၍မကုန်နိုင်သည့် မိသားစုစီမံမှုအကြောင်း

**စိန်လှိုင်ဗိုလ်**

တရားရုံးတရားခွင်နယ်ပယ်တွင် ရာဇဝတ်မှုနှင့် တရားမမှုဟူ၍ရှိရာတွင် တရားမမှုသည် ကျယ်ဝန်းနက်ရှိုင်းလှကြောင်း အများသိပြီးဖြစ်ပါသည်။ တရားမမှုတွင်မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည် ဗုဒ္ဓဘာသာဝင်များအဖို့ ထိတွေ့ရမှုအများဆုံးဖြစ်ပါသည်။ စာချုပ်စာတမ်းမရှိ နှုတ်ဖြင့်မိသားစု စီမံမှုအရ ပစ္စည်းများကိုခွဲဝေရာတွင် ဥပဒေအရ အတည်ဖြစ်ကြောင်း ဖော်ပြလိုပါသည်။

အမှုတစ်ခုတွင်ဖြစ်ပါသည်။ ဟင်္သာတမြို့၊ ငါးမျက်နှာဘုရားကြီးရပ်ကွက်တွင် ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(.၁၇၅)ဧကရှိ မြေကွက်ကို မူလက ဒူခန်ရမ်းနှင့် ဇနီးဒေါ်တုတ်တို့ပိုင်ခဲ့ကြသည်။ ဇနီးမောင်နှံနှစ်ယောက်စလုံး ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ၎င်းတို့ကွယ်လွန်သောအခါ သားသမီးများဖြစ်ကြသော **မမျှင်၊ မအတင်၊ မောင်ဘအေး၊ မအပုနှင့် မထွေး**တို့ငါးဦးသည် အမွေဆိုင်များအဖြစ် ကျန်ရစ်ခဲ့ပါသည်။ ၁၉၅၉ ခုနှစ်တွင် မမျှင်၊ မအတင်၊ မောင်ဘအေး၊ မအပုတို့လေးဦးက အမွေဆိုင်မြေကို မချိုတီး ခေါ် မညွန့်နှင့် မသိန်းမြတို့ကို မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ငွေကျပ် ၃၀၀၀ ဖြင့် ရောင်းချခဲ့သည်။ ထိုစဉ်က အဆိုပါမြေပေါ်တွင် အမွေဆိုင်တစ်ဦးဖြစ်သူ မထွေးနေထိုင်လျက်ရှိပြီး အခြားအမွေဆိုင်များက ရောင်းချသည့်စာချုပ်၌ မထွေးက လက်မှတ်မထိုးခဲ့ပါ။

မချိုတီးနှင့် မသိန်းမြတို့သည် မြေကိုဝယ်ယူပြီးနောက် မြေပေါ်တွင်နေထိုင်လျက်ရှိသော မထွေးနှင့် ၎င်း၏မြေငှားများကို မြေပေါ်မှ ထွက်ခွာသွားကြရန် တောင်းဆိုသော်လည်းမရသဖြင့် ထိုမြေ၏ ၅ ပုံ ၄ ပုံကို တိုင်းထွာခွဲဝေ၍ လက်ရောက်ရလိုကြောင်း ဟင်္သာတမြို့ နယ်ပိုင်တရားရုံး ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅ ၌ တရားစွဲဆိုခဲ့ပါသည်။

မချိုတီးနှင့် မသိန်းမြတို့စွဲဆိုသောအမှုကို မထွေးနှင့် ၎င်း၏ခင်ပွန်း ကိုဘဖေတို့က ခုခံကြရာတွင် "မိဘများဖြစ်သော ဒူခန်ရမ်းနှင့် ဒေါ်တုတ်တို့ ကွယ်လွန်ပြီးနောက် အမွေခွဲဝေသောအခါ အချင်းဖြစ်မြေတစ်ခုလုံး မထွေးကရရှိခဲ့ကြောင်း၊ မထွေးသည် မြေပေါ်၌ အမွေဆိုင်တစ်ဦးအနေဖြင့် မဟုတ်ဘဲ ပိုင်ရှင်တစ်ဦးအနေဖြင့် နှစ်ပေါင်း ၂၀ ခန့် လက်ရှိနေထိုင်ခဲ့၍ တရားစွဲဆိုရန် ကာလစည်းကမ်းသတ်အချိန်ကျော်လွန်နေပြီဖြစ်ကြောင်း" ခုခံသကဲ့သို့ မထွေးသည် အမွေဆိုင်တစ်ဦးဖြစ်၍ အမွေပုံမြေကို ကျန်အမွေဆိုင်များထံမှ ရှေးဦးစွာဝယ်ယူပိုင်ခွင့်ရှိကြောင်း အဓိကထား၍ထုချေခဲ့ပါသည်။

နယ်ပိုင်တရားမတရားသူကြီးရုံးက နှစ်ဖက်အမှုသည်နှင့် သက်သေများကိုကြားနာပြီးနောက် ဒေါ်တုတ်၏ အမွေပုံပစ္စည်းများကို ခွဲဝေသောအခါ အချင်းဖြစ်မြေကို မထွေးကရရှိခဲ့သည်ဆိုခြင်းမှာ မှန်ကန်ကြောင်း၊ ထို့ကြောင့် အခြားအမွေဆိုင်များသည် အချင်းဖြစ်မြေကို ရောင်းချပိုင်ခွင့်မရှိကြောင်း အဆုံးအဖြတ်ပြုကာ မချိုတီးနှင့်မသိန်းမြတို့စွဲဆိုသောအမှုကို တရားစရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။

ထိုအမိန့်နှင့်ဒီကရီကို မချိုတီးနှင့် မသိန်းမြတို့က မကျေနပ်သဖြင့် ဟင်္သာတခရိုင်တရားရုံးသို့ အယူခံဝင်ရောက်ရာ အမွေပုံပစ္စည်းများကို ခွဲဝေခြင်းမရှိသေး၍ အခင်းဖြစ်မြေကို မထွေးတစ်ဦးတည်း အပိုင်ရခဲ့သည်ဆိုခြင်းမှာ မဟုတ်မမှန်ကြောင်း၊ ထိုမြေပေါ်တွင် မထွေးသည် အမွေဆိုင်တစ်ဦးအနေဖြင့် ပိုင်ဆိုင်နေထိုင်ခဲ့ခြင်းသာဖြစ်၍ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိသေးကြောင်း ကောက်ယူကာ အောက်ရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်လိုက်ပါသည်။ မချိုတီးနှင့်မသိန်းမြတို့အမှုကို နှစ်ရုံးစလုံး တရားစရိတ်များနှင့်တကွ အနိုင်ပေးလိုက်ပါသည်။ မထွေးနှင့် ၎င်း၏ခင်ပွန်းကိုဘဖေတို့က မကျေနပ်၍ တရားရုံးချုပ်သို့ ဒုတိယအယူခံမှု တင်သွင်းခဲ့ပါသည်။



**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဤအမှုတွင် အရေးတကြီးစဉ်းစားရမည့် ပြဿနာမှာတစ်ရပ်သာရှိကြောင်း၊ ထိုပြဿနာမှာ ကွယ်လွန်သူဒူခန်ရမ်းနှင့် ဒေါ်တုတ်တို့၏ အမွေပုံပစ္စည်းများကို အမွေဆိုင်များဖြစ်ကြသည့် ၎င်းတို့၏ သားသမီးများက ခွဲဝေပြီး၊ မပြီး ဆိုခြင်းပင်ဖြစ်သည်။ အကယ်၍ ခွဲဝေပြီး၍ အချင်းဖြစ်မြေကို မထွေးက ရရှိခဲ့ပြီးဖြစ်လျှင် ကျန်အမွေဆိုင်များဖြစ်ကြသည့် မမျှင်၊ မအတင်၊ မောင်ဘအေးနှင့် မအပုတို့တွင် ထိုမြေကို ရောင်းချပိုင်ခွင့်ရှိတော့မည် မဟုတ်သောကြောင့် မချိုတီးနှင့်မသိန်းမြတို့အမှုကို ပယ်ရပေမည်။ အကယ်၍ ခွဲဝေပေးခြင်းမရှိက မထွေး၏ ပိုင်ဆိုင်မှုမှာ အမွေဆိုင်အားလုံးအတွက် ပိုင်ဆိုင်ခြင်းသာဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်ပြီး မချိုတီးနှင့် မသိန်းမြတို့အမှုကို အနိုင်ပေးရမည်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ယခုအမှုတွင် ကွယ်လွန်သူဒူခန်ရမ်းနှင့် ဒေါ်တုတ်တို့၏ အမွေပုံပစ္စည်းများကို ခွဲဝေပြီးဖြစ်သည်ဆိုသော မထွေး၏ထုချေချက်နှင့် ပတ်သက်၍ စာချုပ်စာတမ်းမရှိ နှုတ်ဖြင့် မိသားစုစီမံမှုအရ ပစ္စည်းများကိုခွဲဝေကြသည်ကို ဆိုလိုဟန်လက္ခဏာရှိကြောင်း၊ **မိသားစုစီမံမှုအရ နှုတ်ဖြင့် အမွေပစ္စည်းများကို ခွဲဝေခြင်းသည် ဥပဒေအရ အတည်ဖြစ်ကြောင်း၊ ရမ်ရိုပေါ်နှင့် တူဆီရမ်း(၁) အေတိုင်အာ(ရ်) ၁၉၂၈ ခုနှစ်၊ အာလာဟာဘတ်-၆၄၁ (စုံညီရုံး)မကျော့နှင့် ဒေါ်ကျေးအု အေအိုင်အာ(ရ်) ၁၉၃၃ခုနှစ်၊ ရန်ကုန် စာ-၃၅၅၊ ဦးမြတ်ဖြူနှင့် မစောရှင် ၁၉၄၉ခုနှစ်၊ မြန်မာပြည်စီရင်ထုံး စာ-၄၉၂** (တရားလွှတ်တော်) အမှုများကို တရားရုံးချုပ်က ရည်ညွှန်းခဲ့ပါသည်။

အချင်းဖြစ်မြေကွက်သည် မူလက မထွေး၏ မိဘများဖြစ်ကြသည့် ဒူခန်ရမ်းနှင့်ဒေါ်တုတ်တို့ပိုင်ပစ္စည်းဖြစ်ကြောင်း အငြင်းမထွက်ပေ။ သို့ဖြစ်ရာ ထိုမြေကို မိသားစုစီမံမှုအရ နှုတ်ဖြင့်အမွေခွဲဝေရာ၌ **မိမိတစ်ဦးတည်း ရရှိခဲ့သည်ဆိုသောအချက်ကို ထင်ရှားအောင် ပြသရန်တာဝန်မှာ မထွေးအပေါ်၌ ကျရောက်လျက်ရှိပေသည်။ ၎င်းသို့ ကျရောက်လျက်ရှိသောတာဝန်ကို မထွေးသည် အောက်ရုံး၌ ကျေပွန်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိကြောင်း၊** ၎င်း၏ ရှေ့နေကြီးကလည်း အမွေပစ္စည်းများကို အမွေဆိုင်အချင်းချင်းခွဲဝေကြကြောင်း လုံလောက်သည့် သက်သေအထောက်အထားမရှိကြောင်းကို ရိုးသားစွာဝန်ခံသွားခြင်းကိုလည်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။ မထွေးသည် ၎င်းသို့မခွဲဝေရသေးသည့် အမွေပုံပစ္စည်းအပေါ် လက်ရှိနေထိုင်ခဲ့ခြင်းမှာ အခြားအမွေဆိုင်များ၏ ပိုင်ဆိုင်မှုကိုဆန့်ကျင်၍ နေထိုင်ခဲ့သည်ဟု မဆိုနိုင်ကြောင်း၊ မထွေးသည် အခြားအမွေဆိုင်များ၏ အခွင့်အရေးကို ပေါ်လွင်ထင်ရှားစွာ ဆန့်ကျင်လျက် ပိုင်ဆိုင်ခဲ့သည်ဆိုသော လုံလောက်သည့်သက်သေအထောက်အထားမရှိပေ။ ၎င်းသည် ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ-၁၄၄ အရ အချင်းဖြစ်မြေအပေါ် ဆန့်ကျင်ဘက်ပိုင်ဆိုင်သူတစ်ယောက်ဖြစ်လာခဲ့သည်ဟု မယူဆနိုင်ကြောင်း၊ ၎င်း၏ပိုင်ဆိုင်မှုမှာ အမွေဆိုင်အားလုံးအတွက်ဖြစ်သည်ဟု ကောက်ယူရန်သာရှိကြောင်း **မောင်အောင်ထွန်းနှင့် မောင်စံညွန့်အတွဲ ၅ ရန်ကုန်စီရင်ထုံး စာ - ၅၇၆** ကို တရားရုံးချုပ်က ရည်ညွှန်းခဲ့ပါသည်။

ထို့ပြင် အယူခံတရားလိုတို့၏ ရှေ့နေကြီးက မထွေးသည် အမွေဆိုင်တစ်ဦးဖြစ်၍ အချင်းဖြစ်မြေနှင့်ပတ်သက်သော အခြားအမွေဆိုင်တို့၏ အစုများကို ရှေးဦးစွာ ဝယ်ယူပိုင်ခွင့်ရှိသည်ဆိုသော အချက်ကို ထည့်သွင်းစဉ်းစားပေးရန် တင်ပြသွားသည်။ မိဘဘိုးဘေးတို့၏ပစ္စည်းကို သူစိမ်းတစ်ရံလူလက်ထဲသို့မရောက်စေဘဲ သားစဉ်မြေးဆက်တို့၌သာ အစဉ်တစိုက်ထားရှိနိုင်ရန်အလို့ငှာ မခွဲဝေရသေးသည့် အမွေပုံပစ္စည်းမှ အမွေဆိုင်တစ်ဦးဦး၏ ဝေစုကို အခြားအမွေဆိုင်များက ရှေးဦးစွာ ဝယ်ပိုင်ခွင့်ရှိသည်ဆိုခြင်းကို မငြင်းဆိုနိုင်ကြောင်း တရားရုံးချုပ်က **ရေနံအိုးနှင့် မောင်မြတ်စံအတွဲ ၈ အောက်မြန်မာပြည်စီရင်ထုံး စာ-၄၆၆** ကို ရည်ညွှန်းကိုးကားခဲ့ပါသည်။

အမွေဆိုင်တစ်ဦးသည် မခွဲဝေရသေးသည့် အမွေပုံပစ္စည်းမှ ၎င်း၏ဝေစုကို အခြားအမွေဆိုင်များက ဝယ်ယူရန် ရှေးဦးစွာအခွင့်အရေးမပေးဘဲ သူစိမ်းတစ်ရံလူတစ်ယောက်ယောက်ကို ရောင်းချခဲ့ပါလျှင် အခြားအမွေဆိုင်များက ထိုအရောင်းအဝယ်ကို ကန့်သတ်ထားသည့်အချိန်အတွင်း ပယ်ဖျက်နိုင်ခွင့်ရှိကြောင်း၊ ၎င်းသို့ ပယ်ဖျက်ခြင်းမရှိသေးလျှင် ထိုအရောင်းအဝယ်သည် ခိုင်မာတည်မြဲလျက်ရှိသည်ဟုဆိုရမည်ဖြစ်ကြောင်း တရားရုံးချုပ်က **မောင်ရွှေညွန့်နှင့်မစိုးအတွဲ ၂ အထက်မြန်မာပြည်စီရင်ထုံး (၁၈၉၇-၀၁) ၁၅၅ နှင့် ဆိုမာဝွန်ဒရမ်ချစ်တီးနှင့် ရွှေညွှန့်အတွဲ ၈ အောက်မြန်မာပြည်စီရင်ထုံး ၄၉၇** တို့ကို ရည်ညွှန်းခဲ့ပါသည်။

ယခုအမှုတွင် မထွေးသည် အခြားအမွေဆိုင်များက အချင်းဖြစ်မြေနှင့်ပတ်သက်၍ ၎င်းတို့၏ ဝေစုများကို **အယူခံတရားခံများသို့ ရောင်းချခဲ့သည့် အရောင်းအဝယ်စာချုပ်ကို ပယ်ဖျက်ရန် တရားစွဲဆိုခဲ့ခြင်းမရှိသေးပေ။**

သို့ဖြစ်ရာ အယူခံတရားခံတို့ ကိုးကားခဲ့သော အရောင်းအဝယ်စာချုပ်မှာ ခိုင်မာတည်မြဲလျက်ပင် ရှိနေသည့်အလျောက် အယူခံတရားလိုတို့သည် အယူခံတရားခံတို့စွဲဆိုသောအမှုကို ခုခံခြင်းမပြုနိုင်ပေရာ အထက်ပါအကြောင်းရပ်များကြောင့် ဟင်္သာတခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကိုအတည်ပြုကာ ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်ပါသည်။

**ဦးဘဖေပါ ၆ (အယူခံတရားလို)နှင့် မချိုတီး (ခ) မညွန့်ပါ ၂ (အယူခံတရားခံ) ၁၉၆၅ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ်-၂၃ မြန်မာနိုင်ငံတရားစီရင်ထုံး ၁၉၆၆ ပထမတွဲ စာ-၇၂၇** ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# မင်းဘူးမြို့နယ် ရှူဝံကျေးရွာ၌ ပဉ္စမအကြိမ် VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများပဉ္စမအကြိမ်ထုတ်ချေးခြင်းကိုဩဂုတ်လ ၁၂ရက် နံနက်ပိုင်းကရှူဝံကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ရှူဝံကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိဒေါ်ခင်မာဝင်းက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များထံ ကျေးရွာမတည်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များက ရှူဝံကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ရန်ပုံငွေကျပ် ၂၁၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကိုငွေကျပ် ၈၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၃၀ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသူ၊ အသင်းသား ၁၀၀ ဦးကို ရန်ပုံငွေကျပ် ၃၃၄ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်မာဝင်းထံမှ သိရသည်။

**ဇင်မာ**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းငွေက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လက ငရုတ်သီးခြောက် ပိဿာချိန် ၅၅၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ငရုတ်သီးခြောက် ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက် ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၇၉၀၀၀ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်အတွင်း ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငရုတ်သီးခြောက် ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ပန်းတနော်မြို့နယ်ကထွက်တဲ့ ဒေသထွက် ငရုတ်သီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးခြောက်က အရည်အသွေးကောင်းတော့ ကုန်ပစ္စည်းမှာယူမှုကလဲ များပြားနေပါတယ်။ လက်ရှိ ငရုတ်သီးခြောက်ဈေးက ၁၀ ပိဿာကို ငွေကျပ် ၇၉၀၀၀ ပေါက်ဈေးရှိနေပါတယ်"ဟု ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းငွေက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိလာသော ငရုတ်သီးခြောက်များသည် အရည်အသွေးကောင်းမွန်ကြောင်း၊ ထိုသို့ ငရုတ်သီးခြောက်များတင်ပို့ရောင်းချရမှု များပြားလာခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြို့ပင်ကောက်မြို့နယ် ကျုခတ္တန်းလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု စစ်ဆေး

**ကြို့ပင်ကောက် ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုခတ္တန်းလေး ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်နှင့် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများနှင့်အတူ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျုခတ္တန်းလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေ နှစ်ပေ၊ မြေနီကျောက်စရစ် ကိုးလက်မခင်းခြင်းနှင့် Slab Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၈ ဒသမ ၅၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ထူးခနကုမ္ပဏီမှ ဇူလိုင်လပထမပတ်မှစ၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်း ဖောက်လုပ်ပြီးစီးပါက ကျုခတ္တန်းလေးကျေးရွာရှိ အိမ်ခြေ ၁၉၄ အိမ်၊ လူဦးရေ ၇၈၂ ဦးတို့၏ စိုက်ပျိုးမြေဧက ၂၀၀ ကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်ထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၃၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက် ပျိုးရာသီ၌ ဖူးစားပြောင်း ၅၃၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၆၄၉၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဖူးစားပြောင်း ၆၄၉၆ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၅၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထား ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဖူးစားပြောင်းစိုက်ပျိုးရာတွင် ဖူးစားပြောင်းတစ်ဧကလျှင် အဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းခန့်ကုန်ကျကြောင်း သိရသည်။ (၂၀၆)



# ဘားအံမြို့နယ် ဒုံသို့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ဘားအံ ဩဂုတ် ၁၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒုံသို့ ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူးဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒုံသို့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူကိုးဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၃၃၀ ကို ထုတ်ချေးပေးထားကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# မကွေးမြို့နယ် ဝက်သိုက်-နတ်ကန်လမ်း၌ ရေကျော်တည်ဆောက်နေမှု စစ်ဆေး

**မကွေး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဝက်သိုက်-နတ်ကန် လမ်းပေါ်၌ ရေကျော်တည်ဆောက်နေမှုအခြေအနေများကိုဩဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးမျိုးအောင်၊ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းငွေ၊ မကွေးမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဝက်သိုက်-နတ်ကန်လမ်းပေါ်၌ အရှည်ပေ ၄၀၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ ရေကျော်တည်ဆောက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေး ကြပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး သတ်မှတ် စံချိန်စံညွှန်းများနှင့် အညီ အချိန်မီပြီးစီးရေး အလေး ထားဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ ကြောင်းသိရသည်။

မကွေးမြို့နယ် ဝက်သိုက်-နတ်ကန်လမ်းပေါ်၌ ရေကျော် တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ သန်း အသုံးပြုပြီး ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဇွန် ၂၅ ရက်က စတင် အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း၊ အဆိုပါရေကျော်တည် ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်း ပြည့်ပြီးစီးပါက လယ်ယာစိုက်ပျိုး မြေဧက ၅၀၀ မှထွက်ရှိသည့် စိုက် ပျိုးသီးနှံများ ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီး မှူး ဦးကျော်ဆန်းငွေက ပြောပြ၍ သိရသည်။

**ကိုညို**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ရေထုညစ်ညမ်းမှုနှင့် ကျန်းမာရေးကဏ္ဍ

အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းခြေတွင် ပစိဖိတ်သမုဒ္ဒရာကို မေးတင်ထားသည့် စန်ဒီယာဂိုမြို့ကြီးတည်ရှိသည်။ မြောက်ဘက်တွင် နာမည်ကျော် လော့စ်အင်ဂျလိစ်မြို့၊ တောင်ဘက်တွင် မက္ကဆီကိုနိုင်ငံနှင့်ထိစပ်နေသည့် နယ်စပ်ရှိသည်။ ထိုနယ်စပ်အနီးတွင် တီဂျူယာနာ(Tijuana) မြစ်ရှိသည်။ နေ့စဉ်လိုလိုပင် ဂါလန်ပေါင်း သန်းနှင့်ချီသော အညစ်အကြေးစွန့်ရေဆိုးများသည် အမေရိကန်-မက္ကဆီကိုနယ်စပ်ရှိ တူးမြောင်းကြီးများမှ တစ်ဆင့် တီဂျူယာနာမြစ်ဆီသို့ စီးဝင်ကြသည်။ တီဂျူယာနာမြစ်မှာ ရေဆိုးသန့်စင်စက်ရုံများရှိသော်လည်း မနိုင်တော့ပေ။ ထို့ကြောင့် နေ့စဉ်နှင့်အမျှ စွန့်ပစ်အညစ်အကြေးများဖြင့် ပြည့်လျှံနေသည့် ရေဆိုးများသည် တီဂျူယာနာမြစ်ဝမှတစ်ဆင့် စန်ဒီယာဂိုတောင်ဘက်ကမ်းခြေကိုဖြတ်သန်းပြီး ပစိဖိတ်သမုဒ္ဒရာထဲသို့ စီးဝင်သွားကြလေသည်။

၂၀၂၃ ခုနှစ် ဇွန် ၂၇ ရက်တွင် စန်ဒီယာဂိုမြို့ အကြံပေးပညာရှင်များဘုတ်အဖွဲ့က ဆယ်စုနှစ်များစွာကြာမြင့်ခဲ့ပြီဖြစ်သည့် ရေဆိုးပြဿနာမှာ အခြေအနေအလွန်ဆိုးရွားလာပြီး ဒေသဆိုင်ရာအရေးပေါ်အခြေအနေဖြစ်နေပြီဟု ထုတ်ပြန်ကြေညာခဲ့သည်။ စန်ဒီယာဂိုမြို့ပြရေိယာ အလယ်ပိုင်းနှင့် မြောက်ပိုင်းကမ်းခြေများမှာ အခြေအနေသိပ်မဆိုးသေးပေ။ တောင်ဘက်ပိုင်းကမ်းခြေကတော့ ရေထုညစ်ညမ်းမှုကြောင့် ပိတ်ထားရသည်။ ကမ်းခြေကိုပိတ်ထားသည့်တိုင် ဒေသခံများအတွက် ညစ်ညမ်းနေသည့်တီဂျူယာနာမြစ်မှအနံ့ဆိုးများ၊ ပင်လယ်ပြင်မှတိုက်ခတ်လာသည့်အနံ့ဆိုးများပါသောလေကို ရှူရှိုက်နေရသည်။

အမေရိကန်ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်နှင့် ရေထုကော်မရှင်က အမေရိကန်-မက္ကဆီကိုနယ်စပ်ကိုဖြတ်ကျော်ပြီး ပစိဖိတ်သမုဒ္ဒရာအတွင်းစီးဝင်နေသည့် ညစ်ညမ်းရေဆိုးပမာဏကို စောင့်ကြည့်လေ့လာနေခဲ့သည်။ စန်ဒီယာဂိုပတ်ဝန်းကျင် ကျန်းမာရေးနှင့် အရည်အသွေးကြပ်မတ်ရေးဌာနက ပစိဖိတ်သမုဒ္ဒရာအတွင်း စီးဝင်နေသည့် ရေထဲ၌ မစင်များ၊ အညစ်အကြေးများပါဝင်နေပြီး ၎င်းတွင်ပါဝင်နေသော Enterococcus ပိုးကို PCR နည်းပညာဖြင့် တိုင်းတာစောင့်ကြည့်နေသည်။ ထိုစစ်ဆေးချက်အရ စန်ဒီယာဂိုတောင်ဘက်ကမ်းခြေ သမုဒ္ဒရာရေများထဲတွင် ရှိသင့်သည်ထက် အဆ ၁၀၀ ပိုများနေသည့် မစင်ဗက်တီးရီးယားပိုး Enterococcus များပါဝင်နေကြောင်း သိရသည်။

ထို့မျှမက ၎င်းရေဆိုးများထဲတွင် အကြီးစားသတ္တုများ၊ မိုက်ခရိုပလတ်စတစ်များ၊ အင်းဆက်ပိုးသတ်ဆေးများ၊ ဆေးရုံဆေးခန်း စွန့်ပစ်ပစ္စည်းများ၊ အမှိုက်မျိုးစုံနှင့် အခြားဓာတုပစ္စည်းမျိုးစုံ ပါဝင်နေသေးသည်။ အဆိုပါအညစ်အကြေးများက စန်ဒီယာဂိုဒေသခံ လူထုနှင့် ရေစုန်၊ လေစုန်ပိုင်းမှ ဒေသခံများ၏ ကျန်းမာရေးနှင့်ဂေဟစနစ်ကို မည်မျှထိခိုက်စေနိုင်ကြောင်း တိတိပပမပြောနိုင်သေးပေ။ လက်ရှိအချိန်တွင် ဒေသခံပြည်သူတချို့မှာ အရေပြားယားယံခြင်း၊ ခေါင်းကိုက်ခြင်း၊ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများနှင့် တွေ့ကြုံနေကြရသည်။

စန်ဒီယာဂိုရေထုညစ်ညမ်းမှုဖြစ်စဉ်သည် နာတာရှည်ရောဂါဆိုးကြီးတစ်ခုပင်ဖြစ်သည်။ သို့သော် ရေဆိုးသန့်စင်သည့်လုပ်ငန်းသည် မနိုင်ဝန်ဖြစ်နေကာ ရေအရည်အသွေးကျဆင်းခြင်းမှာ အမေရိကန်ပြည်ထောင်စုအတွင်း ရှားပါးဖြစ်ရပ်တော့မဟုတ်ချေ။ စန်ဒီယာဂိုလိုနေရာများ နိုင်ငံအတွင်း၌ အများကြီးရှိနေသည်။

၂၀၂၂ ခုနှစ် အမေရိကတိုက် အခြေခံရင်းမြစ်များဆိုင်ရာအစီရင်ခံစာတွင် အမေရိကန် မြို့ပြအင်ဂျင်နီယာများအသင်းကတင်ပြထားသည်မှာ အမေရိကန်ပြည်ထောင်စု၏ ရေဆိုးသန့်စင်စက်ရုံများ၏ ၁၅ ရာခိုင်နှုန်းမှာ ၎င်းတို့လုပ်ဆောင်နိုင်သည့် ပမာဏထက် ကျော်လွန်လုပ်ဆောင်နေရသည်ဟု အသိပေးခဲ့သည်။

မသန့်စင်လိုက်ရသည့်ရေများ ဂေဟစနစ်အတွင်း ဝင်ရောက်လာသည့်အခါ ကူးစက်ရောဂါပိုးများ တစ်ပါတည်းပါရှိလာတတ်သည်။ ထိုရေဆိုးများကို တစ်နည်းနည်းဖြင့် ဒေသခံများက သောက်သုံးမိသည့်အခါ ဝမ်းပျက်ဝမ်းလျှောအစရှိသည့် အစာအိမ်၊ အူလမ်းကြောင်းဆိုင်ရာရောဂါများ ခံစားရတတ်သည်။ အချို့သောပိုးမွှားများမှာ ပဋိဇီဝဆေးယဉ်ပါးမှု ပြဿနာကိုပါ ယူဆောင်လာတတ်ကြသည်။ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ပြုလုပ်ထားသည့် သုတေသနတစ်ခုတွင် ဒေသခံများသောက်သုံးနေသည့် ရေအတွင်း NDM-1 အမည်ရ ဆေးယဉ်ပါး ဗက်တီးရီးယားတစ်မျိုးပါရှိနေကြောင်း ဖော်ပြထားသည်။ ရေဆိုးများကို စနစ်တကျမကိုင်တွယ်နိုင်သည့်အခါ မစင်မှပါးစပ်(Fecal-Oral)လမ်းကြောင်းဖြင့် ကူးစက်ရောဂါများ ဝင်ရောက်လာနိုင်သည်။ ထိုသို့ဝင်ရောက်လာသည့် ဗက်တီးရီးယားပိုးများမှာ ပဋိဇီဝဆေးမျိုးစုံကို ယဉ်ပါးနေသည့် ပိုးမွှားများဖြစ်နေတတ်သည်။

❖ ကမ္ဘာ့ရေထုလွှာအတွင်းမှ စွန့်ပစ်ရေ၊ သမုဒ္ဒရာရေနှင့် မြစ်ချောင်းများရှိ ရေများတွင် ပလတ်စတစ်များပါဝင်နေခြင်းက သက်ရှိအားလုံးအတွက် ခြောက်လှန့်မှုတစ်ခုဖြစ်သည်။ ကမ္ဘာပေါ်၌ တစ်နှစ်လျှင် ပလတ်စတစ်အသုံးအဆောင်ပစ္စည်း တန်ချိန် သန်းပေါင်း ၄၀၀ ခန့်ထုတ်လုပ်နေပြီး အဓိကအားဖြင့် တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြစ်သည်။ ပလတ်စတစ်သည် လူ့ကျန်းမာရေးအတွက် ဆိုးကျိုးများဖြစ်ပေါ်စေနိုင်သည်။ ❖

စက်မှုလုပ်ငန်း အလွန်ထွန်းကားလာခဲ့သည့် ၂၁ ရာစု ကမ္ဘာကြီးတွင် သတ္တုမျိုးစုံ၊ အမှိုက်မျိုးစုံ၊ အင်းဆက်သတ်ဆေးမျိုးစုံ၊ စွန့်ပစ်ဆေးဝါးပစ္စည်းမျိုးစုံနှင့် ဓာတုပစ္စည်းမျိုးစုံတို့ပါဝင်နေသည့် ရေအရည်အသွေးမှာ အတော့်ကို နိမ့်ကျသွားသည်။ ဥပမာ-ပင်လယ်စာ အစားအသောက်များထဲတွင် အာရုံကြော အဆိပ်အတောက်ဖြစ်စေနိုင်သည့် မာကျူရီပါဝင်နေသည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ကမ္ဘာ့မြေပတ်ဝန်းကျင်မှ မာကျူရီပမာဏမှာ ပိုမိုများပြားလာသည်။ အဓိကအားဖြင့် ကျောက်မီးသွေးတွင်းနှင့် သတ္တုမိုင်းလုပ်ငန်းများကြောင့် မာကျူရီများထွက်လာသည်။

ကမ္ဘာ့ရေထုလွှာအတွင်းမှ စွန့်ပစ်ရေ၊ သမုဒ္ဒရာရေနှင့် မြစ်ချောင်းများရှိရေများတွင် ပလတ်စတစ်များပါဝင်နေခြင်းက သက်ရှိအားလုံးအတွက် ခြောက်လှန့်မှုတစ်ခုဖြစ်သည်။ ကမ္ဘာပေါ်၌ တစ်နှစ်လျှင် ပလတ်စတစ်အသုံးအဆောင်ပစ္စည်း တန်ချိန် သန်းပေါင်း ၄၀၀ ခန့်ထုတ်လုပ်နေပြီး အဓိကအားဖြင့် တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြစ်သည်။ ပလတ်စတစ်သည် လူ့ကျန်းမာရေးအတွက် ဆိုးကျိုးများဖြစ်ပေါ်စေနိုင်သည်။ ပလတ်စတစ်ကုန်ကြမ်း ထုတ်လုပ်သည့်လုပ်ငန်းများ၊ ပလတ်စတစ်ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းများနှင့် Recycle လုပ်ငန်းများမှ လုပ်သားများတွင် ကင်ဆာရောဂါအပါအဝင် နှလုံးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ပိုမိုဖြစ်ပွားနေကြောင်း အထောက်အထားများ တွေ့ရှိလာရသည်။

ပလတ်စတစ်ကို ဖျက်ဆီးပစ်၍မရပါ။ ပလတ်စတစ်ကိုဖြိုခွဲလိုက်သည့်အခါ မိုက်ခရိုပလတ်စတစ်နှင့် နာနိုပလတ်စတစ်အမည်ရသည့် သေးငယ်သော ပလတ်စတစ်အမှုန်များအဖြစ် ပြိုကွဲသွားသည်။ ၎င်းမိုက်ခရိုနှင့် နာနိုပလတ်စတစ်များသည် ပင်လယ်သမုဒ္ဒရာများ၊ မြစ်များ၊ မြေထု၊ လေထုနှင့် သောက်သုံးရေများတွင် ပျော်ဝင်နေသည်။ ကုန်းနေ၊ ရေနေသတ္တဝါများနှင့် လူသားတို့၏အသွေးအသားများတွင်လည်း ပလတ်စတစ်မျိုးစုံကိုတွေ့နေရပါပြီ။ ယုတ်စွအဆုံး မိခင်နို့ရည်တွင်လည်း ပလတ်စတစ်များပါဝင်နေပြီဖြစ်သည်။ ပလတ်စတစ်သည် လူ့ကျန်းမာရေးအတွက် ဆိုးကျိုးများဖြစ်စေသည်ကို သုတေသနများဖြင့် သက်သေထူနိုင်ခဲ့ပြီးဖြစ်သည်။ မိုက်ခရိုပလတ်စတစ်နှင့်စပ်လျဉ်း၍ လူ့ကျန်းမာရေးအပေါ် သက်ရောက်မှုများကို သုတေသနပြုလုပ်မှုနည်းပါးနေသေးသည်။ သေချာသည့်အချက်ကတော့ မိုက်ခရိုပလတ်စတစ်သည် အန္တရာယ်ရှိသည့်ဓာတုပစ္စည်းများကို လက်ခံထားနိုင်သလို ဗက်တီးရီးယားပိုးမွှားများရှင်သန်ရပ်တည်နိုင်ရန် နေရာပေးထားနိုင်သည်။ ထို့ကြောင့် မိုက်ခရိုပလတ်စတစ်များ နှာခေါင်းနှင့် ပါးစပ်တို့မှတစ်ဆင့် ကိုယ်ခန္ဓာအတွင်း ဝင်ရောက်လာပါက ကူးစက်ရောဂါများပါ ဝင်လာနိုင်သည့် အန္တရာယ်ရှိနိုင်သည်။

အမေရိကန်တို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ရာစက်မှုလုပ်ငန်းကြီးအနေဖြင့် တစ်ခါသုံးပလတ်စတစ်ပစ္စည်းများကို ထုတ်လုပ်ပေးနေသည်မှာ တစ်ရက်လျှင် တန် ၃၅၀၀ ခန့်ရှိမည်ဟု ခန့်မှန်းသည်။ ဆေးရုံများတွင် အသုံးပြုနေသည့် တစ်ခါသုံးပလတ်စတစ်ပစ္စည်းများမှာ အကြောတွင်းထိုးသည့်ပိုက်နှင့် အကြောဆေးထည့်အိတ်များ၊ တစ်ခါသုံး တစ်ကိုယ်ရေကာကွယ်ရေးဝတ်ရုံများနှင့် တစ်ခါသုံး ခွဲစိတ်ခန်းပစ္စည်းများဖြစ်သည်။ ဆေးရုံဆေးခန်းများမှစွန့်ပစ်နေသည့် ပလတ်စတစ်ပစ္စည်းများက သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေနိုင်သလို လူနာများအတွက်လည်း ဘေးအန္တရာယ်ဖြစ်စေနိုင်သည်။ ဥပမာပြရလျှင် အကြောတွင်းထိုးရသည့် အားဆေးပုလင်းများနှင့် ဆေးထိုးပိုက်များကို PVC အမျိုးအစား ပလတ်စတစ်ဖြင့်ပြုလုပ်ထားသည်။ PVC ပလတ်စတစ်က မာကျောသဖြင့် ဆေးရည်များထည့်ထားနိုင်သည်။ အကြမ်းခံသည်။ တစ်ဖက်ကလည်း မာကျောသည့် PVC ပလတ်စတစ်ကို လိုချင်သည့်ပုံစံသွင်းနိုင်ရန် DEHP အမည်ရ ပလတ်စတစ်ပျော့ဆေး၊ ဓာတုပစ္စည်းတစ်မျိုးကို သုံးရသည်။

DEHP က ပလတ်စတစ်ဆေးဗူးထဲက အရည်များထဲ ပျော်ဝင်သွားသည်။ ထိုအခါ DEHP တွင်ပါသည့် Phthalates များက ဆေးရည်များနှင့်အတူ လူ့ခန္ဓာကိုယ်ထဲသို့ဝင်ရောက်သွားသည်။ Phthalates များက လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ အထူးသဖြင့် သန္ဓေသားလောင်းများနှင့် မွေးကင်းစကလေးငယ်များကို ဒုက္ခပေးနိုင်သည်။ PVC ပလတ်စတစ်၏ အဓိက ကုန်ကြမ်းက Vinyl Chloride ဖြစ်သည်။ အဆိုပါဓာတုပစ္စည်းအကြောင်းကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်းက အမေရိကန်ပြည်ထောင်စု အိုဟိုင်းရိုးပြည်နယ်အတွင်း မီးရထားလမ်းချော်မှုတွင် သိခွင့်ရခဲ့ကြသည်။ မီးရထားလမ်းချော်မှုကြောင့် Vinyl Chloride ဓာတုပစ္စည်းများသယ်ဆောင်လာသည့်တွဲဆိုင်းများ တိမ်းမှောက်သွားသည်။ နောက်တစ်ပတ်တွင် မီးရထားလမ်းဘေးပတ်လည်အနီးအနားက အိမ်မွေးတိရစ္ဆာန်များ အတော်များများ သေဆုံးကုန်ကြသည်။ Vinly Chloride က တော်တော်နှင့်မပျောက်ပျက်သွားဘဲ မြေကြီးထဲစိမ့်ဝင်လိုက်သည်မှာမြေအောက် ရေထဲ Vinly Chloride က ရောက်သွားပြီး သောက်သုံးရေထဲထိ ပါဝင်လာသည်။

အထက်ပါဖြစ်စဉ်များက ပလတ်စတစ်ပြဿနာကို သေချာကိုင်တွယ်ရန် လိုအပ်နေပြီဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်သကဲ့သို့ဖြစ်သည်။ ဆေးတက္ကသိုလ်များတွင် ပလတ်စတစ်ပစ္စည်းများနှင့် ကျန်းမာရေးထိခိုက်မှုများအကြောင်း သင်ခန်းစာအချိန်များ ထည့်သွင်းသင်ကြားပေးရန်လိုအပ်သည်။ ဆေးရုံဆေးခန်းများမှ ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများကိုလည်း လူနာများအတွက်ရော မိမိတို့အတွက်ပါ ကျန်းမာရေးလုပ်ငန်းသုံး ပလတ်စတစ်တစ်ခါသုံးပစ္စည်းများကို စနစ်တကျကိုင်တွယ်စွန့်ပစ်တတ်စေရန် အသိပညာပေးကြရပါမည်။

ဆရာဝန်များအတွက် မိမိတို့လုပ်ငန်းခွင်တွင် သာမက သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေနိုင်မှုအတွက်ပါ ပလတ်စတစ်၏ အာနိသင်ရှိပုံကိုလေ့လာထားကြသင့်သည်။ တစ်ခါသုံးပစ္စည်းများနေရာ၌ ပြန်လည်သန့်စင်သုံးစွဲနိုင်သည့်ပစ္စည်းများနှင့် အစားထိုးပြီးသုံးစွဲကြရန်လိုအပ်သည်။ ကျန်းမာရေးစနစ်ဆိုင်ရာ မူဝါဒရေးဆွဲသူများကိုလည်း တတ်ကျွမ်းသူ ကျန်းမာရေးပညာရှင်များက ပလတ်စတစ်နှင့်ပတ်သက်ပြီး အကြံဉာဏ်ပေးကြရန် လိုအပ်သည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးရုံ၊ ဆေးခန်းနံရံများကိုကျော်လွန်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအကြံပြုချက်များ ဖြန့်ဝေပေးခြင်းဖြင့် လူသားအားလုံး၏ကျန်းမာရေးကို စောင့်ရှောက်နိုင်ကြရန် ကြိုးစားကြရပါမည်။

နိဂုံးချုပ်အားဖြင့် လူဦးရေ သန်း ၈၀၀၀ ရှိနေပြီဖြစ်သော ကမ္ဘာကြီးတွင် ကမ္ဘာ့မြေထု၊ ရေထုနှင့် လေထုကျန်းမာနေပါမှ လူသားများလည်း ကျန်းမာမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့် တစ်ခါသုံးပလစ်စတစ်အိမ်သုံးပစ္စည်း၊ ကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းနှင့်စက်မှုလုပ်ငန်းသုံးပစ္စည်းများအားလုံးကို စနစ်တကျထိန်းချုပ်သုံးစွဲကြရန် လိုအပ်နေပြီဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ နေ့စဉ်ထိတွေ့နေရသည့် တစ်ခါသုံးပလတ်စတစ် အခြေခံကျန်းမာရေးပစ္စည်းများ၏အန္တရာယ်ကို သိရှိနားလည်ပြီး မိမိနှင့်လူနာများ ကျန်းမာစေရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

**ကိုးကား**

- **Downstream — Water Pollution, Health, and Medicine's Duty to Engage by Shira R. Abeles, M.D.**

**ဒေါက်တာလွှမ်းမိုးဟန်**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့ (သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများ ကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ထူးခြားသည့် နေ့အပူချိန်များ (၁၄-၈-၂၀၂၄)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ခန္တီး | ၃၇ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | | ကလေး | ၃၅ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် | |
| မြစ်ကြီးနား | ၃၆ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | | ကလေးဝ | ၃၅ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် | |
| မချမ်းဘော | ၃၆ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | | ရွှေဘို | ၃၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | |
| ပူတာအို | ၃၆ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် | | ရေဦး | ၃၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | |
| မော်လိုက် | ၃၅ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် | | ညောင်ဦး | ၃၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | |

## ကိုဗစ် - ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့် ကုမ္ပဏီ၊ လုပ်ငန်းများ ချေးငွေ အရင်းနှင့် အတိုးများ အမြန်ဆုံးပြန်လည်ပေးဆပ်ရန် အသိပေးကြေညာ

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်းတစ်နှစ်(အတိုးနှုန်း တစ်ရာခိုင်နှုန်း)ဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း သုံးနှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ၊ လုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်ထိ ချေးငွေအရင်းနှင့် အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ် ဇွန် ၆ ရက်တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေပေးဆပ်ပြီးသူများကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်- ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာပေးသွင်းထားသည့်ကုမ္ပဏီ၊လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံးပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်းလုံးဝမပေးဆပ်သည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်း အရအရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**







## ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥယျာဉ်ကျေးရွာနေ မောင်ကျော်သူအောင်(ဘ) ဦးလှထွန်း (၉/တကန(နိုင်)၁၅၇၈၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-881430) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၆၉၄၀၉၂၇

## ပျောက်ဆုံးကြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အကွက် (၂၇၆)နေ မောင်အောင်ခိုင်မိုး (ဘ) ဦးစံမောင် (၉/မဟမ(နိုင်)၀၀၀၆၃၂) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၁၉၆၂၀၆၂

## မိုဟမ္မဒ်ယူနွတ် (ခ) ဦးမောင်မောင်လေး

## အသက် (၇၅)နှစ်

မန္တလေးမြို့နေ (ဦးရီစွတ်-ဒေါ်ရာမတ်ဘီ)တို့၏သား၊
ဦးမောင်မောင်ထွေး၏အစ်ကို၊
မတ္တရာမြို့၊ အမှတ်(၂) ဘုရင့်နောင်ရပ်ကွက်နေ
ဦးစိုင်းမြတ်နိုင်-ဒေါ်ဝါလွင်၊ ဦးယုတင် တို့၏ဖခင်
ဒေါ်စုစုထွေး ၏ချစ်လှစွာသောခင်ပွန်း
**မိုဟမ္မဒ်ယူနွတ် (ခ) ဦးမောင်မောင်လေး**
**အသက် (၇၅) နှစ်**

သည် (၁၂-၈-၂၀၂၄) (တနင်္လာနေ့) နံနက် (၅:၀၀)နာရီအချိန်တွင် အလ္လာအသျှင်မြတ်၏အမိန့်တော်ခံယူသွားပါသဖြင့် (၁၂-၈-၂၀၂၄) (တနင်္လာနေ့) နံနက် (၁၁:၀၀)နာရီအချိန်တွင် တောင်ဘလူဗလီမှ အေးရိပ်ငြိမ် မွတ်စလင်(မ်)ကဘာရ်စတန်ဥယျာဉ်တော်သို့ ပို့ဆောင်ဒဖွာနာပြီးစီးပြီဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# စာအုပ်စာပေ လှူမိတ်ဆွေ

## ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအထောက်အကူပြု ပုံမှန်သင်တန်းဖြစ်သည့် ရွှေချည်ထိုး၊ ငွေချည်ထိုး (၃)လသင်တန်းကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့်ပြည့်စုံရမည်-

- အခြေခံပညာမူလတန်း အောင်မြင်ပြီး (၁၆)နှစ်မှ (၂၈)နှစ်အတွင်း ဖြစ်ရမည်။
- အမျိုးသမီးများကို ဦးစားပေးမည်။

၃။ လျှောက်ထားလိုသူများသည် အောက်ပါလိပ်စာတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ (အမရပူရမြို့)

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၂-၄၀၅၉၉၆၄၊ ၀၂-၄၀၇၀၄၂၈၊ ၀၉-၄၂၈၃၂၀၂၃၅၊ ၀၉-၄၀၂၅၇၃၉၁၈၊ ၀၉-၄၂၀၇၁၂၈၃၁

E-mail - **mmsaunder@gmail.com**

၄။ သင်တန်းအတွက် ရေ၊ မီး အပြည့်အစုံ အဆောင် **(အခမဲ့)** နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး ပညာသင်ထောက်ပံ့ကြေးတစ်ဦးလျှင် တစ်လ ၃၀၀၀၀/-ကျပ် ချီးမြှင့်ပါမည်။

၅။ ရွှေချည်ထိုး၊ ငွေချည်ထိုးပညာရပ်အား အမှန်တကယ်စိတ်ဝင်စားပြီး သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများအား အသက်ကန့်သတ်ချက်လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့)မြေမြှုပ်ခြင်းများပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊

(စ) သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စု၏ အင်အားသည် ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးတို့၏ ပေါင်းစည်းအားပင်ဖြစ်ပါသည်။ ထိုပေါင်းစည်းအားသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုပေါ်တွင် တည်မှီနေပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဒုတိယနေ့တွင် ပုလဲအတွဲ ၁၇၇ တွဲ ရောင်းချရ



နေပြည်တော် ဩဂုတ် ၁၃

၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် တင်ဒါအမှတ်(၁) ဖြစ်သည့် ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ်(၁၁၅)ထိနှင့် တင်ဒါအမှတ်(၂)ဖြစ်သည့် ပုလဲအတွဲအမှတ်(၁၁၆)မှ ပုလဲအတွဲအမှတ်(၂၃၀)ထိကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြကာ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက်

စာမျက်နှာ ၂၀ ကော်လံ ၄ ☆

**ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း**

စာမျက်နှာ- ၁၇

**စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ငွေကျပ် ၁ ဒသမ ၄၃ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၁၅ သိန်း ဖမ်းဆီးရမိ**

စာမျက်နှာ- ၂၁

**နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို သတ်ဖြတ်ကာ လက်ကိုင်ဖုန်း လေးလုံးနှင့် မော်တော်ယာဉ် တစ်စီး လုယက်ယူဆောင်ခဲ့သူ တရားခံနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ- ၂၂

